# ပြည်ခိုင်ဖြိုး

– သို့မဟုတ် –

# စစ်အာဏာရှင်စနစ်၏ ဒေါက်တိုင်များ

**စာအုပ်အမည်**
ပြည်ခိုင်ဖြိုး သို့မဟုတ် စစ်အာဏာရှင်စနစ်၏ ဒေါက်တိုင်များ

**ထုတ်ဝေသည့်ခုနှစ်၊လ**
၂၀၀၈ ခုနှစ်၊ မတ်လ

**အုပ်ရေ**
၅၀၀၊ ပထမအကြိမ်

**စာအုပ်ဒီဇိုင်း၊အပြင်အဆင်**
NDD-DRD

**ရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိ**

သုတေသနနှင့်မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု

**ဆက်သွယ်ရန်လိပ်စာ**
NDD-DRD
P.O Box 179
Mae Sot, Tak
63110, Thailand
ndddrd07@csloxinfo.com

## မာတိကာ


| မာတိကာ | စာမျက်နှာ |
|---|---|
| **အမှာစာ** | |
| **နိဒါန်း** | ၇ |
| **အခန်း(၁)။** | ၉ |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖွဲ့စည်းပုံ။ | ၉ |
| **အခန်း(၂)။** | ၁၂ |
| အသင်းသားသစ် တိုးချဲ့စုဆောင်းခြင်းနည်းဗျူဟာများနှင့် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးအပါအဝင် အခြားကဏ္ဍများတွင် အသွင်အမျိုးမျိုးဖြင့် ဝင်ရောက် စွက်ဖက်လာခြင်း။ | ၁၂ |
| *–ပညာရေးကဏ္ဍ* | ၁၅ |
| *–စီးပွားရေးကဏ္ဍ* | ၁၆ |
| *–အစိုးရဌာနများ* | ၂၀ |
| *–အဝိုက်အခံအင်အားစုများ* | ၂၀ |
| **အခန်း(၃)။** | ၂၆ |
| ပြည်တွင်းလူမှုအဖွဲ့အစည်းများအား အသွင်အမျိုးမျိုးဖြင့် ထိန်းချုပ်လာခြင်း။ | ၂၆ |
| *–ပြည်သူ့အကျိုးတော်ဆောင်* | ၂၈ |
| *–မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာအေဂျင်စီများ* | ၃၃ |
| *–အတုအယောင် လူထုထောက်ခံပွဲများ၊ လူစုလူဝေးပွဲများနှင့် ဆန့်ကျင်ရှုတ်ချပွဲများ* | ၃၅ |
| *–အကျင့်ပျက်လာဘ်စားမှုများ* | ၄၄ |
| **အခန်း(၄)။** | ၄၇ |
| ပြည်ခိုင်ဖြိုးအသင်း၏ နိုင်ငံရေးအကြမ်းဖက်မှုများ။ | ၄၇ |
| *–စွမ်းအားရှင်များ* | ၄၉ |
| *–ပြည်သူ့စစ်များ၊ လုံခြုံရေးတပ်ဖွဲ့များ* | ၅၁ |
| *–ထောက်လှမ်းရေးနှင့် သတင်းပေးများ* | ၅၅ |
| *–လူသားမဆန်စွာ အကြမ်းဖက်ရိုက်နှက်မှုများ* | ၅၈ |
| *–ဘာသာရေးပဋိပက္ခများ ပေါ်ပေါက်လာအောင်* | |

*ဖန်တီးလုပ်ဆောင်ခြင်း* ၆၃
*–ရွှေဝါရောင်တော်လှန်ရေး* ၆၄
*–လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ လုပ်ရှားမှုများ*
*တွင် ဟန့်တားနှောက်ယှက်မှုများ* ၆၈
*–ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ချုပ်၏ စည်းရုံးရေးခရီးစဉ်အတွင်း*
*ဟန့်တားနှောက်ယှက်မှုများ* ၇၀

**အခန်း(၅)။** ၇၈
ပြည်ခိုင်ဖြိုးအသင်း၏ အနာဂတ် နိုင်ငံရေးစီမံချက်များ။ ၇၈
*–နိုင်ငံရေးအပြင်အဆင်* ၇၈
*–ပြည်ခိုင်ဖြိုးနှင့် နိုင်ငံတကာအခြေအနေ* ၈၀
*–အမျိုးသားညီလာခံ* ၈၁

## အမှာစာ

နဝတစစ်အစိုးရက ၁၉၉၀ မေလ အထွေထွေရွေးကောက်ပွဲ၏ရလာဒ်ကို လစ်လျူရှုကျော်ခိုင်းခဲ့အပြီး ၁၉၉၃ ခုနှစ်၊ စက်တဘ်ာ(၁၅)ရက်နေ့တွင် ပြည်ခိုင်ဖြိုး ခေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို စတင်ဖွဲ့စည်းထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။ အမျိုးသားရေးအသင်းကြီးအဖြစ်နှင့် ပွဲထုတ်ထားသော်လည်း ထိုအသင်းကြီး၏ ဗဟိုနာယကအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အားလုံးမှာ အာဏာသိမ်း စစ်ဗိုလ်ချုပ်များဖြစ်ကြောင်း တွေ့ရှိရသည်။

ပြည်ခိုင်ဖြိုးအသင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစွန့်ရှည်ကြာစွာ တည်တန့်ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် ကာကွယ်စောင့်ရှောက်ရန် အဓိဌာန်ပြုလျှက် ဖွဲ့စည်းထူထောင်ထားသည်ဟု ဆိုသော်လည်း လက်တွေ့တွင်မူ ပြည်ခိုင်ဖြိုးအသင်းသည် စစ်အာဏာရှင်စနစ် အစွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးအတွက် ဒေါက်တိုင်အဖြစ်နှင့်သာ အသုံးချခံခဲ့ရသည်ကို တွေ့ရှိရပေသည်။

ပြည်ခိုင်ဖြိုးအသင်းသည် ကျောင်းသားကျောင်းသူများနှင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် လူထုလူတန်းစား အလွှာအသီးသီးကို မမှန်ကန်သော နည်းလမ်းမျိုးစုံဖြင့် အတင်းအကြပ်သိမ်းသွင်းဖွဲ့စည်းထား အသင်းအဖွဲ့တစ်ခု ဖြစ်သည့်အပြင် စစ်အစိုးရ၏လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ထောက်ခံဝန်း ရံပေးရေး၊ အတိုက်အခံနိုင်ငံရေးသမားများကို အကြမ်းဖက်တိုက်ခိုက်မှုများအပါအဝင် နည်းမျိုးစုံဖြင့် ဆန့်ကျင်တိုက်ခိုက်ရေး၊ တို့ကိုသာ တစိုက်မတ်မတ် လုပ်ဆောင်ပေးခဲ့ရကြောင်း တွေ့ရှိရပေသည်။

ပြည်သူ့ဝန်ထမ်းအားလုံး ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဟု အတင်းအကြပ် လက်မှတ်ရေးထိုးခိုင်းခဲ့သော စစ်အစိုးရသည် ယခုအခါ ပြည်သူ့ဝန်ထမ်းအများစု ပါဝင်နေသော ပြည်ခိုင်ဖြိုးအသင်းအား နိုင်ငံရေးပါတီတခုအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ခြေလှမ်းပြင်လျှက်ရှိသည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ(၆)ရက်နေ့တွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ခိုင်ဖြိုးဗဟိုဌာနချုပ်၌ ကျင်းပပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြည်ခိုင်ဖြိုးအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး က နိုင်ငံရေးအခြေအနေနှင့် လူထုဆန္ဒအပေါ်မူတည်ပြီး ပြည်ခိုင်ဖြိုးအသင်းကို နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲဖွဲ့စည်းကောင်း ဖွဲ့စည်းရမည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)၏ အထွေထွေအတွင်းရေးမှူး (ဗိုလ်မှူးကြီးဟောင်း) ဦးခင်မောင်ကြီး ကလည်း ပြည်ခိုင်ဖြိုးအသင်းသည် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးအသွင်ဆောင်သော အသင်းအဖွဲ့အဖြစ် ကူးပြောင်းပြီး ပါဝင်ယှဉ်ပြိုင်ရန်အစီအစဉ်ရှိသည်ဟု ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဒီပီအေဂျာမန်သတင်းဌာနသို့ ထုတ်ဖော်ပြောဆိုခဲ့သည်ကို တွေ့ရှိရသည်။

ယခုလည်း နအဖစစ်အစိုးရက ၄င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို လာမည့်မေလတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုမည့်ကျေညာချက်နှင့် ၂၀၁၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲသစ်ပြုလုပ်မည့် ကျေညာချက်များကို ထုတ်ပြန်ခဲ့သည့် ဖေဖော်ဝါရီလ(၉)ရက်နေ့မှစ၍

ပြည်ခိုင်ဖြိုးအသင်းသည် နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ပြည်သူလူထုတစ်ရပ်လုံးမှ ထောက်ခံမဲပေးကြရန် တစ်ပြည်လုံးတွင် နည်းမျိုးစုံဖြင့် စည်းရုံးလှုပ်ရှားလျက်ရှိသည်။ အဆိုပါ ဥပဒေကို ဆန့်ကျင်ကန့်ကွက်မည့်သူများကိုလည်း နည်းမျိုးစုံဖြင့် ခြိမ်းခြောက်ဟန့်တားမှုများ ပြုလုပ်လျက်ရှိသည်ကိုတွေ့ ရသည်။ ၎င်းအပြင် ၂၀၁၀ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် ဒေသခံပြည်သူလူထုအပေါ် ဩဇာညောင်းသော ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ၏ အမည်စာရင်းများကိုလည်း ကြိုတင်ပြုစုလျက်ရှိသည်။

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၏ သုတေသနနှင့် မှတ်တမ်းတင်ဌာန (NDD-DRD) အနေဖြင့် ပြည်ခိုင်ဖြိုးအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများကို စနစ်တကျ စုဆောင်းပြီး မှတ်တမ်းတင်ထားခဲ့သည့်အပြင် ထူးခြားချက်များကိုလည်း အပတ်စဉ် ပြည်တွင်းသတင်းသုံးသပ်ချက် (Weekly Inside News Commentary) များဖြင့် အခါအားလျော်စွာ သုံးသပ်ဖော်ပြခဲ့သည်။ ပြည်ခိုင်ဖြိုးအသင်း၏ အတွင်းသရုပ်မှန်များကို နိုင်ငံတကာမှ လေ့လာသိရှိနိုင်စေရန်အတွက် “The White Shirts” အမည်ရှိ စာတမ်းတစ်စောင်ကို ၂၀၀၆ ခုနှစ်၊ မေလတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ကြိမ်တွင်လည်း “ပြည်ခိုင်ဖြိုး သို့မဟုတ် စစ်အာဏာရှင်စနစ်၏ဒေါက်တိုင်များ” အမည်ရှိ စာတမ်းကို မြန်မာဘာသာဖြင့် ရေးသားပြုစု၍ ဖြန့်ဝေလိုက်ပါသည်။ ရည်ရွယ်ချက်မှာ ပြည်ခိုင်ဖြိုးအသင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်နေကြရသူများအပါအဝင် မြန်မာပြည်သူတစ်ရပ်လုံးအနေဖြင့် စစ်အာဏာရှင်များက ပြည်ခိုင်ဖြိုးအသင်းအား မည်သည့်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းပေးထားပြီး မည်သို့အသုံးချနေသည်ကို အမှန်အတိုင်း၊ အရှိအတိုင်း၊ သိမြင်သဘောပေါက်နားလည်လာကြပြီး အမှားအမှန်ကို ဝေဘန်ပိုင်းခြား ဆုံးဖြတ်နိုင်စေရန် ရည်ရွယ်ပါကြောင်း မိတ်ဆက်တင်ပြအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု
၂၀၀၈ ခုနှစ်၊ မတ်လ (၁)ရက်

## နိဒါန်း

၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲရလာဒ်ကို စစ်အစိုးရက အသိအမှတ် မပြုခဲ့ပေ။ ထို့အပြင် စစ်အစိုးရသည် ၎င်းတို့ချုပ်ကိုင်ထားသောအာဏာ ဆက်လက်တည်မြဲစေရန်အတွက် ပြည်သူလူထုကို နည်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းရန် ပြည်ခိုင်ဖြိုး (ခေါ်) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်တမ်းတင်ရာ၌ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ရန် လူမှုရေးအဖွဲ့အစည်းတစ်ခုအနေဖြင့်သာ မှတ်ပုံတင်ခဲ့သော်လည်း လက်တွေ့တွင်မူ ပြည်သူလူထုအား အကြမ်းဖက်၊ ခြိမ်းခြောက်မှုများကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားလာခဲ့သည်။

ပြည်ခိုင်ဖြိုးအဖွဲ့ကို ဖွဲ့စည်းခြင်းဖြင့် လူထုလူတန်းစားနှင့် အရပ်သားလှုပ်ရှားမှုအားလုံးကို ချုပ်ကိုင်ပြီး နောင်အနာဂတ် ဗမာပြည်၏နိုင်ငံရေးကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့သည်။ ပြည်ခိုင်ဖြိုးအဖွဲ့က ဦးဆောင်ပြီး နအဖစစ်အစိုးရ၏ လမ်းပြမြေပုံထောက်ခံရေးနှင့် လူထုစည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ တချိန်တည်း၌ပင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ပုဂ္ဂိုလ်ရေး ပုတ်ခတ်မှုများကိုလည်း လုပ်ဆောင်ခဲ့သည့်အပြင် ဂျာမဏီနာဇီပါတီ၏ ရှပ်ညိုတပ်ဖွဲ့ကဲ့သို့ လူမိုက်၊ လူရမ်းကားအလုပ်များကိုပါ လုပ်ဆောင်ခဲ့သည်။

ပြည်ခိုင်ဖြိုးအသင်းသည် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရေးအတွက် ပြည်သူလူထု၏ နေ့စဉ်ဘဝများကို နည်းအမျိုးအမျိုးဖြင့် ထိန်းချုပ်ရန် အားထုတ်ကြိုးပမ်းခဲ့သည်။ မြန်မာပြည်၏ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များအပေါ်တွင်လည်း ၎င်းတို့၏ သြဇာလွှမ်းမိုးမှု များစွာရှိနေသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း တစ်ခုလုံးကိုလည်း အာဏာရှင်စစ်ဗိုလ်များ၏ စိတ်တိုင်းကျ ပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်းခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်း အတိုက်အခံအင်အားစုများနှင့် ဒီမိုကရေစီရေးလှုပ်ရှားသူများကို ဆန့်ကျင်သည့် နိုင်ငံရေးအကြမ်းဖက်မှုအများစုတွင် ပြည်ခိုင်ဖြိုးအသင်းက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်ပတ်ခဲ့သည်ကို တွေ့ရသည်။ ဤကဲ့သို့ လူမိုက်ဆန်ဆန် ရမ်းကားသည့်အပြုအမူများသည် ယနေ့ မြန်မာပြည်လူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့လျှက်ရှိနေသော အကြောက်တရားများ၏ အဓိက အခြေခံအကြောင်းတရားများ ဖြစ်ပေသည်။

မြန်မာစစ်အစိုးရသည် ၎င်းတို့၏ လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအဖွဲ့ကို အသုံးပြု၍ ပြည်သူများအကြား အကြောက်တရားလွှမ်းမိုးနေအောင် မည်သို့ပင် စီမံဖန်းတီးထားခဲ့သော်လည်း မြန်မာပြည်တွင်းရှိ ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် သာမန်ပြည်သူများသည် အနှောင်အဖွဲ့ကင်းသော လွတ်လပ်မှုအစစ်အမှန်ကို ရယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ၈ လေးလုံး လူထုအရေးတော်ပုံကြီးနှင့် ၂၀၀၇ ခုနှစ်၊ သြဂုတ်၊ စက်တင်ဘာလများအတွင်း ပေါ်ပေါက်ခဲ့သည် ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များ ဦးဆောင်ခဲ့သည့် ရွှေဝါရောင်တော်လှန်ရေးကြီးသည် ထင်ရှားသည့် သက်သေသာဓကများဖြစ်ခဲ့သည်။

ပြည်ခိုင်ဖြိုးအသင်းကြီး၏ ထိပ်ပိုင်းရာထူးများကိုလည်း စစ်အာဏာရှင် နအဖ စစ်ဗိုလ်

ချုပ်များက ရယူထားသည်ကို တွေ့ရှိရသည်။ ပြည်ခိုင်ဖြိုးအသင်းသည် နအဖ စစ်အာဏာရှင်များနှင့် တသားတည်း ဖြစ်နေသဖြင့် ပြည်ခိုင်ဖြိုးအသင်းက လုပ်ဆောင်သော အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုမှန်သမျှသည် အာဏာရှင်စစ်အစိုးရမှ ကျူးလွန်ချိုးဖောက်ခြင်းသာ ဖြစ်ပေသည်။

'ကိုယ့်အားကိုယ်ကိုး ကိုယ့်ဝန်ကိုယ်ထမ်းခြင်းသည် သန့်စင်မွန်မြတ်ပြီး ရေရှည်တည်တန့်ခိုင်မြဲပါသည်။ ထို့ကြောင့် အသင်း၏ရံပုံငွေကို အသင်းသားတို့၏ စုပေါင်းလုပ်အားဖြင့် ရှာဖွေသုံးစွဲမည်' ဟု ပြည်ခိုင်ဖြိုးအသင်း၏ အခြေခံစည်းမျဉ်းများအရ အခြေခံမူ၌ ပြဋ္ဌာန်းထားသည်။ သို့ရာတွင် လက်တွေ့အားဖြင့် ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများတွင်လည်းကောင်း၊ အသင်းရံပုံငွေ ရှာဖွေသုံးစွဲရာ၌လည်းကောင်း၊ တိုင်းပြည်၏ဘဏ္ဍာငွေများနှင့် ရုပ်ဝတ္ထုများကို ရယူသုံးစွဲခြင်း၊ ရင်းနှီးမြုပ်နှံ၍ အကျိုးအမြတ်ရှာဖွေခြင်းနှင့် အဆင့်ဆင့်သော စစ်အစိုးရယန္တ ယားတို့၏ ပံ့ပိုးကူညီမှုဖြင့်သာ လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသည်ကို တွေ့ရပေသည်။[၁]

နအဖစစ်အစိုးရက ကြိုးကိုင်ထားသည့် အမျိုးသားညီလာခံကို ယုံကြည်ထောက်ခံကြောင်းပြသရန် လူစုလူဝေးပွဲများကို ပြည်ခိုင်ဖြိုးအသင်းက တစ်ပြည်လုံး၌ ဦးဆောင်ကျင်းပခဲ့သည်။ ပြည်သူလူထုအား အတင်းအကြပ်တက်ရောက်စေရန် ခြိမ်းခြောက်ခိုင်းစေမှုများတွင် တက်ကြွစွာပါဝင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ပြည်ခိုင်ဖြိုးအသင်းကို နိုင်ငံရေးပါတီတစ်ခုအသွင် ပြောင်းလဲဖွဲ့စည်းရန် အလားအလာနှင့်ပတ်သတ်၍ အထူးစိုးရိမ်စရာဖြစ်နေပြီး ထိုလုပ်ဆောင်မှုမှန်သမျှသည် နအဖ စစ်ဗိုလ်ချုပ်များအတွက် အာဏာကို ဆက်လက်ချုပ်ကိုင်ထားနိုင်ရန် ကြိုပမ်းအားထုတ်ခြင်းသာ ဖြစ်ပေလိမ့်မည်။ အမည်ခံ အရပ်သားအစိုးရတစ်ခုကို ဟန်ပြဖွဲ့စည်းနိုင်ရေးအတွက် ဦးတည်နေခြင်းသာ ဖြစ်ပေသည်။ စစ်အစိုးရ သက်ဆိုးရှည်နေသမျှကာလပတ်လုံး လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ဆက်လက်ဖြစ်ပေါ်နေပြီး ပြည်သူများအနေဖြင့် အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရာလမ်း ရှိလိမ့်မည် မဟုတ်ပေ။

ယခုတင်ပြထားသော စာတမ်းတွင် ပြည်ခိုင်ဖြိုးအသင်း ဖွဲ့စည်းတည်ဆောက်ပုံ၊ အသင်းဝင်စုဆောင်းပုံ စုဆောင်းနည်းများ၊ ပြည်ခိုင်ဖြိုးနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏အခြေအနေ၊ ပြည်ခိုင်ဖြိုးအသင်း၏ အနာဂါတ်နိုင်ငံရေးရပ်တည်ချက်၊ လူစုလူဝေးပွဲများ၊ သာသနာရေး ပဋိပက္ခများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်လာအောင် ဖန်တီးလုပ်ဆောင်နေပုံများကို လက်လှမ်းမီသမျှ တင်ပြထားပါသည်။ ဤစာတမ်းကိုဖတ်ရှုခြင်းအားဖြင့် ပြည်သူလူထုအနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဇာတိသရုပ်မှန်ကို ကိုယ်တိုင်ကိုယ်ကျ လေ့လာသိရှိခွင့် ရရှိလိမ့်မည်ဖြစ်ပေသည်။ ပြည်ခိုင်ဖြိုးအသင်းအား ထောက်ခံအားပေးနေခြင်းသည် ပြည်သူလူထုအား ဖိနှိပ်နေသော နအဖ စစ်အစိုးရကို ထောက်ခံနေခြင်းသာဖြစ်ကြောင်း သိရှိလာပေလိမ့်မည်။ တဆက်တည်း၌ပင် ပြည်သူလူထုအားလုံး နိုင်ငံရေးအသိ နိုးကြားလာပြီး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပန်းတိုင်သစ်ဆီသို့ တညီတညွတ်တည်း လျှောက်လှမ်းနိုင်ကြမည် ဖြစ်ပေသည်။

# အခန်း(၁)

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဖွဲ့စည်းပုံ။

ပြည်ခိုင်ဖြိုး (ခေါ်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် အသင်းအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာဥပဒေ Association Law (SLORC Law 6/88) အောက်တွင် စစ်အစိုးရက ကမကထပြု၍ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်တမ်းတင်ရာ၌ ပြည်သူအကျိုးကို သယ်ပိုးဆောင်ရွက်မည့် လူမှုရေးအဖွဲ့တစ်ခုအနေဖြင့်သာ မှတ်ပုံတင်ခဲ့သော်လည်း တကယ့်လက်တွေ့တွင်မူ စစ်အာဏာရှင် သက်ဆိုးရှည်စေရေးအတွက် တရားဝင်ပါတီတစ်ခုအသွင် ဖန်တီးပြီး နိုင်ငံရေးလောကထဲသို့ ဝင်ရောက်ရန် ခြေလှမ်းပြင်နေပြီ ဖြစ်သည်။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက်နေ့ နံနက်ပိုင်း ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းရှိ ပြည်ခိုင်ဖြိုး ဗဟိုဌာနချုပ်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ခိုင်ဖြိုး အထွေထွေအတွင်းရေးမှူး ဦးဌေးဦး (ခေါ်) ဗိုလ်ချုပ်ဌေးဦးက နိုင်ငံရေးအခြေအနေနှင့် လူထုဆန္ဒအပေါ်မူတည်ပြီး အဖွဲ့ဝင်(၂၂)သန်းကျော်ရှိသော ပြည်ခိုင်ဖြိုးအဖွဲ့ကို နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ပြောင်းလဲဖွဲ့စည်းကောင်း ဖွဲ့စည်းမည်ဟု အရိပ်အမြွက် ပြောကြားခဲ့သည်။

တဆက်တည်း၌ပင် အသင်း၏စုဖွဲ့ပုံ၊ လေ့ကျင့်သင်ကြားပေးပုံနှင့် လှုပ်ရှားမှုများအရ နအဖစစ်အစိုးရသည် ၎င်းတို့၏အာဏာတည်မြဲရေးအတွက် ပြည်ခိုင်ဖြိုးအသင်းကို နိုင်ငံရေးတောင်ပံ (Political Wing) တစ်ခုအနေဖြင့် အသုံးချရန်ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့သည်မှာ ထင်ရှားပေသည်။

ပြည်ခိုင်ဖြိုးအသင်းအား ဗဟိုနာယကနှင့် နာယကအဖွဲ့များ၊ အထွေအထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဗဟိုအလုပ်မှုဆောင်ကော်မတီနှင့် အမြဲတမ်းအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။ အထူးသဖြင့် ဗဟိုနာယကအဖွဲ့ဝင်များတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ စစ်မဟာဗျူဟာ လေ့လာရေးဌာနကြီးမှူး၊ စစ်ရေးချုပ်၊ စစ်ထောက်ချုပ်၊ စစ်ဦးစီးအရာရှိချုပ်(ကြည်း)နှင့် စစ်တိုင်းမှူးများအားလုံး ပါဝင်သည်ကို တွေ့ရှိရသည်။ ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသည့် စစ်တိုင်းမှူးများသည် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအသင်းများတွင် နာယကများဖြစ်နေကြသည်ကို တွေ့ရှိရသည်။[၂] ထို့အပြင် အသင်း၏ အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များကိုလည်း စစ်အစိုးရ ဝန်ကြီးများ၊ ဒုဝန်ကြီးများနှင့် ဖွဲ့စည်းထားသည်ကို တွေ့ရသည်။

ပြည်ခိုင်ဖြိုးအသင်းကို တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်အဆင့်၊ ကျေးရွာအဆင့်ဟူ၍ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းထားပြီး အသင်းကို အထက်မှအောက်သို့ ဆင့်ကဲဆင့်ကဲ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသော ဖွဲ့စည်းပုံမျိုးဖြင့် လည်ပတ်ဆောင်ရွက်သည်။ သို့သော်လည်း ပြည်ခိုင်ဖြိုးအသင်း၏ ဗဟိုဌာနချုပ်မှ ကျေးရွာများရှိအသင်းခွဲများအထိ ရာထူးကြီးများကို စစ်တပ်

ထိပ်ပိုင်းအရာရှိကြီးများကသာ ဆုပ်ကိုင်ထားသည်။ ထို့ပြင် ပြည်ခိုင်ဖြိုးအသင်းသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ ကျေးရွာရပ်ကွက် ရယက ဥက္ကဋ္ဌများနှင့် မြို့နယ် မယက ဥက္ကဋ္ဌများကိုလည်း လုပ်ပိုင်ခွင့်အာဏာများ ပေးအပ်ထားသည်ကို တွေ့ရသည်။ ထိုသို့ လုပ်ပိုင်ခွင့်အာဏာများ ပေးအပ်ထားခြင်းသည် သက်ဆိုင်ရာတာဝန်ရှိသူများကို အကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လာဘ်ပေးလာဘ်ယူမှုများ ပိုမိုကျူးလွန်လာစေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေသည်။

အသင်း၏လုပ်ငန်းများကို ပုံမှန်လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် နအဖအာဏာပိုင်များက ရုပ်ပိုင်းဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် စီးပွားရေးအခွင့်အလမ်းများကို စီစဉ်ဆောင်ရွက်ပေးသည်။[၃] ပြည်ခိုင်ဖြိုးအသင်းရုံးများကိုလည်း အသင်း၏နယကများဖြစ်သော ဒေသဆိုင်ရာ စစ်တိုင်းမှူးများအပြင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း တာဝန်ခံ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဝန်ကြီးများ၏ ပံ့ပိုးဆောင်ရွက်မှုဖြင့် ဖွဲ့စည်းလေ့ရှိသည်။ ထို့ကြောင့် ပြည်ခိုင်ဖြိုးအသင်းများနှင့် ရုံးများသည် စစ်အစိုးရ၏ စီးပွားရေးအထောက်အပံ့များရရှိပြီး ပုံမှန်လည်ပတ် ဆောင်ရွက်နေနိုင်ခြင်း ဖြစ်သည်။

အထက်ဖော်ပြပါ ဖွဲ့စည်းပုံများကို ကြည့်ခြင်းအားဖြင့် ပြည်ခိုင်ဖြိုးအသင်းသည် နအဖစစ်အာဏာရှင်များက ဖွဲ့စည်းပေးထားသော လက်ကိုင်တုတ်အဖွဲ့တစ်ခု အနေဖြင့်သာမက နအဖ အာဏာရှင်များကိုယ်တိုင် ပါဝင်နေသော အာဏာရအဖွဲ့အစည်းကြီးတစ်ခု ဖြစ်နေသည်ကို တွေ့နိုင်သည်။

ပြည်ခိုင်ဖြိုးအသင်း၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး (ဗိုလ်ချုပ်)ဦးဌေးဦးက ပြည်ခိုင်ဖြိုးအသင်း၏ ဦးတည်ချက်များသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့(နဝတ) (၁၉၉၇ ခုနှစ်အထိ ခေါ်ဝေါ်သုံး စွဲခဲ့သော စစ်အစိုးရအမည်)၏ ဦးတည်ချက်များနှင့် အလားတူဖြစ်ကြောင်း၊ အသင်း စတင်ဖွဲ့စည်းတည်ထောင်ပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း၌ ထုတ်ဖော်ပြောဆိုခဲ့သည်။[၄]

ပြည်ခိုင်ဖြိုးအသင်းဝင်များအားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့အား သစ္စာရှိရန်၊ ဒို့တာဝန်အရေးသုံးပါးအတိုင်း လိုက်နာကျင့်ကြံရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရန်၊ မရပ်မနား ကြိုးပမ်းအားထုတ်ကြရန်နှင့် အသင်းကြီး၏ကျင့်ဝတ်(Code of Conducts)များကို လိုက်နာရန် ကျမ်းသစ္စာ ကျိန်ဆိုကြရသည်။[၅] ဒို့တာဝန်အရေးသုံးပါးမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ဖြစ်သည်။ ပြည်ခိုင်ဖြိုးအသင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးတည်ဆောင်ရွက်ရသည်။ ပြည်ခိုင်ဖြိုးအသင်းက ချမှတ်ထားသော အဆိုပါ ဦးတည်ချက်(၁၂)ရပ်နှင့် ဒို့တာဝန်အရေး (၃)ပါးတို့မှာ တကယ်လက်တွေ့တွင် အနှစ်သာရအားဖြင့် ကင်းမဲ့ပြီး ဝါဒဖြန့်ချိရေးမျှသာ ဖြစ်ပေသည်။

သို့သော်လည်း ပြည်ခိုင်ဖြိုးအသင်းသည် နိုင်ငံရေးပါတီများကို တိုက်ရိုက်ခြိမ်းခြောက်နေသော အကြမ်းဖက်မှုများ ဖြစ်ပေါ်လာအောင် အသုံးပြုနိုင်သည့် အချက်(၄)ရပ်ပါ ပြည်သူ့သဘောထားများကို ချမှတ်ခဲ့သည်။ အဆိုပါ ပြည်သူ့သဘောထား(၄)ရပ်မှာ ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်

ဆီးသူများအား ဆန့်ကျင်ကြ၊ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ ဟူ၍ဖြစ်သည်။ ပြည်ခိုင်ဖြိုးအသင်း၏လုပ်ငန်းသည် အဆိုပါ အချက်(၄)ချက်ကို ကိုင်ဆွဲ၍ စစ်အစိုးရအား ထိပါးလာသူမှန်သမျှကို အမြစ်ပြတ်ချေမှုန်းရန်ပင် ဖြစ်သည်။

ပြည်ခိုင်ဖြိုးအသင်းကို စစ်အာဏာရှင်သက်ဆိုးရှည်စေရန်နှင့် စစ်အစိုးရအား ဆန့်ကျင်လာသူများကို တိုက်ခိုက်ချေမှုန်းရန် ရည်ရွယ်ဖွဲ့စည်းထားသည့်အလျောက် ပြည်ခိုင်ဖြိုးအသင်းမှ ကျူးလွန်သော လုပ်ရပ်အားလုံးအတွက် နအဖစစ်အစိုးရထံတွင်သာ လုံးဝ တာဝန်ရှိပေသည်။ ပြည်ခိုင်ဖြိုးအသင်းအား အာဏာလွှဲပြောင်းပေးခြင်းသည် နအဖစစ်အစိုးရအနေဖြင့် သာမန်အရပ်သား အစိုးရတစ်ရပ်ကို အမည်ခံတစ်ခုအနေဖြင့်သာ ဖွဲ့စည်းပေးပြီး ၎င်းတို့၏အာဏာကို ဆက်လက်ချုပ်ကိုင်ထားနိုင်ရေးအတွက် ကြိုးပမ်းမှုတစ်ခုပင်ဖြစ်ပေသည်။

---

# အခန်း(၂)

## ပြည်ခိုင်ဖြိုးအသင်း၏ အသင်းသားသစ် တိုးချဲ့စုဆောင်းခြင်းနည်းဗျူဟာများနှင့် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်နေမှုများ။

မြန်မာနိုင်ငံတွင် ပြည်ခိုင်ဖြိုးအသင်းဝင် အရေအတွက်သည် နေ့ချင်းညချင်း တဟုန်ထိုး တိုးတက်များပြားလာခဲ့သည်။ ၁၉၉၆ ခုနှစ် နှောင်းပိုင်းကာလများတွင် အသင်းဝင်ပေါင်း (၅) သန်းကျော်မျှသာ ရှိခဲ့သည်။[၆] သို့သော်လည်း ၂၀၀၇ ခုနှစ်တွင် ပြည်နယ်၊ တိုင်းအဆင့် အသင်းပေါင်း ၁၇ သင်း၊ ခရိုင်အဆင့် အသင်းပေါင်း ၆၆ သင်း၊ မြို့နယ်အဆင့် အသင်းပေါင်း ၃၂၀၊ ရပ်ကွက်ကျေးရွာ အဆင့် အသင်းပေါင်း ၁၅၃၃၄ သင်း ဖွဲ့စည်းခဲ့ပြီး၊ အသင်းဝင်အဖြစ် အသိအမှတ်ပြုပြီးသူ ၂၄ ဒသမ ၅ သန်းအထိ အဆမတန် တိုးတက်များပြားလာခဲ့သည်။[၇] မြန်မာပြည်လူဦးရေ စုစုပေါင်း (၅၅) သန်းကျော်ရှိသည့်အနက် (၂၄) သန်းကျော်သည် ပြည်ခိုင်ဖြိုးအသင်းဝင်များ ဖြစ်လာခဲ့သည်။ အဘယ်ကြောင့် ဤသို့ တိုးတက်များပြားလာရသနည်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဖွဲ့စည်းပုံ၌ အသင်းသားစုဆောင်းရာတွင် ဆန္ဒရှိသူများကိုသာ စုဆောင်းကြောင်း ဖော်ပြထားသည်။ အသင်းသားများကို အရွယ်ရောက်ပြီးသည့် သက်ကြီးအသင်းသားနှင့် အရွယ်မရောက်သေးသည့် သက်ငယ်အသင်းသားဟူ၍ (၂)မျိုး ခွဲထားသည်။ အသက် (၁၀) မှ အသက် (၁၈)နှစ်အကြား ရှိသူများကို သက်ငယ်အသင်းသားများ၊ အသက် (၁၈)နှစ်အထက်ရှိသူများကို သက်ကြီးအသင်းသားများအဖြစ် သတ်မှတ်ထားသည်။[၈]

ပြည်ခိုင်ဖြိုးအာဏာပိုင်များသည် အသင်းသားသစ်စုဆောင်းရာတွင် ဆန္ဒအလျောက်ဟု သုံးနှုန်းထားသော်လည်း တကယ့်လက်တွေ့တွင်မူ အသင်းဝင်ဖြစ်ရန်ဆန္ဒမရှိသော အစိုးရဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် မြန်မာပြည်သူလူထုကို အသင်းဝင်များဖြစ်လာအောင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများတွင် နည်းမျိုးစုံဖြင့် မက်လုံးပေး ဆွဲဆောင်စည်းရုံးခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်အကြပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခြင်းများလည်း ပြုလုပ်ခဲ့သည်။ ဤသည်မှာ ပြည်ခိုင်ဖြိုးအသင်း၏ အဓိက အသင်းသားစုဆောင်းရေးနည်းဗျူဟာ အစစ်အမှန်များဖြစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်း၏ အဓိကအခန်းကဏ္ဍများတွင် တဖြည်းဖြည်း နေရာယူလာခဲ့သည်။ လူထုအတွင်း၌လည်း အကြောက်တရားများနှင့် စိုးရိမ်စိတ်များ ပိုမိုတိုးပွားလာစေခဲ့သည်။

ပြည်ခိုင်ဖြိုးအာဏာပိုင်များသည် ပြည်သူလူထုကို နည်းအမျိုးမျိုးဖြင့် လိမ်လည်လှည့်ဖြား၍ စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်စေခဲ့သည်။ အသင်းသားသစ်များ စုဆောင်းရာတွင် ပြည်သူလူထု၏ အိမ်ထောင်စု စာရင်းဇယားများကို ကြည့်၍ အသက်(၁၅) နှစ်မှ (၃၀)နှစ်အတွင်း ရှိသူများကို ပြည်ခိုင်ဖြိုးအသင်းဝင် အဖြစ်လည်းကောင်း၊ အသက် (၃၀)နှင့် (၄၀)အကြား ရှိသူများကို စွမ်းအားရှင်အဖွဲ့ဝင်များ အဖြစ်လည်းကောင်း အတင်းအဓမ္မ စာရင်းထည့်သွင်းခဲ့သည်။

အသက်(၁၈)နှစ်အထက် အမျိုးသမီးများကိုလည်း စစ်ဗိုလ်ချုပ်ကတော်များ ဦးဆောင်သည့် အမျိုးသမီးရေးရာအဖွဲ့တွင် အတင်းအဓမ္မ ဝင်ရောက်စေခဲ့သည်။[၉] ထို့ပြင် မိသားစုအဖွဲ့ဝင်များ ပြန်လည်စိစစ်ပေးသည်ဟုဆို၍ ရွာသူရွာသား အများအပြားကိုလည်း ပြည်ခိုင်ဖြိုးအသင်းဝင် လျှောက်လွှာများကိုဖြည့်ရန် အတင်းအကျပ် ဖိအားပေးခဲ့ကြသည်။ အခြားနည်းလမ်းတခုမှာ ရွေးကောက်ပွဲများအတွက် သန်းခေါင်စာရင်း ကောက်ခံသည်ဟုဆို၍ ပြည်သူလူထုကို ပြည်ခိုင်ဖြိုးအသင်းသို့ လိမ်လည်သွတ်သွင်းခဲ့ခြင်းဖြစ်သည်။[၁၀]

အထူးသဖြင့် အသင်းသို့ ဝင်ရောက်ရန် တစ်နည်းတဖုံအားဖြင့် ပျက်ကွက် (သို့)ငြင်းဆန်သူများကို ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများတွင် အမျိုးမျိုး အနှောက်အယှက်ပေးပြီး အခွင့်အလမ်းများ နည်းပါးအောင် ပြုလုပ်ခဲ့သည်။ သာဓကတစ်ခုအနေဖြင့် ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်ရှိ လက်နက်ကိုင်ကရင်တိုင်းရင်းသားများ ထိန်းချုပ်ရာနယ်မြေများတွင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးနေကြသော ရွာသားများကို အာဏာပိုင်များက ၁၉၉၃ ခုနှစ်တွင် လက်နက်ကိုင်သူပုန်များနှင့် အဆက်အသွယ်လုပ်သည်ဟုစွပ်စွဲကာ အတင်းအဓမ္မ ရွှေ့ပြောင်းခဲ့ပြီး ၎င်းတို့ လယ်ယာမြေများတွင် လယ်ယာလုပ်ကိုင်ခွင့်ကိုပါ တားမြစ်ပိတ်ပင်ခဲ့သည်။ သို့သော်လည်း အာဏာပိုင်များက အဆိုပါလယ်သမားအချို့ကို ၎င်းတို့အနေဖြင့် ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ပါက ဆုံးရှုံးသွားခဲ့သော လယ်ယာမြေများကို ပြန်လည်လုပ်ကိုင်ခွင့်ပေးမည်ဟု စည်းရုံးဆွဲဆောင်ခဲ့သည်။[၁၁] အာဏာပိုင်များအနေဖြင့် ရိုးသားမှုမရှိသည်မှာ သိသာထင်ရှားလှပေသည်။

ပြည်ခိုင်ဖြိုးအသင်းသို့ဝင်ရောက်ရန် ဖိအားပေးမှု အများဆုံးခံရသူများမှာ ကျောင်းသူကျောင်းသား၊ လူငယ်များ၊ အစိုးရဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်သည်။ ကျောင်းသူကျောင်းသားများသည် ပြည်ခိုင်ဖြိုးအသင်းသို့ မဝင်မနေရ အတင်းအကျပ် ဝင်ရောက်နေရခြင်းကြောင့် အဖွဲ့ဝင်များ ဖြစ်နေကြသည်။ အစိုးရဝန်ထမ်းများအပါအဝင် အစိုးရအတွက် အလုပ်လုပ်ကိုင်နေသည့် မည်သူမဆို ပြည်ခိုင်ဖြိုးအသင်းသို့ တာဝန်တစ်ခုအနေဖြင့် ဝင်ရောက်ရန် သတ်မှတ်ပြဋ္ဌာန်းထားသည်။ စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်လိုသူများအနေဖြင့်လည်း ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ပါက အကျိုးအမြတ် အခွင့်အလမ်းများ ရရှိမည်ဟု မျှော်လင့်ထားကြသည်။ ထို့ကြောင့် စီးပွားရေးသမားများသည် ပြည်ခိုင်ဖြိုးအသင်းသို့ဝင်ရောက်ရန် ဆန္ဒမရှိသော်လည်း ၎င်းတို့၏လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် နေ့စဉ်ရှင်သန် ရပ်တည်ရေးတို့အတွက် အသင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ပြည်ခိုင်ဖြိုးအဖွဲ့ဝင် စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ နေ့စဉ် လုပ်ငန်းခွင်များတွင် အထူးအခွင့်အရေးများအနေဖြင့် အခွန်ကင်းလွတ်ခွင့်ရရှိခြင်းနှင့် အာဏာပိုင်များ၏ အဆက်မပြတ် ဟန့်တားနှောက်ယှက်မှုများမှ ကင်းလွတ်ကြသည်။ ထို့ပြင် အတိုက်အခံ နိုင်ငံရေးပါတီဝင်များကိုလည်း သက်ဆိုင်ရာပါတီ၊ အဖွဲ့အစည်းများမှ နုတ်ထွက်စေ၍ ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန် ဖိအားပေးခြင်း၊ ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ မက်လုံးပေးခြင်း စသဖြင့် နည်းလမ်းအမျိုးမျိုးကို အသုံးပြု၍ ဆွဲဆောင်စည်းရုံးခဲ့သည်။

မြန်မာနိုင်ငံတွင် စစ်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား အဆက်မပြတ်

ဖြစ်ပွားနေသော ပြည်တွင်းစစ်များကြောင့် ပြည်သူလူထုများသည် မြန်မာစစ်တပ်၏ အတင်းအဓမ္မ ပေါ်တာဆွဲခြင်းကို မကြာခဏ ရင်ဆိုင်နေရသည်။ ကျေးရွာများရှိ လူငယ်လူရွယ်များသည် ပြည်ခိုင်ဖြိုး အဖွဲ့ဝင်ဖြစ်ပါက(သို့) ပြည်ခိုင်ဖြိုးအသင်းသို့ဝင်ရောက်ပါက ရှေ့တန်းစစ်မျက်နှာများတွင် ပေါ်တာထမ်း ဆောင်ရခြင်းမှ လွတ်ငြိမ်းခွင့် ရရှိကြသည်။ ထို့ကြောင့် လူငယ်အများစုသည် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်ဖြစ်ရန် စိတ်အားထက်သန်ခဲ့ကြသည်။ ဥပမာအားဖြင့် တနင်္သာရီတိုင်း၊ လောင်းလုံမြို့နယ်၊ ရေချမ်း၊ တောင် တွင်းမော်၊ ပြင်းတောစသည့် ကျေးရွာများတွင် မြန်မာစစ်တပ် ခမရ (၄၀၁)က ပေါ်တာဖမ်းဆီးစဉ် ပြည်ခိုင်ဖြိုးအဖွဲ့ဝင် ၁၂ ဦး၊ အမျိုးသမီး ၃၇ ဦးနှင့် ကျန်အမျိုးသား ၁၇ ဦး၊ စုစုပေါင်း ၆၆ ဦးကို ဖမ်း ဆီးမိခဲ့သည်။ ထိုကိစ္စကို မြို့နယ်ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက ခရိုင်ပြည်ခိုင်ဖြိုးအဖွဲ့ထံ တိုင်ကြားတောင်းဆို သဖြင့် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်အားလုံးနှင့် အမျိုးသမီး ၃၇ ဦးကို ပြန်လွှတ်ပေးခဲ့သည်။[၁၂]

ထို့ပြင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်ကတ်ပြားရှိလျှင် မည်သူမဆို နိုင်ငံအတွင်း လွတ်လပ်စွာ ခရီး သွားလာနိုင်သည်။ အသင်းဝင်ကဒ်ပြားကို နိုင်ငံသားမှတ်ပုံတင်တခုကဲ့သို့ အသုံးပြုနိုင်သည်။ မိသားစု အဖွဲ့ဝင်များနှင့် မိတ်ဆွေအပေါင်းအသင်းများ၏ နေအိမ်များတွင် ညအိပ်တည်းခိုလျှင်လည်း လွတ် လွတ်လပ်လပ် တည်းခိုနိုင်သည်။[၁၃] အထူးသဖြင့် ပြည်ခိုင်ဖြိုးအသင်းဝင်ကဒ်ပြား ကိုင်ဆောင်ထားခြင်း ကြောင့် အကျိုးအမြတ်ရရှိသူများမှာ မြန်မာရိုဟင်ဂျာများ ဖြစ်သည်။ မြန်မာရိုဟင်ဂျာများအနေဖြင့် ပြည်ခိုင်ဖြိုးအသင်းဝင်ကတ်ပြားများကို ပြသနိုင်ပါက မြန်မာနိုင်ငံအတွင်းတွင် လွပ်လပ်စွာ ခရီးသွား လာနိုင်သည်။ အစ္စလာမ်ဘာသာဝင်များဖြစ်သည့် ရိုဟင်ဂျာလူမျိုးများသည် ပြည်တွင်း ခရီးသွားလာ ရေးတွင် မြန်မာနိုင်ငံသား စိစစ်ရေးကတ်ပြားများ မရှိသောကြောင့် အခက်အခဲများ မကြာခဏ တွေ့ ကြုံရသည်။ ထိုကြောင့် ပြည်ခိုင်ဖြိုးအသင်းဝင်ကတ်ပြား လက်ဝယ်ရှိခြင်းသည် ၎င်းတို့အတွက် ခရီးသွား လာရေးကို ပိုမိုလွယ်ကူ ချောမွေ့စေခဲ့သည်။[၁၄]

ပြည်ခိုင်ဖြိုးအသင်းဝင်များသည် ကျေးလက်ဒေသများရှိ အိမ်ယာခြံမြေများကိုလည်း အ ဖိုးအခနည်းနည်းဖြင့် ဆောက်လုပ်နေထိုင်ခွင့် ရရှိကြသည်။[၁၅] အထူးအခွင့်အရေးများအနေဖြင့် ပြည် ခိုင်ဖြိုးအတွင်းရေးမှူးများ၏ နေအိမ်များတွင် တယ်လီဖုန်းလိုင်းများတပ်ဆင်ပေးခြင်း၊ (ကားမရှိသော် လည်း)တစ်လလျှင် ဓါတ်ဆီဂါလံ (၆၀) ထုတ်ပေးခြင်း၊ နိုင်ငံခြားခရီးစဉ်များစေလွှတ်ခြင်း၊ စသဖြင့် အဖွဲ့ ဝင်မဟုတ်သူများနှင့် အခွင့်အလမ်းများစွာ ကွာခြားနေသည်ကို တွေ့ရသည်။[၁၆] မြို့နယ်ပြည်ခိုင် ဖြိုး အမှုဆောင်များ နယ်မြေစည်းရုံးရေးခရီးစဉ်များထွက်ရာတွင်လည်း ပြည်နယ်မှ စက်ဘီးများနှင့် ဆိုင်ကယ်များ ထောက်ပံ့ပေးခဲ့သည်။[၁၇] နိုင်ငံခြားခရီးစဉ်များတွင်လည်း ပြည်ခိုင်ဖြိုးအဆင့်ဆင့်မှ အ လုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များအား လူငယ်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍သော် လည်းကောင်း၊ နိုင်ငံတကာအတွေ့အကြုံ ရရှိရေးအတွက်သော်လည်းကောင်း ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အတွင်း ပြည်ခိုင်ဖြိုးအသင်းမှ အသင်းသား ဦးရေ(၁၆၀) ဦးကို အာရှနှင့် ဥရောပရှိ နိုင်ငံပေါင်း (၂၀)ကျော်သို့ အခေါက်အရေအတွက်အားဖြင့် (၆၅)ခေါက် ပို့ဆောင်စေလွှတ်ခဲ့သည်။[၁၈]

ပြည်ခိုင်ဖြိုးအာဏာပိုင်များအနေဖြင့် အသင်းသားစုဆောင်းရာတွင် စီးပွားရေး၊ ပညာရေး၊

လူမှုရေးနယ်ပယ်များ၊ အစိုးရဌာနများနှင့် အတိုက်အခံအင်အားစုများအတွင်း နည်းအမျိုးမျိုးဖြင့် ဝင်ရောက်စွက်ဖက်နေပုံများကိုလည်း ဆက်လက်ဖော်ပြသွားပါမည်။

## ပညာရေး

ယနေ့မြန်မာပြည်၏ ပညာရေးစနစ်ကို လေ့လာကြည့်မည်ဆိုလျှင် ပြည်ခိုင်ဖြိုးအသင်း၏ ဩဇာလွှမ်းမိုးမှု များစွာရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခြေခံပညာအဆင့်ဖြစ်သော စာသင်ကျောင်း စုစုပေါင်း (၄၀၅၂၁)ကျောင်းနှင့် အဆင့်မြင့်ပညာအဆင့်ဖြစ်သော တက္ကသိုလ်နှင့် ကောလိပ်ပေါင်း (၆၄)ခု ရှိသည်။ အခြေခံပညာအဆင့်တွင် ဆရာ၊ ဆရာမပေါင်း (၂၄၀၈၇၈)ဦးနှင့် ကျောင်းသား ကျောင်းသူပေါင်း (၇၇၈၃၄၀၀)ဦး ရှိပြီး၊ အဆင့်မြင့်ပညာအဆင့်တွင် ဆရာ၊ ဆရာမပေါင်း (၁၀၂၃၂)ဦး နှင့် ကျောင်းသား၊ ကျောင်းသူအရေအတွက် (၇၀၅၇၈၄)ဦး ရှိသည်။[၁၉] အစိုးရဝန်ထမ်းများဖြစ်သည့် ကျောင်းဆရာ၊ ဆရာမများသည် ပြည်ခိုင်ဖြိုးအသင်းသို့ တာဝန်တစ်ခုအနေဖြင့် မဝင်မနေရ ဝင်ရောက်ရန် သတ်မှတ်ပြဌာန်းထားသည်။ အထူးသဖြင့် ကျောင်းသားလူငယ်အများစုသည် ကိုယ်ပိုင်ဆန္ဒမပါပဲ ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန် နည်းအမျိုးမျိုးဖြင့် ဖိအားပေးခံခဲ့ရသူများဖြစ်သည်။ ၎င်းတို့အနေဖြင့် အသင်းသို့ဝင်ရောက်ရန် ငြင်းဆန်ခဲ့ပါက ကျောင်းမှထုတ်ပစ်ရန် ခြိမ်းခြောက်ခြင်း၊ စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုခွင့် မပြုခြင်း၊ စာမေးပွဲအောင်မှတ် ပြည့်မှီအောင် မပေးခြင်း၊ စသဖြင့် နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်အကြပ်ကိုင်ခြင်းများ ပြုလုပ်ခဲ့သည်။[၂၀]

ဥပမာအားဖြင့် ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်း မြင်းခြံအစိုးရနည်းပညာကောလိပ်မှ ကျောင်းသူ၊ ကျောင်းသားများကို ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန် အာဏာပိုင်များက ဖိအားပေးခြိမ်းခြောက်ခဲ့သည်။ ခရိုင် ပြည်ခိုင်ဖြိုးအာဏာပိုင်များ၏ အမိန့်အရ ဟုဆိုကာ အဆိုပါကောလိပ်မှ နည်းပြဆရာ၊ ဆရာမများက ပြည်ခိုင်ဖြိုးအသင်းဝင်ပုံစံများကို တစောင်လျှင် (၂၀၀)ကျပ်နှုန်းဖြင့် ကျောင်းသူ၊ ကျောင်းသားများကို အတင်းအဓမ္မရောင်းချခဲ့သည်။ အကယ်၍ ပြည်ခိုင်းဖြိုးအသင်းသို့ ဝင်ရောက်ရန်ငြင်းဆိုပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်မပြုဟုလည်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။[၂၁] အချို့သော ကျောင်းသားများ၏အဆိုအရ ပြည်ခိုင်ဖြိုးအသင်းသို့ မဝင်ရောက်လျှင် ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ၊ စာကြည့်တိုက်သုံးစွဲခွင့်များ၊ ကာယလေ့ကျင့်ခန်းသင်တန်းများတက်ရောက်ခြင်း၊ စသည့်အခွင့်အရေးများ ဆုံးရှုံးသည်ဟု ဆိုသည်။[၂၂]

ထို့ပြင် ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်စွဲဖြင့် ထုတ်ပြန်သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) သတင်းထုတ်ပြန်ချက်တွင်လည်း မြင်းခြံမြို့ အစိုးရနည်းပညာကောလိပ် (ဂျီတီစီ)မှ ကျောင်းသားများကို မဖြစ်မနေ ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ခယက)နှင့် မြို့နယ်ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက ကျောင်းဆရာ၊ ဆရာမများမှတဆင့် ဖိအားပေခဲ့သည်ဟု ဖော်ပြထားသည်။ အသင်းသို့ ဝင်ရောက်ရန် လက်မှတ်မထိုးသည့် ကျောင်းသားများကို ကျောင်းခေါ်ချိန် မှတ်တမ်းမပေးဟုဆို၍ ကျောင်းသားများမှာ ကျောင်းခေါ်ချိန်မပြည့်လျှင် စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် မရမည်ကိုစိုးရိမ်သောကြောင့် ဆန္ဒမရှိပဲ

မကျေမနပ်ဖြင့် လက်မှတ်ထိုးခဲ့ရသည်။

ရံဖန်ရံခါ ကျောင်းသူ၊ ကျောင်းသားများကို ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်စေရန် ကြို တင်ဆွေးနွေး တိုင်ပင်ခြင်းမရှိပဲ အခြားလုပ်ငန်းတစ်ခုကို အကြောင်းပြကာ ပြည်ခိုင်ဖြိုးအသင်းသို့ သွတ်သွင်းခဲ့သည်။ ဥပမာအားဖြင့် မန္တလေးမြို့တွင် အသက်(၁၂)နှစ်အထက်ရှိ ကျောင်းသူ၊ ကျောင်းသားများအားလုံးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရန်အတွက်ဟူသော အကြောင်းပြချက်ဖြင့် ပက်စပို့စ်ဓာတ်ပုံများကို ဒေသခံအာဏာပိုင်များထံ ပေးအပ်ရန် ဆရာ၊ ဆရာမများမှ တောင်းခံခဲ့သည်။ ကျောင်းသူ၊ ကျောင်းသားများက ၎င်းတို့ထံ ပြည်ခိုင်ဖြိုး အသင်းဝင်ကဒ်ပြားများ ရောက်လာသောအချိန်ကျမှ ၎င်းတို့၏ဓါတ်ပုံများကိုအသုံးချ၍ ပြည်ခိုင်ဖြိုးအသင်းဝင်များအဖြစ် အဓမ္မသွတ်သွင်းခံလိုက်ရကြောင်း သိကြရသည်။[၂၃]

ကျောင်းသားလူငယ်တစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အလမ်းများသည် ပြည်ခိုင်ဖြိုး အသင်းဝင်ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်တွင် မူတည်နေပြီး အသင်းသားစုဆောင်းရာတွင် ပညာရေးအခွင့် အလမ်းများကို မက်လုံးတစ်ခုအနေဖြင့် အသုံးပြုခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများကို အသင်း ဝင်များအဖြစ် စည်းရုံးသိမ်းသွင်းရာတွင် ပညာရေးနှင့် ခရီးသွားလာရေးကိစ္စများ၌ လွယ်ကူ ချောမွေ့ စေရန် စီစဉ်ပေးမည်ဟု ပြည်ခိုင်ဖြိုးအာဏာပိုင်များက မက်လုံးများပေးခဲ့သည်။ အထူးအခွင့်အရေး တခုအနေဖြင့် ပြည်ခိုင်ဖြိုးအသင်းတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေသည့် ပြည်ခိုင်ဖြိုးအသင်း ဝင် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံရပ်ခြားသို့ ပညာတော်သင်အဖြစ် သွားခွင့်ပြုမည်ဟု ပညာ ရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ခဲ့သည်။[၂၄] ကျောင်းသား၊ ကျောင်းသူ အများစုသည် အသင်းဝင် ဖြစ်ရန် ဆန္ဒမရှိသော်လည်း ပညာရေးနှင့် အခြားအခွင့်အလမ်းများကြောင့် အသင်းဝင်များ ဖြစ်လာခဲ့ ကြသည်။

ထို့ပြင် တာချီလိတ်မြို့မှ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်တစ်ဦး၏အဆိုအရ အသင်းသို့ ဝင်ရောက်သော ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ ဘာသာရပ်များတွင် အနည်းဆုံး အမှတ် (၂၀)ခန့် အပိုဆောင်း ရရှိကြောင်း သိရသည်။[၂၅] အသင်းလုပ်ငန်းများတွင် အချိန်ကုန်၍ ကျောင်းသင်ခန်းစာများ ကို မလိုက်နိုင်ခဲ့သော်လည်း အချိန်တန်လျှင် လိုအပ်သည့်အမှတ်များကို ဖြည့်ပေးခဲ့သည်။ ပြည်တွင်း ခရီးသွားလာရေးကိစ္စများတွင်လည်း နိုင်ငံသားစိစစ်ရေးကဒ်ပြားမလိုအပ်ပဲ ပြည်ခိုင်ဖြိုး အသင်းဝင် ကဒ်ပြားဖြင့် လွတ်လပ်စွာ သွားလာခွင့်ရရှိသည်။[၂၆] ထို့ပြင် ထူးချွန်သော အသင်းဝင်ကျောင်းသူ၊ ကျောင်းသားများကို လူရည်ချွန်များအဖြစ် ပြည်ခိုင်ဖြိုးခေါင်းဆောင်များက အသိအမှတ်ပြု၍ ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ ဤသို့ဖြင့် အခြားသော ကျောင်းသူကျောင်းသားများကိုပါ ပြည်ခိုင်ဖြိုး အသင်းသို့ ဝင်ရောက်လာအောင် ဆွဲဆောင်စည်းရုံးခဲ့ကြသည်။

## *စီးပွားရေး*

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အာဏာပိုင်အဆင့်ဆင့်သည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း နာယကများနှင့် ပြည်နယ်၊ တိုင်း တာဝန်ခံ ဗဟိုအလုပ်အမှုဆောင်များ၏ သဘောတူ

ခွင့်ပြုချက်မရဘဲ မည်သည့်စီးပွားရေးလုပ်ငန်းကိုမျှ လုပ်ကိုင်ခြင်းမပြုရန် ဌာနချုပ်၏ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ စာအမှတ်–၅/ကြံ့ခိုင်ရေး/၉၅ (ဝ၆၁) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရပ်ကွက်/ကျေးရွာများကို စီးပွားရေးအလို့ငှာ မည်သည့်စီးပွားရေးလုပ်ငန်းကိုမျှ လုပ်ကိုင်ခွင့်မပြုကြောင်း ဌာနချုပ်၏ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ စာအမှတ်–၅/ကြံ့ခိုင်ရေး /၉၅ (၅၄၇)ဖြင့်လည်းကောင်း ညွှန်ကြားထားသည်ကို တွေ့ရသည်။

သို့သော်လည်း ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ပြုလုပ်သည့် ပြည်ခိုင်ဖြိုး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (၁၁/၉၅)အစည်းအဝေးမှ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများသည် အသင်း၏ရံပုံငွေအတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်း စည်မျဉ်း၊ စည်းကမ်းများကို အထူးသတိပြု လိုက်နာဆောင်ရွက်သွားရန် ဌာနချုပ်၏ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့စွဲပါ စာအမှတ် ၅/ကြံ့ခိုင်ရေး/၉၅ (၅၄၇)ဖြင့် ညွှန်ကြားခဲ့သည်။ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များမှာ–

(က) နိုင်ငံနှင့်လူမျိုးအတွက် အကျိုးယုတ်စေမည့် စီးပွားရေးလုပ်ငန်းများ ပြုလုပ်ခြင်းမပြုရန်။
(ခ) အသင်းအဆင့်ဆင့်၏ စည်းရုံးရေးကို ထိခိုက်စေမည့် အခြား စီးပွားရေးအဖွဲ့အစည်းများမှ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ဆောင်ရွက်မှု မပြုရန်။
(ဂ) အသင်းအဆင့်ဆင့်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော၊ အသင်းဝင်များ၏ အကျင့်စာရိတ္တ ပျက်ပြားစေသော၊ အများပြည်သူများ၏အမြင်တွင် မတင့်တယ်သော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရန်။ (ဥပမာ–အရက်ဆိုင်လုပ်ငန်း၊ သားသတ်လုပ်ငန်း) စသည်တို့ ဖြစ်သည်။[၂၇]

အမှန်တကယ်လက်တွေ့တွင်မူ ပြည်ခိုင်ဖြိုးအသင်းသည် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဖော်ပြပါအချက်များနှင့် ဆန့်ကျင်နေပေသည်။ ပြည်ခိုင်ဖြိုးအသင်းက မြန်မာနိုင်ငံ၏ စီးပွားရေးအခန်းကဏ္ဍတစ်ခု ရယူထားခြင်းသည် နအဖစစ်အစိုးရအား ဈေးကွက်စီးပွားရေးစနစ်အတွင်းရှိ စီးပွားရေးအင်အားများကို အလွယ်တကူ ထိန်းချုပ်နိုင်အောင် လမ်းဖွင့်ပေးခဲ့သည်။[၂၈]

မြန်ဂုဏ်မြင့်ကုမ္ပဏီသည် ပြည်ခိုင်ဖြိုးအသင်း၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ ၁၉၉၅ ခုနှစ်ဆန်းမှစ၍ နဝတ(ယခု နအဖ)၏ ပံ့ပိုးမှုဖြင့် ကျပ် ၆၈ သန်း ရင်းနှီးမြှုပ်နှံ၍ "မြန်ဂုဏ်မြင့်" ကုမ္ပဏီကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ နဝတ (နအဖ)က လွှဲပေးသည့် ဒဂုံမြို့သစ်မြောက်ပိုင်း ပင်လုံရတနာဈေးကြီးရှိ ဆိုင်ခန်း ၃၈၂ ခန်း ရောင်းရငွေ ကျပ် ၃၉ သန်းနှင့် လစဉ်ငှားရမ်းခ ကျပ် ၆ သောင်းခွဲနှင့် နဝတ (ယခု အနဖ)က လွှဲပေးသည့် မြေနီကုန်းဈေးမှလည်း ကျပ်သန်း ၂၀၀ ရရှိခဲ့သည်။ ထို့ကြောင့် ပြည်ခိုင်ဖြိုးအသင်းသည် နိုင်ငံပိုင်အရင်းအမြစ်များကိုအသုံးပြုပြီး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တစ်နှစ်အတွင်း ကျပ်ငွေ ၃၆ ကုဋေကျော်နှင့် ဆိုင်ခန်းငှားခများလည်း လစဉ်သန်းချီ၍ ရရှိခဲ့သည်။[၂၉] ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ပြည်ခိုင်ဖြိုးနှစ်ပတ်လည် အစည်းအဝေးသို့ တင်သွင်းသော

အစီရင်ခံစာအရ ပြည်ခိုင်ဖြိုးအနေဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းများကို အသုံးပြု၍ စီးပွားရေးလုပ်ကိုင်ခဲ့ရာ အမြတ်ငွေစုစုပေါင်း ၃၆၂ သန်း ရရှိခဲ့သည်။[၂၀]

ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာဈေးကွက်နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အပါအဝင် စီးပွားရေးလုပ်ငန်းများစွာကိုလည်း ပြည်ခိုင်ဖြိုးအသင်းက ထိန်းချုပ်ထားသည်။[၂၁] ပြည်ခိုင်ဖြိုးအသင်းသည် ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် (၂၄)ရှိ မြေဧရိယာဧက (၁၅.၅၀၇)ကို လွှဲပြောင်းရယူထားပြီး ၎င်းမြေကွက်များကို ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ဒေသခံလယ်သမားများအား အငှားချပေးခဲ့သည်။[၂၂] စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်တွင်လည်း အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ရေးများအတွက် ဒေသခံပြည်သူလူထု ထောင်ပေါင်းများစွာကို အဓမ္မလုပ်အားပေး စေခိုင်းခဲ့ပြီး အနိုင်ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းလယ်ဧကသစ် (၃၀၀၀) အနက် မော်လိုက်တွင် အခြေစိုက်သည့် ခမရ ၃၆၄ နှင့် ခမရ ၃၆၆ တပ်ရင်းများက ဧက (၁၀၀၀) စီ၊ မင်းကင်းမြို့နယ် ပြည်ခိုင်ဖြိုးအသင်းက ဧက (၅၀၀) ခွဲဝေယူပြီး ကျန်သည့် ဧက (၅၀၀) ကိုသာ ဒေသခံပြည်သူများ ရရှိခဲ့သည်။[၂၂]

နအဖစစ်အစိုးရ၏ ထောက်ပံ့အားပေးမှု သို့မဟုတ် နိုင်ငံတော်ပိုင် ဘဏ္ဍာငွေများနှင့် ပစ္စည်းများကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများစွာလည်း ရှိသည်။ ဥပမာအားဖြင့်– ရထား၊ လိုင်းကား စသည့် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အငှားကားလုပ်ငန်း၊ အခွန်ငွေကောက်ခံခြင်းလုပ်ငန်း၊ နိုင်ငံကူးလက်မှတ်များထုတ်ပေးခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ၊ မြေကွက်များနှင့်ဈေးဆိုင်ခန်းများအငှားချစားခြင်း၊ ဘိလပ်မြေအိပ်များ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သောက်သုံးရေဖြန့်ဝေခြင်းလုပ်ငန်း၊ ကျောက်ထုတ်လုပ်ငန်း၊ အုတ်ဖုတ်လုပ်ငန်း၊ ဖယောင်းတိုင် ရောင်းချသည့်လုပ်ငန်း၊ အင်းလုပ်ငန်း၊ ကူးတို့လုပ်ငန်း၊ စပါးသီးစားချခြင်းလုပ်ငန်း၊ ပဲနှမ်း ဝယ်ယူသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း၊ ပြည်ပမှ မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များနှင့် တာယာများကို အခွန်ကင်းလွတ်စွာဖြင့် တင်သွင်းခြင်းလုပ်ငန်း၊ စသဖြင့် မြောက်များစွာသော စီးပွားရေးလုပ်ငန်းများဖြစ်ကြသည်။[၂၄]

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အနုပညာလုပ်ငန်းများတွင်လည်း တဖြည်းဖြည်းချင်း လွှမ်းမိုးချုပ်ကိုင်လာခဲ့သည်။ ယခင်က ဗိုလ်ချုပ်ခင်ညွန့် ဦးဆောင်သော စစ်ထောက်လှန်းရေးများ လုပ်ကိုင်ခဲ့သည့် စီးပွားရေးလုပ်ငန်းများနည်းတူ "*ရွှေစင်*" ဗွီဒီယို ရိုက်ကူးထုတ်လုပ်ရေးကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ပြီး စီးပွားရေးလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့သည်။ ယခင်စစ်ထောက်လှန်းရေးအဖွဲ့ရှိစဉ်က "*စေတမန်* "နာမည်နှင့် ဗွီဒီယို၊ စီဒီ၊ ဗွီစီဒီ တေးစီးရီးထုတ်လုပ်ရေးများသာမက၊ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများကိုပါ စီးပွားဖြစ် ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့သည်။ ဗိုလ်ချုပ်ခင်ညွန့် ဦးဆောင်သည့် စစ်ထောက်လှန်းရေးများကို ချေမှုန်းပြီးသည့်နောက်ပိုင်းကာလတွင် ထိုစေတမန်ကုမ္ပဏီကို လက်ရှိစစ်အစိုးရက သိမ်းယူကာ ယခုပြည်ခိုင်ဖြိုး (ခေါ်) ပြည်ထောင်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရွှေစင် အမည်ဖြင့် ပြန်လည်ဖွဲ့စည်း၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။[၂၅] ထို့ပြင် စာရေးဆရာများ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အခြားအနုပညာလုပ်ငန်းများအပေါ်တွင်လည်း အသင်းဝင်ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မူတည်၍ ကန့်သတ်ချုပ်ချယ်မှုများ ရှိခဲ့သည်။ သာဓကအားဖြင့်

ပြည်ခိုင်ဖြိုးအသင်းဝင် အနုပညာရှင်များအနေဖြင့် ၎င်းတို့၏ အနုပညာလက်ရာများကို ရောင်းချရာတွင်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေရာတွင်လည်းကောင်း အောင်မြင်မှုရရှိရန် အခွင့်အလမ်း ပိုများသည်။ ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန်ငြင်းဆိုသော အနုပညာရှင်များကို ၎င်းတို့၏ အနုပညာလုပ်ငန်းများ ပိတ်ပင်ခံရမည်ဟု ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။[၃၆]

မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းသစ်များ ထူထောင်လုပ်ကိုင်ရန် လုပ်ငန်းခွင့်ပြုချက် အမိန့်များ ချပေးခြင်းကိုလည်း ပြည်ခိုင်ဖြိုးအသင်းက ဦးစီးချုပ်ကိုင်ခဲ့သည်။ ထိုလုပ်ငန်းများကို ယခင်က စစ်ထောက်လှမ်းရေးဟောင်းများမှ ဦးစီးလုပ်ကိုင်ခဲ့သည်။[၃၇] လုပ်ငန်းဌာနတစ်ခုတွင် အတိုက်အခံအင်အားစုအဖွဲ့များမှ အဖွဲ့ဝင်များအား အလုပ်ခန့်အပ်ထားသည်ကို တွေ့ရှိပါက လုပ်ငန်းရှင်အနေဖြင့် လုပ်ငန်းခွင့်ပြုချက် လိုင်စင်ရုပ်သိမ်းခြင်း ခံရသည်။ ပြည်ခိုင်ဖြိုးအသင်းက ရန်ကုန်မြို့ရှိ ကားပိုင်ရှင်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအား ယာဉ်မောင်း (သို့မဟုတ်) ကားစပယ်ယာအလုပ်များတွင် ခန့်ထားခြင်းမပြုရန်၊ အကယ်၍လိုက်နာရန် ပျက်ကွက်ခဲ့ပါက ၎င်းတို့၏လုပ်ငန်းများကို ပိတ်ပင်ခြင်း (သို့မဟုတ်) ထောင်ဒဏ် အပြစ်ပေးခြင်းများကို ရင်ဆိုင်မည်ဟု ခြိမ်းခြောက်ညွှန်ကြားခဲ့သည်။[၃၈]

အသင်း၏စည်းကမ်းချက်အရ အသင်းအဆင့်ဆင့် ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော အသင်းဝင်များ၏ အကျင့်စာရိတ္တပျက်ပြားစေသော၊ အများပြည်သူများ၏အမြင်မှာ မတင့်တယ်သော၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရဟု ညွှန်ကြားထားသော်လည်း လက်တွေ့တွင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် အရက်ဆိုင်များ ဖွင့်လှစ်ရောင်းချ၍ စီးပွားရှာနေသည်ကို တွေ့ရှိရသည်။ ဥပမာအားဖြင့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သီတာအေးရပ်ကွက်ရှိ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်လည်းဖြစ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရယက)လည်းဖြစ်သည့် ဦးအေးဖေ ဆိုသူက အရက်ဆိုင်ကို ပြောင်ပြောင်တင်းတင်း ဖွင့်လှစ်ရောင်းချ၍ စီးပွားရှာခဲ့သည်။[၃၉]

မြန်မာပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းအတော်များများသည် ပြည်ခိုင်ဖြိုးအသင်း၏ ခြိမ်းခြောက်မှုများ၊ အနှောင့်အယှက် ပေးမှုများကို မကြာခဏ ရင်ဆိုင်ရသည်။ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်း ပခုက္ကူမြို့နယ်မှ နယ်မြေခံ ပြည်ခိုင်ဖြိုးအတွင်းရေးမှူး တစ်ဦးဖြစ်သူ ကိုကျော်တင့်က ၎င်း၏တပည့်များကိုအသုံးပြု၍ ပြိုင်ဘက်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ကိုရှိန်ဝင်း၏လုပ်ငန်းများတွင် မဆီမဆိုင် ဝင်ရောက်စွက်ဖက်ပြီး အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်ရန်ရှာခဲ့သည်။ အဆိုပါအတွင်းရေးမှူးသည် ရောဝတီမြစ်လှေဆိပ်၏ ကုန်တင်ကုန်ချလုပ်ငန်းများကိုလည်း ချုပ်ကိုင်ထားခဲ့သည်။ မကြာခဏဆိုသလို အသင်းရံပုံငွေအတွက်ဟုအကြောင်းပြ၍ စီးပွားရေးသမားများထံမှ ငွေကြေးကောက်ခံပြီး မိမိကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်။[၄၀] ဤအချက်သည် အခြားစီးပွားရေးအဖွဲ့အစည်းများမှ လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ဆောင်ရွက်ခြင်းမပြုရ ဟုဆိုသည့် ပြည်ခိုင်ဖြိုးအသင်းမှ ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များနှင့် ဖီလာဆန့်ကျင် ဖြစ်နေခဲ့သည်။

## ***အစိုးရဌာနများ***

အစိုးရဝန်ထမ်းမှန်လျှင် အလိုအလျောက် ပြည်ခိုင်ဖြိုးအသင်းဝင်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသောကြောင့် မြန်မာနိုင်ငံရှိ အစိုးရဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများအားလုံးသည်  အသင်းဝင်ခွင့်လျှောက်လွှာပုံစံများကို မဖြည့်စွက်ရပဲ အလိုအလျောက်ပြည်ခိုင်ဖြိုးအသင်းဝင်များ ဖြစ်နေကြသည်။ အချို့ အစိုးရအမှုထမ်းများသည် ၎င်းတို့အား အသိပေးခြင်း သို့မဟုတ် ၎င်းတို့၏သဘောတူညီမှုမရှိဘဲ ပြည်ခိုင်ဖြိုးအသင်းဝင်များ ဖြစ်လာရခြင်းကြောင့် မည်သည့်နေ့ရက်တွင် အသင်းသို့ဝင်ရောက်ခဲ့သည့်ကို သတိမမူမိခဲ့ကြချေ။[၄၁]

၂၀၀၇ ခုနှစ်တွင် ကရင်ပြည်နယ်အတွင်းရှိ ဆက်သွယ်ရေးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုလည်း ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန် ညွှန်ကြားလာခဲ့သည်။ အလားတူစွာ အာဏာပိုင်များက ၁၉၉၈ ခုနှစ်မှစ၍ အသိအမှတ်ပြုထားသည့် ဇူလိုင်လ (၃) ရက် မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ဂုဏ်ပြုသည့် အနေဖြင့်ဟုဆိုကာ ကရင်ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအားလုံးကို ပြည်ခိုင်ဖြိုး၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အမြန်ဆုံးဝင်ရောက်ကြရန် ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(ပယက)က ညွှန်ကြားချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။  မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ရုံးကလည်း  မြန်မာနိုင်ငံရှိ ရဲတပ်ဖွဲ့ဝင်အားလုံးကို ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ပြီးဖြစ်ရေး အလေးထားကြပ်မတ် ဆောင်ရွက်သွားရန် သက်ဆိုင်ရာမြို့နယ်များအား ညွှန်ကြားခဲ့သည်။ ထို့ပြင် လျှောက်လွှာမတင်ရသေးသည့် တပ်ဖွဲ့ဝင်မိသားစုများကိုလည်း တစ်လအတွင်း အားလုံးလျှောက်ထားရန် အမိန့်ထုတ်ညွှန်ကြားခဲ့သည်။[၄၂]

အစိုးရဌာနများ၌ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသူများသည် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်မဟုတ်ပါက သက်ဆိုင်ရာ မြို့နယ်ပြည်ခိုင်ဖြိုး ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံမှ ထောက်ခံကြောင်း လက်မှတ်ရေးထိုးထားသည့် ထောက်ခံစာများ တပါတည်း ယူဆောင်လာရသည်။ အဆိုပါထောက်ခံစာများရရှိရန်အတွက် မြို့နယ်ပြည်ခိုင်ဖြိုးဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို အနည်းဆုံး ငွေကျပ်တစ်သောင်းခန့် ပေးရသည်။ ထောက်ခံချက်မပါရှိပါက အစိုးရအလုပ်တစ်ခု ရရှိရန်အတွက် အခွင့်အလမ်း အလွန်နည်းပါးသည်။[၄၃] တစုံတစ်ယောက်သည် အစိုးရဝန်ထမ်းတစ်ဦး ဖြစ်လာပါက အလုပ်ကို ဘေးအန္တရာယ်ကင်းရှင်းစွာ ရေရှည်လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံရေးနှင့်ကင်းရှင်းရသည်။ အဖြစ်အပျက်တစ်ခုအရ အစိုးရဝန်ထမ်းတစ်ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စီစဥ်ခဲ့သော အသနားခံစာ (Petition) တစ်ခုအား လက်မှတ်ရေးထိုးခဲ့ခြင်းနှင့်ပတ်သက်၍ ပြည်ခိုင်ဖြိုးအသင်းဝင်များက နအဖစစ်အာဏာပိုင်များထံ တိုင်ကြားခဲ့သဖြင့် အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။[၄၄]

## ***အတိုက်အခံအင်အားစုများ***

မြန်မာပြည်ရှိ အတိုက်အခံပါတီများ အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ပြည်ခိုင်ဖြိုးအသင်း၏ အသင်းသားစုဆောင်ရေး နည်းဗျူဟာများနှင့် ထိပ်တိုက် ရင်ဆိုင်နေရသည်။ အထူးသဖြင့် NLD အဖွဲ့ဝင်များသည် ပါတီမှ နုတ်ထွက်ရန် မက်လုံးပေးဆွဲဆောင်ခြင်း၊ ဖိအား

ပေးခြိမ်းခြောက်ခြင်းများကို နေ့စဉ်ရင်ဆိုင်ခဲ့ရသည်။ မြန်မာစစ်အစိုးရသတင်းစာများတွင် NLD အဖွဲ့ဝင်များသည် ပါတီကို ဆန့်ကျင်နှုတ်ထွက်နေသည်ဟု မကြာခဏဆိုသလို ရေးသားဖော်ပြခဲ့သည်။ အမှန်တကယ်အားဖြင့် ပါတီဝင်အများစုသည် ပါတီကို ဆန့်ကျင်၍ နုတ်ထွက်ကြခြင်းမဟုတ်ပဲ အာဏာပိုင်များ၏ ဖိအားများနှင့် မက်လုံးပေးဆွဲဆောင် စည်းရုံးခြင်းများကြောင့် နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။ အဖွဲ့ဝင်အများစုသည် ပညာရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိမည်ဟူသော မျှော်လင့်ချက်များဖြင့် အဖွဲ့ချုပ်မှ နှုတ်ထွက်ကြသည်။ အခြားတဘက်တွင်ကား အာဏာပိုင်များ၏ ဆန္ဒများကိုမ လိုက်လျောပါက မိသားစုစားဝတ်နေရေးအတွက် ရေရှည်ရပ်တည်ရေးကိုပါ ခြိမ်းခြောက်လာနိုင်သည့်အတွက် အဖွဲ့ချုပ်မှနုတ်ထွက်ခဲ့ရသူ အများအပြားရှိခဲ့သည်။ မည်သို့ပင်ဖြစ်စေ အာဏာပိုင်များ၏ အတားအဆီး အနှောက်အယှက်များကြားထဲကပင် ကြံ့ကြံ့ခံပြီး အဖွဲ့ချုပ်လုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်နေသူများလည်း ရှိခဲ့သည်။

ပြည်ခိုင်ဖြိုးအသင်းသည် NLD ပါတီအား အင်အားချိနဲ့စေပြီး နောက်ဆုံးတွင် ပါတီအားလုံးဝဖျက်သိမ်းပစ်နိုင်ရန်အထိ ထိပ်တန်းစစ်အရာရှိများ၏ ကူညီပံ့ပိုးမှုဖြင့် စနစ်တကျ စီမံကိန်းရေးဆွဲလုပ်ဆောင်ခဲ့သည်။ ထို့နည်းတူစွာ ပြည်ခိုင်ဖြိုးအသင်းသည် စစ်အစိုးရက ချမှတ်ထားသော အသေးစိတ်စီမံချက်များအတိုင်း အသင်းသားသစ်များကိုလည်း စနစ်တကျ စုဆောင်းခဲ့သည်။ အသင်းဝင်သစ်များ စုဆောင်းရာတွင် အနှာက်အယှက်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် နည်းလမ်းများကို အသုံးပြုလုပ်ဆောင်နေသော်လည်း ပြည်ခိုင်ဖြိုးအသင်း၏ ထုတ်ပြန်ကြေညာချက်များနှင့် အစီရင်ခံစာ အများအပြားတွင်မူ အသင်းသားစုဆောင်းရေးကို ပိုမိုသိမ်မွေ့သော နည်းလမ်းများဖြင့် ဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲဖြင့် ပြည်ခိုင်ဖြိုးနာယက၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအားလုံးသို့ ဖြန့်ဝေသော တောင်ဥက္ကလာပမြို့နယ်၏ လျှို့ဝှက်စီမံချက်တစ်ခုတွင် မြန်မာပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြား အတိုက်အခံအဖွဲ့အစည်းများ၏ စိတ်ဓါတ်ရေးရာနှင့် လှုပ်ရှားမှုနယ်မြေများ ကျဉ်းမြောင်းလာစေရန်နှင့် အတိုက်အခံအင်အားစုများမှ သာမန်အဖွဲ့ဝင်များအား ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်လာစေရန် စည်းရုံးလုပ်ဆောင်ရမည့် ပြည်ခိုင်ဖြိုးအသင်း၏ စီမံချက်များကို ရှင်းလင်းစွာ ဖော်ပြထားသည်။ တချိန်တည်း၌ပင် ၎င်းဦးတည်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်ခိုင်ဖြိုးအသင်းက လုပ်နည်းလုပ်ဟန် အမျိုးမျိုးကို စနစ်တကျ ပုံစံချ စီစဉ်ခဲ့သည်။ ဥပမာအားဖြင့် စည်းရုံးရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်ခိုင်ဖြိုးအသင်းဝင်မဖြစ်သေးသူများအား အသင်းဝင်များဖြစ်လာအောင် စည်းရုံးရန်နှင့် အသင်းဝင်အဖြစ်မပါဝင်နိုင်သူများကို အတိုက်အခံအင်အားစုများအတွင်းသို့ မဝင်ရောက်သွားနိုင်အောင် စည်းရုံးရန်တို့ဖြစ်သည်။ ဤနည်းအားဖြင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏နယ်မြေများ ကျဉ်းမြောင်းလာစေပြီး တဖြည်းဖြည်း ပပျောက်သွားအောင်း လုပ်ဆောင်ရန်ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ အတိုက်အခံအဖွဲ့အစည်းများ ဦးမော့မလာနိုင်အောင် ၎င်းတို့လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းများကို အသေးစိတ်လေ့လာပြီး အလားသဏ္ဍာန်တူ စီးပွားရေးလုပ်ငန်းများ

ထူထောင်၍ ယှဉ်ပြိုင်လုပ်ဆောင်ရန် ဖြစ်သည်။ ထို့အပြင် သာမန်အတိုက်အခံအဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်းသည် ပြည့်စုံသည့်အရင်းအနှီးမရှိပါက ပြည်ခိုင်ဖြိုးအဖွဲ့ဝင် အမာခံများမှတဆင့် ပုဂ္ဂိုလ်ရေးခင်မင်အောင် ပေါင်းသင်းပြီး ရင်းနှီးငွေထောက်ပံ့၍ ၎င်းတို့အား ပြည်ခိုင်ဖြိုးအသင်းသို့ ပါဝင်လာအောင် ဆွဲဆောင်စည်းရုံးရန်တို့ ဖြစ်သည်။[၄၅]

၂၀၀၇ ခုနှစ်၊ မတ်လအတွင်း၌ ပြင်ဦးလွင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဘထူးကို အဖွဲ့ချုပ်ကနေ နုတ်ထွက်ပေးရန် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးခင်မောင်အေးက မက်လုံးပေး ဆွဲဆောင်စည်းရုံးခဲ့သည်။ ဦးဘထူး၏အဆိုအရ ပါတီဝင်များကို အဖွဲ့ချုပ်မှနုတ်ထွက်ရန် လိုက်လံစည်းရုံးရာတွင် အာဏာပိုင်များက ငွေကြေးများ၊ ဂျီအက်စ်အမ် တယ်လီဖုန်းများနှင့် လုပ်ငန်းလုပ်ပိုင်ခွင့်ကန်ထရိုက်များ ပေးကမ်း၍ စည်းရုံးခဲ့သည်။ သို့သော်လည်း ပြင်ဦးလွင် အဖွဲ့ချုပ်ဝင်များက အာဏာပိုင်များ၏ မက်လုံးများကို ဂရုမစိုက်ပဲ အဖွဲ့ချုပ်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ကိုင်သွားမည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။[၄၆]

၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်တွင် ပြုလုပ်သော အစည်းအဝေးတစ်ခုတွင် တက်ရောက်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များကို အမှတ်(၁၉) စစ်ထောက်လှမ်းရေးဌာနအကြီးအကဲ ဗိုလ်မှူးမြင့်ဦးက "မိမိတို့အနေဖြင့် နိုင်ငံတဝှမ်းပြုလုပ်သော ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲများတွင် ဖော်ထုတ်ပြသခဲ့ကြသော ပြည်သူတို့၏ဆန္ဒကို လေးစားရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် NLD ပါတီကို တရားမဝင်အသင်းအဖြစ် တားမြစ်ပိတ်ပင်ပေးရန် မေတ္တာရပ်ခံထားကြောင်း၊ ထို့ကြောင့် မြိတ်မြို့နယ်အတွင်းရှိ ပါတီဝင်များအနေဖြင့် ယခုလမကုန်ခင် အဖွဲ့ချုပ်မှနုတ်ထွက်ပေးကြရန် ပြောကြားလိုကြောင်း၊ သတ်မှတ်ရက်အတွင်း အဖွဲ့ချုပ်မှ နုတ်ထွက်ပေးရန် ပျက်ကွက်သူများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ထုတ်ဖော် ပြောကြားသွားခဲ့သည်။ အဆိုပါသတိပေးချက်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် ၁၀၀၀ ကျော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၀၀ ဦးကို ဖမ်းဆီးထိန်းသိမ်းပြီးမကြာခင် ထွက်ပေါ်လာခြင်းဖြစ်သည်။[၄၇]

ပြည်ခိုင်ဖြိုးအသင်းသည် NLD ပါတီဝင်များကို ခြိမ်းခြောက်၍ ပါတီမှနုတ်ထွက်စေခြင်း၊ ပါတီအား ဆန့်ကျင်ရှုံ့ချခြင်းနှင့် ပါတီအား ဖျက်သိမ်းပေးရန် တောင်းဆိုနေခြင်းများကို နည်းလမ်းမျိုးစုံ အသုံးပြု၍ လုပ်ဆောင်ခဲ့သည်။ စစ်အစိုးရပိုင်မီဒီယာများနှင့် သတင်းစာများတွင်လည်း NLD ပါတီဝင်များ နုတ်ထွက်နေသည့်အကြောင်းကို မကြာခဏ အကျယ်ချဲ့၍ ဖော်ပြခဲ့သည်။ ၂၀၀၆ ခုနှစ်၊ ဧပြီလကုန်ပိုင်းတွင် NLD အဖွဲ့ဝင် ၁၃၀ နီးပါးခန့် ပါတီမှ နုတ်ထွက်ခဲ့ကြောင်း စစ်အစိုးရမီဒီယာများက ကြေညာခဲ့သည်။[၄၈] သို့ရာတွင် NLD ပါတီသည် အဖွဲ့ဝင် (၄)ဦး၏ တရားဝင်နုတ်ထွက်စာများကိုသာ ရရှိခဲ့သည်။[၄၉] ဤအချက်ကို ကြည့်ခြင်းအားဖြင့် အခြားနုတ်ထွက်မှုများသည် အတင်းအကျပ် စေခိုင်းခံခဲ့ရခြင်းသာ ဖြစ်နိုင်ဖွယ်ရှိ၍ ပါတီဝင်(၄)ဦးသာလျှင် စိတ်မလုံသောကြောင့် ပါတီသို့ ၎င်းတို့လုပ်ရပ်များကို ဝန်ခံခဲ့ခြင်းဖြစ်သည်။

၂၀၀၆ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်တွင်

ပြည်ခိုင်ဖြိုးအသင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များအား ခြိမ်းခြောက်၍ ပါတီမှနုတ်ထွက် ခိုင်းခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင်လည်း မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့ သာယာကုန်း ကျေးရွာမှ အဖွဲ့ချုပ် စည်းအဖွဲ့ဝင် ကိုနေမျိုးအောင်၏နေအိမ်သို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရယက) အဖွဲ့ဝင်များ၊ နယ်ထိမ်းရဲများ၊ ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များ ရောက်ရှိ လာပြီး အဖွဲ့ချုပ်မှ နှုတ်ထွက်ပေးရန် အတင်းအကျပ် ဖိအားပေးခဲ့သည်။ ထို့အပြင် ပြင်ဦးလွင် နောင်ခမ်းကြီးကျေးရွာမှ အဖွဲ့ချုပ်စည်းအဖွဲ့ဝင် ကိုဝင်းဗိုလ် ကိုလည်း ဇွန်လ(၁၇) ရက်နေ့၌ ရယကမှ ခေါ်ယူခြိမ်းခြောက်ပြီး သတင်းပေးအဖြစ်တာဝန်ပေးအပ်မှုကို ကိုဝင်းဗိုလ်က ငြင်းဆိုခဲ့သည်။[၅၀]

စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအသင်းသည် အဖွဲ့ချုပ်ပါတီအဖွဲ့ဝင်များကို မက်လုံး အမျိုးမျိုးပေး၍ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရန် ဆွဲဆောင်စည်းရုံးခဲ့သည်။ ရွှေဘိုမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးအောင်မျိုး၏ အဆိုအရ ဒေသခံအာဏာပိုင်များနှင့် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် အထူးသဖြင့် ကျေးလက်ဒေသရှိ NLD ပါတီအဖွဲ့ဝင် လယ်သမားများကို ပါတီမှ နုတ်ထွက်ပါက အတိုးလွတ် စိုက်ပျိုးရေးချေးငွေများ ထုတ်ပေးမည်ဟု မက်လုံးပေးကာ ပါတီဝင် အဖြစ်မှ နုတ်ထွက်ခိုင်းခဲ့သည်။ သို့သော်လည်း အဖွဲ့ဝင်များမှာ ပါတီဝင်အဖြစ်မှ နုတ်ထွက်ရန် ဆန္ဒမရှိ သဖြင့် ထိုကမ်းလှမ်းချက်ကို လက်မခံခဲ့ကြပေ။[၅၁] ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ပြည်ခိုင်ဖြိုး အသင်းဝင်များသည် မန္တလေးတိုင်းအတွင်းရှိ NLD ပါတီအဖွဲ့ဝင်များ၏နေအိမ်များသို့ သွားရောက်၍ ပါတီဝင်များအား ဖြစ်ပေါ်လာမည့် မည်သည့်ပြဿနာမျိုးကိုမဆို ကာကွယ်ပေးမည်ဖြစ်ကြောင်း ပြော ဆိုခဲ့ပြီး ပါတီမှနှုတ်ထွက်ခိုင်းခဲ့သည်။[၅၂] ထို့အပြင် မြင်းခြံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင် မောင်ဝင်းကိုလည်း ပါတီမှနုတ်ထွက်၍ စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ရန် ကျပ်ငွေ သန်းပေါင်းများ စွာကို အတိုးလွတ် အချိန်အကန့်အသတ်မရှိ ချေးငှား၍ စည်းရုံးခဲ့သည်။ သို့သော်လည်း ဦးမောင် မောင်ဝင်းသည် ပါတီမှ နုတ်ထွက်ရန် ငြင်းဆိုခဲ့သည်။[၅၃]

ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအား အခြားနည်း လမ်းအမျိုးမျိုးသုံး၍လည်း အနှောက်အယှက်ပေးခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀၊၂၁ တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်မှ ပြည်ခိုင်ဖြိုးအဖွဲ့ဝင် (၃)ဦးသည် ပေါက်ကံကျေးရွာမှ ဒေသခံရွာသား(၂၀) ကျော်တို့အား အမည်စာရင်းများနှင့်တကွ သွားရောက်၍ NLD ပါတီမှ နှုတ်ထွက်ကြောင်း အတင်း အဓမ္မ လက်မှတ်ရေးထိုးခိုင်းခဲ့သည်။ အဆိုပါရွာသားများသည် အမှန်တကယ် NLD အဖွဲ့ဝင်များ မဟုတ်ကြချေ။ သို့သော်လည်း ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် အဆိုပါရွာသားများအား အကြမ်းဖက် လုပ်ရပ်များတွင် NLD ပါတီနှင့် ပူပေါင်းကြံစည်သည်ဟု စွပ်စွဲကာ အတင်းအဓမ္မလက်မှတ် ရေးထိုးခိုင်း ခြင်းဖြစ်သည်။ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလတွင်လည်း စစ်ကိုင်းတိုင်း၊ ကလေးဝမြို့နယ် NLD မြို့နယ်စည်း ရုံးရေးကော်မတီ လူငယ်စည်းရုံးရေးတာဝန်ခံ ဒေါ်ခင်နှင်းကြည်အား လက်ရှိရာထူးမှ နုတ်ထွက်ပေးရန် အတင်းအဓမ္မ ဖိအားပေး လက်မှတ်ရေးထိုးခိုင်းခဲ့သည်။ အကယ်၍ မနှုတ်ထွက်လျှင် ၄င်း၏ခင်ပွန်းဖြစ်သူ အလုပ်ပြုတ်မည်ဟု အတင်းအဓမ္မ ဖိအားပေး၍ လက်မှတ်ရေးထိုးခိုင်းခဲ့ခြင်း ဖြစ်သည်။ သူမအနေဖြင့် လက်မှတ်ထိုးရန် ငြင်းဆိုခဲ့ခြင်းကြောင့် အကျိုးဆက်အနေဖြင့် လင်မယားကွာရှင်းပြတ်စဲပေးရသည့်

အနေအထားသို့ ဆိုက်ရောက်ခဲ့သည်။[၇၄]

ထို့ပြင် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းအတွင်းရှိ မတ္တရာနှင့် တံတားဦးမြို့နယ်များရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များကိုလည်း ပါတီမှ နုတ်ထွက်ရန် စစ်အစိုးရ လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက ဖိအားပေးခဲ့သည်။ မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီအဖွဲ့ဝင် ဒေါ်ဝင်းမြမြ၏အဆိုအရ တံတားဦးမြို့နယ် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များဖြစ်သော ကိုအောင်မြင့်၊ ကိုဝင်းစိန်နှင့် ကိုတင်ညွန့်တို့ ဦးဆောင်သောအဖွဲ့သည် ကျေးရွာများတွင် လှည့်လည်၍ NLD ပါတီဝင်များအား အဖွဲ့ချုပ်မှ နုတ်ထွက်စေရန် ဖိအားပေးခဲ့သည်။ တံတားဦး မြို့နယ်အတွင်းရှိ ဇီးပင်ရိုပ်ကျေးရွာမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များကို တစ်အိမ်လျှင် တစ်ယောက်နှုန်း ဆင့်ခေါ်၍ ပါတီဝင်အဖြစ်မှ ယခုအချိန်နုတ်ထွက်ပါက ဖြစ်လာမည့်ပြဿနာများကို ကာကွယ်ပေးမည်ဖြစ်ပြီး၊ အကယ်၍ မနုတ်ထွက်ပါက ညောင်နှစ်ပင်အမျိုးသားညီလာခံအပြီး အဖွဲ့ချုပ်အား တရားမဝင်အဖွဲ့အစည်းတခုအဖြစ် ကျေညာသည့်အချိန်ကျမှ ဖြစ်ပေါ်လာသည့် ပြဿနာများကို ပြည်ခိုင်ဖြိုးအနေဖြင့် တာဝန်ယူနိုင်လိမ့်မည်မဟုတ်ကြောင်း ပြောဆို၍ နုတ်ထွက်ခိုင်းခဲ့သည်။[၇၅]

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များကိုလည်း ပါတီမှ နုတ်ထွက်၍ ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန် ဖိအားပေးခဲ့သည်။ စစ်အစိုးရ လက်ကိုင်တုတ် ဒေသခံပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် NLD အဖွဲ့ဝင်များ၏နေအိမ်များသို့ သွားရောက်လည်ပတ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်ကဒ်ပြားများကို ၎င်းတို့ထံပေးအပ်၍ ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သည်။ နာခံရန်ငြင်းဆန်သူများကို နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်ခဲ့သည်။ အဖွဲ့ဝင်အချို့မှာ ပြည်ခိုင်ဖြိုးအလိုကျ လုပ်ဆောင်ရန် ဆက်လက်ငြင်းဆိုခဲ့ပြီး၊ အချို့မှာ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက အုပ်စုဖွဲ့ပြီး တိုက်ခိုက်လာမည်ကိုစိုးရိမ်သောကြောင့် ဆန္ဒမရှိပဲနှင့် လက်ခံခဲ့ကြသည်။[၇၆]

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်ပြီး ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန်ငြင်းဆန်ခဲ့ခြင်း၏ အကျိုးဆက်အနေဖြင့် အဖွဲ့ချုပ်ပါတီဝင်များမှာ စီးပွားရေးအကြပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့ကြရပြီး ပညာရေးဆိုင်ရာအခွင့်အလမ်းများလည်း နည်းပါးစေခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်မှ ဒေသခံအာဏာပိုင်များက NLD ပါတီဝင်များအား စာသင်ကျောင်းများတွင် ကျောင်းဆရာ၊ ဆရာမများအဖြစ် အလုပ်လုပ်ကိုင်ခြင်းကိုရပ်ဆိုင်းရန် အမိန့်ပေးတားမြစ်ခဲ့သည်။ မြိတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် တစ်ဦးဖြစ်သူ ဦးလှထွန်း (ခေါ်) ဦးဆန်းလှိုင်အား ကျွန်းစုမြို့နယ် ကျေးရွာတစ်ရွာရှိ ကျောင်းတစ်ကျောင်းတွင် အလယ်တန်းပြဆရာအဖြစ် ခန့်အပ်ခြင်းကို ငြင်းဆိုခံခဲ့ရသည်။ ဒေသခံအာဏာပိုင်ဥက္ကဋ္ဌနှင့် ပြည်ခိုင်ဖြိုးဥက္ကဋ္ဌများက ဦးလှထွန်းအား ခေါ်ယူတွေ့ဆုံကာ ဒေသခံစစ်ထောက်လှမ်းရေးများ၏ ညွှန်ကြားချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များကို စာသင်ကျောင်းများတွင် တာဝန်ထမ်းဆောင်ခွင့်မပြုနိုင်ဟု ပြောဆိုခဲ့သည်။[၇၇]

မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် ကျူရှင်ဆရာ ဦးဇော်ဇော်ကိုလည်း အာဏာပိုင်များက ဖိအားပေးခဲ့သည်။ ဦးဇော်ဇော်သည် ဒေါ်အောင်ဆန်း

စုကြည်နှင့် ဦးတင်ဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားလွှတ်မြောက်ရေး လှုပ်ရှားမှုတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့သူတစ်ယောက် ဖြစ်သည်။ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက ၎င်းအား အဖွဲ့ချုပ်မှ နုတ်ထွက်လျှင် လက်ကိုင်ဖုန်းနှင့် အခြားအခွင့်အလမ်းများပေးမည်ဟု မက်လုံးပေး ဆွဲဆောင်ခဲ့သည်။ သို့သော်လည်း ဦးဇော်ဇော် က အဖွဲ့ချုပ်မှ နုတ်ထွက်ရန် ငြင်းဆိုသောအခါ ၎င်းတရားဝင်ဖွင့်လှစ်ထားသော ကျူရှင်ကျောင်းကို ပြည်ခိုင်ဖြိုးအာဏာပိုင်များက ပိတ်ပင်ခဲ့ပြီး၊ တပည့်များကိုပါ အဆိုပါကျူရှင်ကျောင်းမှ နုတ်ထွက်ရန် ဖိအားပေးခဲ့သည်။[၅၈]

ပြည်ခိုင်ဖြိုးအသင်းသည် NLD ပါတီဝင်များအား ပြည်ခိုင်ဖြိုးအဖွဲ့သို့ ဝင်ရောက်လာအောင် နည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သော NLD ပါတီဝင်အချို့၏ အဆိုအရ အချို့သောပါတီဝင်များကို ဒေသခံပြည်ခိုင်ဖြိုးရုံးခွဲများသို့ ခေါ်ဆောင်၍ ပါတီမှနုတ်ထွက်ခိုင်းခဲ့သည်။ အချို့ပါတီဝင်များကို ပါတီမှနုတ်ထွက်ပါက တယ်လီဖုန်းတစ်လုံးအပါအဝင် ရာထူးကြီးကြီးနှင့် ငွေကျပ်တစ်သိန်းပေးမည်ဟု မက်လုံးပေး ဆွဲဆောင်စည်းရုံးခဲ့သည်။ ပြည်ခိုင်ဖြိုးအသင်းဝင်ဖြစ်ရန် ငြင်းဆန်နေသည့် ပါတီဝင်များအနေဖြင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းများတွင် အနှောက်အယှက်ပေးခြင်း၊ ကန့်သတ်ချုပ်ချယ်ခြင်းများကို ခံကြရသည်။ ထို့ကြောင့် အဆိုပါ ပါတီဝင်များသည် ၎င်းတို့၏ မိသားစုစားဝတ်နေရေးကိုရှေးရှုပြီး ပြည်ခိုင်ဖြိုးအသင်းသို့ ဆန္ဒမရှိပဲ ဝင်ခဲ့ရသည်။ သာဓကအားဖြင့် စတိုးဆိုင် (၂)ခု ပိုင်ဆိုင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တစ်ဦးသည် ၎င်း၏မိသားစုများအပါအဝင် အာဏာပိုင်များ၏ နည်းအမျိုးမျိုးဖြင့် နှောက်ယှက်ခြိမ်းခြောက်ခြင်းကို ခံရသည်။ ဒေသခံပြည်ခိုင်ဖြိုးအတွင်းရေးမှူးနှင့် အခြားမြို့နယ်မှ ပြည်ခိုင်ဖြိုးအရာရှိ (၂) ဦးသည် အဆိုပါ ပါတီဝင်နေအိမ်သို့ သွားရောက်၍ အကယ်၍ပါတီမှ နုတ်ထွက်ပြီး ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ရန် ဆက်လက်ငြင်းဆိုနေလျှင် စတိုးဆိုင်အတွက် တနှစ်တစ်ကြိမ် ထုတ်ပေးနေသည့် ခွင့်ပြုချက်ပါမစ်ကို ထုတ်ပေးတော့မည် မဟုတ်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ထို့ကြောင့် ၎င်းတို့၏မိသားစု ရေရှည်စားဝတ်နေရေးကို ထည့်သွင်းစဉ်းစားပြီး ပါတီမှနုတ်ထွက်၍ ပြည်ခိုင်ဖြိုးအသင်းသို့ ဝင်ရောက်ခဲ့ရသည်။[၅၉]

------------------------

## အခန်း(၃)

## ပြည်တွင်းလူမှုအဖွဲ့အစည်းများအား အသွင်အမျိုးမျိုးဖြင့် ထိန်းချုပ်လာခြင်း။

မြန်မာနိုင်ငံသည် လူထုအခြေပြု လူ့အဖွဲ့အစည်းများ တဖြည်းဖြည်းကင်းမဲ့နေသော နိုင်ငံတစ်ခုဖြစ်သည်။ လူမှုရေးဆိုင်ရာလူ့အဖွဲ့အစည်းများ၊ လူမှုအသင်းအဖွဲ့များကို ဖန်တီးတည်ထောင်ထိန်းသိမ်းရန်နှင့် လူထုအကြား ပွင့်လင်းရိုးသားမှုနှင့် လွပ်လပ်သောအတွေးအခေါ်များ ထွန်းကားလာစေရေးအတွက် ကြိုးပမ်းချက်များသည် စစ်အာဏာရှင်အုပ်ချုပ်ရေးစနစ်ဆိုး တစ်ခုကြောင့် အရာမထင်ခဲ့ပေ။ စစ်အာဏာပိုင်များသည် ထိုလူမှုရေးဆိုင်ရာ လူ့အဖွဲ့အစည်းများကို ၎င်းတို့၏ ဩဇာအောက်သို့ နည်းအမျိုးမျိုးဖြင့် သွတ်သွင်းလိုကြသည်။ လူမှုဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံ၏အရေးပါသော နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဆိုင်ရာပေါ်လစီများနှင့် မည်သို့မျှ ဆက်နွယ်ပတ်သက်မှုမရှိကြပေ။ ၎င်းတို့သည် လူထုအကျိုးပြုလုပ်ငန်းများ၊ လူထုသက်သာချောင်ချိရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ပံ့ပိုးပေးသည့်လုပ်ငန်းများသာ ဖြစ်ကြသည်။ ထိုလူမှုရေးဆိုင်ရာအဖွဲ့အစည်းများသည် ဒီမိုကရေစီ အခြေခံအုတ်မြစ်များဖြစ်သကဲ့သို့ ဒီမိုကရေစီတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ တစိတ်တဒေသအားဖြင့် ပါဝင်ပတ်သက်နေကြသည်။

လူမှုဆိုင်ရာအဖွဲ့အစည်းများသည် ၎င်းတို့စိတ်ပါဝင်စားသော အကြောင်းအရာတစ်ရပ်ကိုသာ အာရုံထား အလေးပေးဆောင်ရွက်ခြင်းကြောင့်လည်းကောင်း၊ သေးငယ်သော အဖွဲ့အစည်းများဖြစ်ခြင်းကြောင့်လည်းကောင်း မိမိတို့၏ ရည်မှန်းချက်များကို ထိရောက်ပေါက်မြောက်စေရန် စွမ်းဆောင်နိုင်ကြပေသည်။ ဤအဖွဲ့အစည်းများသည် ဒီမိုကရေစီလူ့ဘောင် တည်ထောင်ရာတွင် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းများဖြစ်သည်။ ထို့ပြင် လူထုကိုအခြေပြုသော လူ့အဖွဲ့အစည်းများဖြစ်သည့်အားလျော်စွာ ၎င်းတို့၏လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် လူထု၏ပူးပေါင်းပါဝင်မှုကို ရရှိကြသည်။ ဤသည်ကား လူထုအား အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကို ရရှိစေသည်။ ထိုအလေ့အကျင့်သည် အနာဂတ်မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အထောက်အကူပြုစေသည့်အရာများ ဖြစ်ပေသည်။

သို့သော် အာဏာကို ရာသက်ပန်ချုပ်ကိုင်ရန် ရည်ရွယ်ချက်ထားရှိသည့် စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးများသည် ထို့ကဲ့သို့ အခြေခိုင် တိုးတက်အောင်မြင်လာနေသော လူမှုရေးဆိုင်ရာအဖွဲ့အစည်းများကို ၎င်းတို့၏ ဩဇာအောက်တွင်ထားရှိရန် ကြိုးပမ်းခဲ့ကြသည်။ ဤကြိုးပမ်းချက်များသည် စစ်အာဏာရှင်များက ကြွေးကြော်နေသော "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရေး"ဟူသည့် ဆောင်ပုဒ်နှင့် ဖီလာဆန့်ကျင်နေခဲ့သည်။ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများဖြစ်သည့် သာသနာရေးအဖွဲ့များ၊ လူမှုဝန်ဆောင်အဖွဲ့များ၊ ကျန်းမာရေးပြုစုစောင့်ရှောက်သောအဖွဲ့များ၊ ပညာရေးအဖွဲ့များ စသည့် အောက်ခြေအဆင့် လူမှုရေးဆိုင်ရာအဖွဲ့များသည် ဒီမိုကရေစီလူ့ဘောင်အတွက် ဒေါက်တိုင်များဖြစ်ကြသည်။ ထိုအဖွဲ့အစည်းများကို စစ်အာဏာရှင်များ

က ၎င်းတို့၏ ဩဇာခံအဖြစ် ကြိုးပမ်းနေခြင်း၊ ဖျက်သိမ်းဖယ်ရှားခြင်း သို့မဟုတ် ထိန်းချုပ်နေခြင်းများသည် အနာဂတ်ဒီမိုကရေစီထူထောင်ရေးအတွက် အခြေခံအုတ်မြစ်များကို ဖြိုလှဲနေခြင်းဖြစ်ပြီး၊ ၎င်းတို့၏အာဏာ ဆက်လက်တည်မြဲရေးအတွက် ဦးတည်ကြိုးပမ်းနေခြင်းသာ ဖြစ်ပေသည်။[၆၀]

စစ်အာဏာရှင်များသည် ၎င်းတို့၏လက်ကိုင်တုတ်ဖြစ်သည့် ပြည်ခိုင်ဖြိုးအသင်းအားအသုံးပြု၍ မိမိကိုယ်ကို ပြည်သူ့အကျိုးတော်ဆောင် စေတနာရှင်အဖွဲ့အစည်းတစ်ခုအသွင်ဖြင့် ၎င်းတို့ထိန်းချုပ်ထားသော မီဒီယာများတွင် မကြာခဏ ဖော်ပြခဲ့သည်။ စာသင်ကျောင်းများနှင့် ဆေးရုံများအားအထောက်အပံ့ပစ္စည်းများ လှူဒါန်းခြင်း၊ အကျဉ်းထောင်များတွင် ဆပ်ပြာ၊ ဆေးဝါးပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများ လှူဒါန်းခြင်း၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများတွင် စေတနာ့ဝန်ထမ်းများအဖြစ် အကူအညီပေးခြင်း၊ အသင်းဝင်များအား ပညာရေးနှင့် နည်းပညာဆိုင်ရာ သင်တန်းများပေးခြင်းအပါအဝင်လယ်ယာစိုက်ပျိုးရေး စသည့်လုပ်ရှားမှုအမျိုးမျိုးတွင် ပါဝင်လုပ်ဆောင်ခဲ့သည်။ လူထုက ယုံကြည်အားထားရသော စေတနာရှင်လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် ပြည်သူလူထု၏ထောက်ခံမှုကို ရယူရန်ကြိုးပမ်းခဲ့သည်။ တချိန်တည်းမှာပင် လွှပ်လပ်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၏အခန်းကဏ္ဍများတွင်ပါ ဝင်ရောက်စွက်ဖက်လာပြီး ၎င်းတို့အား တဖြည်းဖြည်းချင်း ထိန်းချုပ်နိုင်ရန်ကြိုးပမ်းလာခဲ့သည်။ နိုင်ငံတကာ ကူညီထောက်ပံ့ရေးအေဂျင်စီများသည် ပြည်သူလူထုအတွင်း ၎င်းတို့အကူအညီများ ဖြန့်ဝေရာတွင် ပြည်ခိုင်ဖြိုးအသင်း၏ ကန့်သတ်ထိန်းချုပ်မှုများကို မကြာခဏ ရင်ဆိုင်ခဲ့ရသည်။ အကျိုးဆက်အနေဖြင့် အတိုက်အခံအင်အားစုများနှင့် စစ်အစိုးရအား အန္တရာယ်ပြုနိုင်သည်ဟု ယူဆထားသူများအတွက် အကူအညီအထောက်အပံ့များရရှိရန် အခွင့်အလမ်း နည်းပါးစေခဲ့သည်။

အချက်(၇)ချက်ပါ နိုင်ငံရေးလမ်းပြမြေပုံနှင့် အမျိုးသားညီလာခံကို ထောက်ခံအားပေးသည့်လူစုလူဝေးပွဲများအပါအဝင် နအဖစစ်အစိုးရအား ထောက်ခံအားပေးသည့် အတုအယောင် လူစုလူဝေးပွဲများကို ပြည်ခိုင်ဖြိုးအသင်းက တာဝန်ယူကျင်းပခဲ့သည်။ ထို့အပြင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါလီမန်အမတ်များအား ဝေဖန်ရှုတ်ချခြင်း၊ မြန်မာပြည်နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ ဝေဖန်သုံးသပ်ထားသော နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ပြန်သည့် အစီရင်ခံစာများ၊ ထုတ်ပြန်ကြေညာချက်များနှင့် နိုင်ငံတကာမီဒီယာများကို တန်ပြန်ဆန့်ကျင် ရှုတ်ချခြင်းများအပါအဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အတိုက်အခံအင်အားစုများအားလုံးကို ဆန့်ကျင်ထိုးနှက်သည့် အတုအယောင် လူစုလူဝေးပွဲများကိုလည်း စနစ်တကျ စီစဉ်ကျင်းပခဲ့သည်။ အဆိုပါ လူစုလူဝေးပွဲများတွင်တက်ရောက်လာသူများမှာ ပြည်ခိုင်ဖြိုးအသင်းဝင်များနှင့် ကျေးရွာများ၊ မြို့နယ်များမှ ခွဲတမ်းကျစနစ်ဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး မိသားစုဝင်တစ်ဦးကျနှုန်း မတက်မနေရ တက်ရောက်ရန် ဖိအားပေးခံရသူများ ဖြစ်ကြသည်။ ပြည်သူလူထုအနေဖြင့် ထိုလူစုလူဝေးပွဲများသို့ တက်ရောက်နေရခြင်းသည် ၎င်းတို့အပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်ဆိုးကျိုးများကို ကြောက်ရွံ့နေရသောကြောင့် ဖြစ်ပေသည်။

## *ပြည်သူ့အကျိုးတော်ဆောင်*

စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုး ခေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် ပြည်သူလူထုကို အကျိုးပြုနေသော လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လုပ်ငန်းများတွင် ဝင်ရောက်ချယ်လှယ်ခဲ့ကြသည်။ ထိုနယ်ပယ်များတွင် လှုပ်ရှားလုပ်ကိုင်နေသော ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုလည်း လက်ဝါးကြီးအုပ်ချယ်လှယ်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားလာခဲ့သည်။ တချိန်တည်းတွင် ၎င်းတို့ကိုယ်တိုင် ပြည်သူလူထု၏ကယ်တင်ရှင်ကြီးများသဖွယ် ပုံဖော်လာခဲ့သည်။ အထူးသဖြင့် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့ ရန်ကုန် ပြည်ခိုင်ဖြိုး ဗဟိုဌာနချုပ်ရုံးတွင် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတခုတွင် ပြည်ခိုင်ဖြိုးအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက အကယ်၍ ပြည်သူလူထုက တောင်းဆိုလာခဲ့လျှင် ပြည်ခိုင်ဖြိုးအဖွဲ့ကို နိုင်ငံရေးပါတီတစ်ခုအဖြစ် ပြောင်းလဲကောင်း ပြောင်းလဲမည်ဟု အရိပ်အမြွက် ပြောကြားခဲ့ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအတွင်း အသွင်သဏ္ဍာန် အမျိုးမျိုးဖြင့် ထိုးဖေါက်ဝင်ရောက် ချုပ်ကိုင်လာခဲ့သည်။

မြန်မာပြည်သူလူထု၏ အကျိုးစီးပွားအား စေတနာထက်သန်စွာဖြင့် ကူညီဆောင်ရွက်နေသည့် အသွင်ဖော်ဆောင်ရန် အနှစ်သာရကင်းမဲ့သည့် အတုအယောင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုသာ ပြည်ခိုင်ဖြိုးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ပြည်ခိုင်ဖြိုးအသင်းကဲ့သို့ အလားတူ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့များနှင့်လည်း အတူတကွပူးပေါင်း၍ အသင်းအားနှစ်လိုဖွယ်ရာကောင်းအောင် ပြည်သူ့အကျိုးပြုအဖွဲ့အစည်းတစ်ခုအဖြစ် လူထုမှ ယုံကြည်လက်ခံလာအောင် ကြိုးပမ်းအားထုတ်ခဲ့သည်။ သို့သော်လည်း ပြည်ခိုင်ဖြိုးအသင်း၏ အတုအယောင် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ရံပုံငွေနှင့် လုပ်အားရရှိရာ အရင်းအမြစ်များသည် ပြည်သူလူထုထံမှပင် ဖြစ်နေသည်။ ပြည်ခိုင်ဖြိုးအသင်းအနေဖြင့် ပြည်သူလူထု၏ ငွေကြေးများနှင့်လုပ်အားများကို အသုံးပြု၍ အတုအယောင် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး နာမည်ကောင်းရအောင် ကြိုးစားခြင်းသည် "ငါးကြင်းဆီဖြင့် ငါးကြင်းကြော်"နေခြင်းသာဖြစ်၍ မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်ရေးအတွက် များစွာ စိုးရိမ်စရာဖြစ်ပေသည်။

ပြည်ခိုင်ဖြိုးအသင်းအတွက် ရံပုံငွေများရရှိရာ နေရာအချို့ကို လေ့လာကြည့်မည်ဆိုလျှင် လူထုထံမှ နည်းအမျိုးမျိုးဖြင့် ကောက်ခံစုဆောင်းခဲ့သည်ကို တွေ့ရသည်။ ထို့ပြင် သာမန်အသင်းဝင်များအနေဖြင့်လည်း အသင်းအတွက် ငွေကြေးများကို အလှူငွေအနေဖြင့်ထည့်ဝင်ရန် စေခိုင်းခြင်းခံခဲ့ရသကဲ့သို့ လူထုထံမှအလှူငွေများကိုလည်း ကိုယ်တိုင် လိုက်လံကောက်ခံပေးရသည်များလည်း ရှိခဲ့သည်။ ခွဲတမ်းစနစ်အရ တစ်နှစ်လျှင် သုံးကြိမ်၊ လေးကြိမ်ခန့် ကျေးရွာများရှိ ပြည်သူများထံမှ အလှူငွေများ ကောက်ခံရသည်။ အချို့ဒေသခံ ပြည်ခိုင်ဖြိုးခေါင်းဆောင်ပိုင်းများအနေဖြင့် ၎င်းတို့ကိုယ်တိုင် အလှူငွေများ မပေးဆောင်ရသော်လည်း ဒေသခံစည်းရုံးရေးမှူးများကို တရားဝင်ရုံးစာများ ထုတ်ပေးပြီး ရပ်ကွက်၊ ကျေးရွာများအတွင်း အလှူငွေများ လိုက်လံစုဆောင်းရန် တာဝန်ပေးလေ့ရှိသည်။ အလှူ

ငွေ ကောက်ခံရာတွင်လည်း ပြည်ခိုင်ဖြိုးရုံးများ ပြုပြင်ရန်နှင့် အသုံးအဆောင်ပရိဘောဂများ ဝယ်ယူရန် အတွက်ဟု လည်းကောင်း၊ အသင်းဝင်လျှောက်လွှာပုံစံအတွက်ဟု လည်းကောင်း၊ ပြည်ခိုင်ဖြိုး တိုင်းအဆင့်ခေါင်းဆောင်များ လာရောက်လည်ပတ်ရန် ဧည့်ခံစားရိတ်အတွက်ဟု လည်းကောင်း အကြောင်းအမျိုးမျိုးပြ၍ သာမန်ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များအပါအဝင် ပြည်သူလူထုထံမှ ကောက်ခံ စုဆောင်းကြသည်။ အချို့သော အစိုးရဝန်ထမ်းများထံမှ အလှူငွေများကို တိုက်ရိုက်ကောက်ခံခြင်း မရှိသော်လည်း ပြည်ခိုင်ဖြိုးမှ ဦးစီးကျင်းပသော လူမှုရေးလုပ်ရှားမှုများနှင့် ပြည်ခိုင်ဖြိုးအသင်းသား ဝတ်စုံဖိုးများအတွက်ဟု အကြောင်းပြ၍ လကုန်လျှင် ၎င်းတို့၏လစာငွေများထဲမှ ဖြတ်တောက်ယူခြင်း ကို ခံကြရသည်။ ပြည်ခိုင်ဖြိုး အသင်းမှကောက်ခံသော ငွေကြေးပမာဏကို မလှူဒါန်းနိုင်သူများသည် လုပ်အားပေး လိုက်ကြရသည်။ လုပ်အားပေး ကိုယ်တိုင်မလိုက်နိုင်သူများသည် ၎င်းတို့၏နေရာတွင် အခြားတစုံတယောက်ကို ငှားရမ်း၍ အစားထိုးပေးရသည်။[၆၁]

စစ်အစိုးရမှ တိုင်းပြည်ကို စတင်အုပ်ချုပ်ခဲ့သော ၁၉၆၂ ခုနှစ်မှစ၍ အစိုးရကျောင်းများတွင် မွန်ဘာသာရပ်များကို သင်ကြားခွင့် မပြုခဲ့ပေ။ သို့သော်လည်း ကျေးလက်ဒေသများရှိ မွန်လူထုက ကျေးရွာများရှိ ဘုန်တော်ကြီးကျောင်းများတွင် မွန်စာပေကို ကြိုးစားသင်ယူခဲ့သည်။ ထို့နောက် ကျေး ရွာများတွင် မွန်စာပေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုအသင်းများ တည်ထောင်၍ မွန်စာသင်ကျောင်းများ ဖွင့်လှစ်ပြီး မွန်စာတတ်မြောက်ရေး သင်တန်းများပေးရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ၂၀၀၄ ခုနှစ်၊ ဇူလိုင်လအတွင်းက နအဖ ပိုလ်ချုပ်မောင်ဘိုက ရေးမြို့နယ်အတွင်းရှိ မွန်ဘာသာစကား သင်ကြားသော စာသင်ကျောင်းများကို ပိတ်ပစ်ရန်နှင့် အစိုးရကျောင်းများတည်ထောင်ရန် ဒေသခံ အာဏာပိုင်များကို ညွှန်ကြားခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ကျိုက်မရောမြို့တွင် ပြုလုပ်သော အစည်းအဝေးတစ်ခုတွင်လည်း ပြည်ခိုင်ဖြိုး ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက မွန်ဘာသာစကား သင်ကြားခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် အတားအဆီးတစ် ခုဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များကိုလည်း မွန်ကျောင်းဆရာ၊ ဆရာမများ အား အနှောက်အယှက်ပေးရန်နှင့် ဆက်လက်ဖွင့်ထားသော စာသင်ကျောင်းများအားပိတ်ပင်ရန် စေခိုင်းခဲ့သည်။[၆၂] ဤသို့ဖြင့် မြန်မာအာဏာပိုင်များသည် နေရာတိုင်း၊ လူအဖွဲ့အစည်းတိုင်းတွင် အစု အဖွဲ့တစ်ခု ပေါ်ပေါက်လာမည်ကို အလွန်အမင်း စိုးရိမ်ခဲ့ကြသည်။

NLD ပါတီမှ လုပ်ဆောင်နေသော လူမှုရေးလုပ်ငန်းများတွင်လည်း ပြည်ခိုင်ဖြိုးအသင်း၏ တားဆီးဟန့်တားနေမှုများ ရှိခဲ့သည်။ မြန်မာပြည်အနှံ့တွင် ဖွဲ့စည်းထားသော နိုင်ငံရေးအကျဉ်းသား များနှင့် ၎င်းတို့၏မိသားစုများအား အကူအညီပေးနေသည့် လူမှုကူညီရေးအဖွဲ့များကဲ့သို့ အလားတူ အဖွဲ့တစ်ခုကို NLD ပါတီက တမူးဒေသတွင်ဖွဲ့စည်းရန် ၂၀၀၄ ခုနှစ်၊ ဧပြီလအတွင်းက ကြိုးပမ်းခဲ့သည်။ သို့သော်လည်း တမူးခရိုင်ပြည်ခိုင်ဖြိုးအသင်းဥက္ကဋ္ဌက အဆိုပါလူမှုကူညီရေးအဖွဲ့ ဖွဲ့စည်းသူများအား ၎င်းတို့၏စီးပွားရေးလုပ်ငန်းများတွင် တန်ပြန်ဂယက်ရိုက်မှုများနှင့် တွေ့ကြုံရလိမ့်မည်ဟု ခြိမ်းခြောက် ပြောဆို၍ အနှောက်အယှက်ပေးခဲ့သည်။[၆၃] ၂၀၀၄ ခုနှစ်တွင်လည်း မြန်မာပြည်အောက်ပိုင်းရှိ ရေဘေး ဒုက္ခသည်များအား NLD ပါတီမှ ဆန်လှူဒါန်းရန် ကြိုးပမ်းခဲ့သည်။ ထိုအချိန်၌ ပြည်ခိုင်ဖြိုးအသင်းက

NLD ပါတီအား မိမိတို့ကိုယ်စား ကောင်းမှုကုသိုလ်ပြုလုပ်ရန်အတွက် အလှူပစ္စည်းများ ပေးအပ်ခဲ့သည်ဟု မမှန်မကန် ပြောဆိုခဲ့သည်။[၆၄] ထို့ပြင် အတိုက်အခံပါတီများ၏ လူမှုရေးလုပ်ဆောင်ချက်များကိုလည်း ပြည်ခိုင်ဖြိုးအသင်းမှ အခြားနည်းလမ်းအမျိုးမျိုးဖြင့် ဟန့်တားနှောက်ယှက်ခဲ့သည်။ ဥပမာအားဖြင့် အတိုက်အခံအဖွဲ့အစည်းများက လူထုအကျိုးပြု လုပ်ငန်းများ လုပ်ဆောင်ရန် ကျေးရွာလူထုများကို စည်းရုံးသည့်အခါတိုင်း ပြည်ခိုင်ဖြိုးခေါင်းဆောင်များက ပြည်သူလူထုအား မလုပ်ဆောင်ရန် လော်စပီကာများနှင့် အော်ဟစ်၍ ဟန့်တားနှောက်ယှက်ခဲ့သည်။[၆၅]

ပြည်ခိုင်ဖြိုးခေါင်းဆောင်များသည် မြန်မာပြည်တွင်း၌ တည်ရှိနေသော လူမှုရေးအဖွဲ့အစည်းများကို တချိန်တွင် ပြည်ခိုင်ဖြိုးအသင်းကြီး၏ ပြိုင်ဘက်ဖြစ်လာနိုင်သည်ဟု ယူဆထားပြီး ဟန့်တားနှောက်ယှက်မှုများ ပြုလုပ်လာခဲ့သည်။ မြန်မာပြည်သူလူထု၏ အထူး အားကိုးယုံကြည်မှုကို ရရှိနေသည့် ရုပ်ရှင်သရုပ်ဆောင် ကိုကျော်သူ ဦးစီးသော နာရေးကူညီမှုအသင်း(ရန်ကုန်)အပါအဝင် လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ စီးပွားရေး အသင်းအဖွဲ့ (၂၄)ခုကို အာဏာပိုင်များက ဖိအားပေးခဲ့သည်။ ၎င်းအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ပိုင်ခွင့်သက်တမ်း ထပ်တိုးပေးတော့မည် မဟုတ်ကြောင်း ၂၀၀၇ ခုနှစ်အတွင်း၌ တရားဝင်အကြောင်းကြားခဲ့သည်။ ထို့ပြင် ၂၀၀၆ ခုနှစ်၊ ဩဂုတ်လတွင်လည်း နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ကြော်ငြာခွင့်၊ အလှူငွေလက်ခံခွင့်များကို အာဏာပိုင်များက တားမြစ်ပိတ်ပင်မှုများ ပြုလုပ်ခဲ့ပြီး အသင်း၏အမှုဆောင်အချို့ကို ခေါ်ယူဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ကိုကျော်သူ ဦးစီးသည့် နာရေးကူညီမှုအသင်း (ရန်ကုန်) ကို ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် မတည်ငွေ ကျပ်(၅)သိန်းဖြင့် ကိုယ်ထူကိုယ်ထ စတင်ဖွဲ့စည်း ထူထောင်ခဲ့သည်။ အသင်းစတင်ဖွဲ့စည်းပြီးကတည်းက သဂြိုလ်စရိတ် မတတ်နိုင်သည့် ထောင်သောင်းချီသော ပြည်သူလူထုကို အကူအညီပေးခဲ့သည်။ အသင်း၏ (၅)နှစ်တာ သက်တမ်းကာလအတွင်း လူ (၄)သောင်းနီးပါး၏ နာရေးကိစ္စများကို ကူညီထောက်ပံ့ပေးနိုင်ခဲ့သည်။ တစ်ပြည်လုံးရှိ မြို့နယ်အတော်များများတွင်လည်း အလားတူ နာရေးအသင်းများကို လိုက်လံဖွဲ့စည်းပေးခဲ့သည့် စေတနာရှင်လူမှုရေးအသင်း တစ်ခုဖြစ်သည်။[၆၆]

ပြည်ခိုင်ဖြိုးအာဏာပိုင်များသည် စေတနာရှင်လူမှုအဖွဲ့အစည်းများကို ပြင်ပမှ ဟန့်တားနှောက်ယှက်မှုများ ပြုလုပ်ခဲ့သည့်အပြင် အလားတူစင်ပြိုင်အဖွဲ့အစည်းများ ထူထောင်၍ အနှောက်အယှက်ပေးခြင်း၊ စေတနာရှင်လူမှုအဖွဲ့အစည်းများအတွင်းသို့ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်အမာခံများ အတင်းအဓမ္မထည့်သွင်း၍ အနှောက်အယှက်ပေးခြင်းများလည်း ပြုလုပ်ခဲ့သည်။ သာဓကအနေဖြင့် ရုပ်ရှင်သရုပ်ဆောင် ကျော်သူ ဦးဆောင်ဖွဲ့စည်းပေးခဲ့သော သာရေးနာရေးအသင်းများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့် မကွေးတိုင်း၊ အောင်လံမြို့နယ် မေတ္တာမွန် သာရေး၊နာရေးအသင်းအဖွဲ့အတွင်းသို့ ပြည်ခိုင်ဖြိုးအဖွဲ့ဝင် (၂)ဦးကို ဗဟိုကော်မတီအဖြစ် အတင်းအဓမ္မထည့်သွင်းခဲ့သည်။ လူမှုရေးအသင်းများတွင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ တိုက်ရိုက်ပါဝင်ပတ်သက်လာခြင်းသည် အသင်းများအနေဖြင့် အလှူရှင်များထံမှ အလှူငွေများ ဆက်လက်ရရှိရေးအတွက် အတားအဆီးတစ်ခု ဖြစ်စေခဲ့သည်။[၆၇]

၂၀၀၆ ခုနှစ်၊ ဇူလိုင်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး မကွေးတိုင်း၊ ချောက်မြို့နယ်ရှိ နာရေးလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးနေသော မနောဖြူ နာရေးကူညီမှုအသင်းမှ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်တချို့

ခွဲထွက်၍ အလားတူအဖွဲ့တခုကို စင်ပြိုင် ဖွဲ့စည်းထူထောင်ခဲ့သည်။ တချိန်တည်း၌ပင် အဆိုပါ ပြည်ခိုင်ဖြိုးမှ ဖွဲ့စည်းထားသော နာရေးအသင်းသည် သေစာရင်းထုတ်ယူသည့်အခါတိုင်း စည်ပင်သာယာရေးနှင့် အပေးအယူလုပ်ပြီး မနောဖြူနာရေးအသင်း၏ လုပ်ငန်းများကို နှောင့်နှေးအောင် လုပ်ဆောင်ခဲ့ကြသည်။ ချောက်မြို့တွင် နယ်မြေ(၁၆)ခုရှိပြီး အချို့နယ်မြေများသည် ရပ်ကွက် (၂)ခု၊ (၃)ခု စုပေါင်းထားသည်။ ယခင်က ချောက်မြို့ရှိ နာရေးလုပ်ငန်းများ၏ လေးပုံသုံးပုံကို မနောဖြူနာရေးကူညီမှုအသင်းက အခမဲ့ ကူညီဆောင်ရွက်ပေးခဲ့သည်။ ယခုနောက်ပိုင်းကာလများတွင် ပြည်ခိုင်းဖြိုးနာရေးအသင်းက လက်ဝါးကြီးအုပ် ချုပ်ကိုင်လာခဲ့သည်။[၆၈]

အာဏာပိုင်များသည် ဆင်းရဲသားပြည်သူများကို အကူအညီပေးနေသော နာရေးကူညီမှုအဖွဲ့များကို နည်းအမျိုးမျိုးဖြင့် ဟန့်တားနှောက်ယှက်မှုများ ပေးနေသော်လည်း ရန်ကုန်ရှိ တပ်မတော်နှင့် ရဲတပ်ဖွဲ့အရာရှိများ၏ မိသားစုများ၏ သာရေး၊ နာရေးကိစ္စများကိုမူ နိုင်ငံတော်စားရိတ်နှင့် စီစဉ်ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့သည်။

ပြည်ခိုင်ဖြိုးအာဏာပိုင်များသည် ပြည်တွင်းရှိ အခမဲ့ဆေးကုပေးနေသော ဆေးခန်းများနည်းတူ စင်ပြိုင်ဆေးကုခန်းများ ဖွင့်လှစ်၍လည်း အနှောက်အယှက်ပေးခဲ့သည်။ ဥပမာအားဖြင့် နာရေးကူညီမှုအသင်း (ရန်ကုန်)သည် ဆေးဝါးမကုသနိုင်သည့် ဆင်းရဲသားလူထုအတွက် ၂၀၀၇ ခုနှစ်၊ မတ်လမှစ၍ ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် ပညာပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းတွင် သုခကုသိုလ်ဖြစ်ဆေးခန်းကို စတင်ဖွင့်လှစ် ကုသပေးခဲ့သည်။ သုခဆေးခန်းသည် နေ့စဉ်လူနာ ၄၀ ဦးအထိလက်ခံပြီး ဆရာဝန် ၇ ဦးဖြင့် အခမဲ့ကုသပေးနေသည့်အပြင် ရောဂါနှင့် လူနာအခြေအနေအလိုက် ဆေးရုံတင်ကုသရေးအတွက် ဆောင်ရွက်ပေးသည့် အခမဲ့ဆေးခန်းတခုလည်း ဖြစ်သည်။[၆၉] ထိုဆေးခန်းဖွင့်လှစ်ပြီး ၂ လခန့်အကြာတွင် ရန်ကုန်တိုင်း၊ ပြည်ခိုင်ဖြိုးအဖွဲ့ ကလည်း သဃ်္ဃန်းကျွန်းမြို့နယ် ၄/က ရပ်ကွက် စံချိန်သစ်လမ်းရှိ ရပ်ကွက်ပြည်ခိုင်ဖြိုးရုံးတွင် ဖြိုးစေတနာဆေးကုခန်း ဟုဆိုကာ စင်ပြိုင်ဆေးကုခန်းများကို ဖွင့်လှစ်ခဲ့သည်။ ပြည်ခိုင်ဖြိုးပိုင် ဖြိုးစေတနာဆေးကုခန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်း ပြည်ခိုင်းဖြိုးတာဝန်ခံ ဗိုလ်မှူးကြီး မောင်ပါ ကိုယ်တိုင်တက်ရောက်ခဲ့ပြီး မည်သူကိုမဆို အခမဲ့ကုသပေးမည်ဟု ပြောဆိုခဲ့သည်။

ပြည်ခိုင်ဖြိုးအာဏာပိုင်များသည် မြန်မာနိုင်ငံအတွင်းရှိ အခြားသောလူမှုရေးအသင်းများ၏ လုပ်ငန်းများတွင် နည်းအမျိုးမျိုးဖြင့် ဟန့်တားနှောက်ယှက်မှုများ ပေးနေသော်လည်း ၎င်းတို့၏ ဟန်ပြလုပ်ဆောင်မှုနှင့်ပတ်သက်၍ ဂုဏ်ယူဝံ့ကြွားစွာ ထုတ်ဖော်ပြောဆိုလေ့ရှိသည်။ ၂၀၀၅ ခုနှစ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတစ်ခုတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ပြည်ခိုင်ဖြိုးအလုပ်အမှုဆောင်တစ်ဦးက ပြည်သူလူထုကျန်းမာရေးအတွက် အခြားလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကွင်းဆင်းကုသခဲ့ရာ (၂၅၈၆)ဦးအား ပြုစုကုသပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်လူထု ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြင့်တင်နိုင်ရေးအတွက် ကျေးလက် ဆေးပေးခန်း (၆)ခုကို ငွေကျပ် သိန်း(၉၀)နှင့် ပြည်သူလူထုထည့်ဝင်ငွေ (၆၂)သိန်း၊ စုစုပေါင်း (၁၅၂) သိန်းဖြင့် ကူညီပံ့ပိုးတည်ဆောက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ပြည်ခိုင်ဖြိုးအလုပ်အမှု

ဆောင် ဆရာဝန် (၁၂)ဦး ဦးဆောင်သော အခမဲ့နယ်လှည့် ကုသရေးအဖွဲ့များ ဖွဲ့စည်းပြီး နေရာပေါင်း (၁၅၅)နေရာတွင် လူနာ (၂၅၄၉၈)ဦးအား ဆေးဝါးကုသပေးနိုင်ခဲ့ပြီး ဆေးဝါးတန်ဖိုး ငွေကျပ်သိန်း (၃၀)ကျော် အခမဲ့ကူညီပေးနိုင်ခဲ့ကြောင်းကိုလည်း ဂုဏ်ယူဝံ့ကြွားစွာ ပြောဆိုခဲ့သည်။[၇၀]

ပြည်ခိုင်ဖြိုးအာဏာပိုင်များက စင်ပြိုင်ဆေးခန်းများဖွင့်လှစ်ပြီး ပြည်သူလူထုကို အခမဲ့ ကုသပေးနေသည်ဟု ပြောဆိုနေခြင်းသည် လိမ်လည်လှည့်ဖြားမှု တစ်ခုသာဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ရန်ကုန်တိုင်း၊ သံလျင်မြို့နယ်ရှိ ပြည်ခိုင်ဖြိုးပိုင်ဆေးခန်းတစ်ခုက လာရောက်ကုသသော လူနာ များထံမှ တစ်ဦးလျှင် ကျပ်ငွေ(၃၀၀) ကောက်ခံယူခဲ့သည်။[၇၁] အခြားသော မြို့နယ်များတွင်လည်း လာ ရောက်ကုသသော လူနာများထံမှ အလှူငွေဟုအကြောင်းပြ၍ ငွေကြေးများ ကောက်ခံခဲ့သည်။

ထို့ပြင် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့ နအဖဝန်ကြီးတစ်ဦးလည်းဖြစ် ပြည်ခိုင်ဖြိုး ခေါင်းဆောင်တစ်ဦးလည်းဖြစ်သူ ဦးအောင်သောင်းက ဒေသဆိုင်ရာ ပြည်ခိုင်ဖြိုးခေါင်းဆောင်များ ထံသို့ ထုတ်ပြန်သော ညွှန်ကြားချက်တွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကာကွယ်ရေးလုပ်ငန်းစီမံ ကိန်းများကို အလျင်းသင့်သလို စတင်ထိန်းချုပ်သွားရန် ညွှန်ကြားခဲ့သည်။ ထူးခြားသည်မှာ မင်းကိုနိုင် ခေါင်းဆောင်သော ၈၈ မျိုးဆက်ကျောင်းသားများက ပြည်တွင်းရှိ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ဝေဒနာရှင်များ၊ တီဘီနှင့် ငှက်ဖျားရောဂါ ဝေဒနာရှင်များအတွက် လူသားချင်းဆိုင်ရာ အကူအညီ များ ပေးကြရန်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အတိုက်အခံအဖွဲ့အစည်းများနှင့် စစ်အစိုးရ တို့အား ပူပေါင်းဆောင်ရွက်သွားရန် တောင်းဆိုခဲ့ပြီးနောက် သိပ်မကြာခင် အဆိုပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။[၇၂]

ပြည်ခိုင်ဖြိုးအာဏာပိုင်များသည် အကျဉ်းထောင်ကိစ္စများကိုလည်း ဝင်ရောက်ချယ်လှယ်ခဲ့ သည်။ **ICRC** အဖွဲ့များကို အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်ခွင့် လုံးဝမပေးတော့ပဲ ပြည်ခိုင်ဖြိုး၊ မြန်မာ့အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး စသည့် အမျိုးသားရေးနှင့် လူမှုရေးအသင်းအဖွဲ့အမည်ခံ မဆီမဆိုင်အဖွဲ့အစည်းများကိုသာ အကျဉ်းထောင်များနှင့် အကျဉ်း စခန်းများသို့ သွားရောက်စည်းရုံးခြင်းများ လုပ်ဆောင်စေခဲ့သည်။ ထို့ပြင် ပြည်သူ့ဆက်ဆံရေးအမည် ဖြင့် အကျဉ်းထောင်များသို့ သွားရောက်၍ နိုင်ငံရေးအကျဉ်းသားများကို ဓါတ်ပုံရိုက်ကူးကာ သက်ဆိုင် ရာမိသားစုများကို လိုက်လံစည်းရုံးခဲ့ပြီး မဖြစ်စလောက် ငွေကြေးများကိုလည်း ထောက်ပံ့ပေးခဲ့သည်။ မြန်မာပြည်ရဲဘက်စခန်းများနှင့် အကျဉ်းစခန်းများ၏ ၅၀ ရာခိုင်းနှုန်းကို ထောက်ပံ့ပေးနေသော နိုင်ငံတကာကြက်ခြေနီအဖွဲ့ကို အကျဉ်းထောင်များသို့ သွားရောက်လည်ပတ်ခွင့်မပေးဘဲ ပြည်ခိုင်ဖြိုး အသင်းက ဝင်ရောက်ချယ်လှယ်နေခြင်းသည် ၎င်းတို့ကိုယ်တိုင် ပြည်သူလူထု၏ကယ်တင်ရှင် ဖြစ်လို ခြင်းနှင့် ထောင်တွင်းအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတကာကို လိမ်လည်လှည့်ဖြားလိုခြင်း အတွက်သာ ဖြစ်သည်။[၇၃]

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် နအဖသတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆)တွင် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာ့လူမှုရေးအသင်းအဖွဲ့များသည် ၂၀၀၅ ခုနှစ်၊ အောက် တိုဘာလမှ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလအတွင်း အကျဉ်းထောင် (၄၂)ခုနှင့် အလုပ်စခန်း(၇)ခုတို့ကို

ဝင်ရောက် ကြည့်ရှုလေ့လာခဲ့ပြီး အကျဉ်းသား၊ အချုပ်သားများနှင့် တွေ့ဆုံကာ စားသောက်ဖွယ်ရာ၊ ဆေးဝါးနှင့် လူသုံးပစ္စည်း ကျပ်သိန်း (၇၀၀)ကျော်ဖိုး လှူဒါန်းထောက်ပံ့နိုင်ခဲ့သည်ဟု ထည့်သွင်းပြောဆိုသွားခဲ့သည်။ ဤသို့ အာဏာပိုင်များက အကျဉ်းထောင်များသို့သွားရောက်၍ အကျဉ်းသားများကို ကူညီထောက်ပံ့ပေးနေသည်ဟု ပြောဆိုနေသော်လည်း လက်တွေ့တွင်မူ အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးများချို့တဲ့နေပြီး နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များကိုပါ နယ်မြေအာဏာပိုင်များနှင့် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက မျက်ခြေမပြတ်စောင့်ကြည့်၍ အနှောက်အယှက်ပေးခဲ့သည်။[၂၉]

## *မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာအေဂျင်စီများ*

မြန်မာနိုင်ငံအတွင်း၌ လူသားချင်းဆိုင်ရာအထောက်အပံ့များ ကူညီပေးနေသော နိုင်ငံတကာအဖွဲ့အစည်း များစွာရှိသည်။ ယင်းအဖွဲ့အစည်းများသည် ၎င်းတို့၏လူသားချင်းဆိုင်ရာထောက်ပံ့ကူညီသည့်လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ရှားဆောင်ရွက်ခွင့် မရရှိကြပေ။ မြန်မာစစ်အစိုးရသည် နိုင်ငံတကာအေဂျင်စီများအပေါ် တင်းကျပ်သော လမ်းညွှန်ချက်များကို ထုတ်ပြန်ထားပြီး ထိုလမ်းညွှန်ချက်များအား အကောင်အထည်ဖော်ရန် ရှိ၊ မရှိ လေ့လာဆန်းစစ်ရန် စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအသင်း အပါအဝင် ဝန်ကြီးအဆင့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံသို့ လာရောက်ကြသော ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလေ့လာရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်လျှင်ရောက်ချင်း ပြည်ခိုင်ဖြိုးအသင်း အတွင်းရေးမှူး ဦးဌေးဦးထံသို့ ဦးစွာသွားရောက် ဂါရဝပြုရမည်ဟု စည်းကမ်းထုတ်ပြန်ခဲ့သည်။ ထိုကဲ့သို့ ပြုမူဆောင်ရွက်နေရခြင်းသည် မြန်မာပြည်သူများအား လွပ်လပ်စွာ အကူအညီအထောက်အပံ့များ ပေးအပ်ရန်ကြိုးပမ်းနေသည့် နိုင်ငံတကာအဖွဲ့အစည်းများအား များစွာ စိတ်အနှောက်အယှက်ဖြစ်စေခဲ့သည်။

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလတွင် ဒေသခံ ပြည်ခိုင်ဖြိုးခေါင်းဆောင်များအား မြန်မာပြည်တဝှမ်းလုံးရှိ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလှုပ်ရှားမှုများကို ထိန်းချုပ်ရန်အတွက် ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါညွှန်ကြားချက်အရ ပြည်ခိုင်ဖြိုးအသင်းသည် ရန်ကုန်တိုင်းအတွင်းရှိ HIV/AIDS ကာကွယ်ရေးစီမံကိန်းများကို ဦးစွာ လွှဲပြောင်းရယူခဲ့သည်။[၃၀] နိုင်ငံတကာအေဂျင်စီများကို မြန်မာပြည်မှ ထုတ်ပယ်ခြင်း၊ ၎င်းတို့ကိုယ်တိုင် ထွက်ခွာခြင်းနှင့် ပြည်ခိုင်ဖြိုးအသင်း၏ ထိန်းချုပ်မှုများသည် စိတ်အနှောင့်အယှက်ဖြစ်စရာ အကျိုးဆက်များကိုသာ ဖြစ်ပေါ်စေခဲ့သည်။ အကူအညီ အထောက်အပံ့များ ဝေငှရာတွင်လည်း နိုင်ငံရေးပါ ပါဝင်၍ ၎င်းတို့မလိုလားသောသူများအား ခွဲခြားဆက်ဆံခဲ့ကြသည်။

ပြည်ခိုင်ဖြိုးအာဏာပိုင်များသည် နိုင်ငံတကာအေဂျင်စီများပေါ်တွင် ဖြစ်နိုင်ခြေမရှိသော စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းသတ်မှတ်၍ ဟန့်တားနှောက်ယှက်မှုများ ပြုလုပ်ခဲ့သည်။ ကမ္ဘာ့ရံပုံငွေအဖွဲ့ကြီးနှင့် နိုင်ငံတကာအေဂျင်စီ အများအပြားသည် လက်တွေ့မကျသော ပြည်ခိုင်ဖြိုး အာ

ဏာပိုင်များ၏ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်ပြီး မြန်မာပြည်မှ ထွက်ခွာသွားခဲ့သည်။[၇၆] အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများ အဆက်မပြတ် ဖြစ်ပွားနေသော ဒေသများတွင် လူသားချင်းဆိုင်ရာ ကူညီထောက်ပံ့မှုများ လုပ်ဆောင်နေသော နိုင်ငံတကာ အေဂျင်စီများကိုလည်း ဆက်လက်မလုပ်ဆောင်နိုင်အောင် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ ချမှတ် ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း၌ ၂၀၀၁ ခုနှစ်မှ စတင်၍ ကျန်းမာရေးဆိုင်ရာအကူအညီများ လုပ်ဆောင်နေသော ပြင်သစ်အခြေစိုက် နယ်ခြားမဲ့ဆရာဝန်များ အဖွဲ့သည် ၂၀၀၆ ခုနှစ်၊ မတ်လတွင် အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်ပြီး မြန်မာပြည်မှ ထွက်ခွာသွားခဲ့သည်။[၇၇]

အလားတူစွာ မြန်မာနိုင်ငံတွင်းရှိ အကျဉ်းသားများနှင့် ရဲဘက်စခန်းများသို့ သွားရောက်ကာ နိုင်ငံရေးအကျဉ်းသားများကို တွေ့ဆုံခြင်း၊ ဆေးဝါးနှင့် အခြားလိုအပ်သောပစ္စည်းများကို ထောက်ပံ့ပေးနေသော ဂျီနီဗာအခြေစိုက် အိုင်စီအာစီ (ခေါ်) ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးကိုလည်း အာဏာပိုင်များက မကြာခဏ ဟန့်တားနှောက်ယှက်ခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းအဖွဲ့ကြီးသည် မြန်မာပြည်တွင်းရှိ အကျဉ်းထောင်များတွင် ၎င်းတို့၏လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ရန်အတွက် ၁၉၉၉ ခုနှစ်တွင် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ ခွင့်ပြုချက် ရရှိခဲ့သည်။ ထိုချိန်မှစ၍ ပြည်တွင်းအကျဉ်းထောင်များနှင့် ရဲဘက်စခန်းများသို့ လစဉ်ပုံမှန်သွားရောက်ကာ နိုင်ငံရေးအကျဉ်းသားများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဆေးဝါးနှင့် အခြားလိုအပ်သောပစ္စည်းများကို ကူညီထောက်ပံ့ပေးခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း အကျဉ်းထောင်များသို့ (၄၃၅)ကြိမ် သွားရောက်ခဲ့ပြီးဖြစ်သည်။ ကျန်းမာရေးလုပ်ငန်းများ၊ သင်တန်းများနှင့် ခြေတုလုပ်ငန်းများအပြင် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများကိုလည်း ငွေကြေးထောက်ပံ့မှုများ ကူညီဆောင်ရွက်ပေးခဲ့သည်။[၇၈]

သို့သော်လည်း ၂၀၀၅ နှစ်ကုန်ပိုင်းမှစ၍ မြန်မာပြည်အကျဉ်းထောင်များသို့ သွားရောက်လည်ပတ်နေမှုများ ရုတ်တရက်ဆိုင်းငံ့သွားသဖြင့် ထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ ဆိုးဝါးလာခဲ့သည်။ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ ICRC ၏ ထုတ်ပြန်ကြေညာချက်အရ ICRC အဖွဲ့သည် မြန်မာပြည် အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေများကို လေ့လာရန်အတွက် သာယာဝတီအကျဉ်းထောင်သို့ သွားရောက်လည်ပတ်ရန် စီစဉ်ခဲ့သည်။ ထိုခရီးစဉ်တွင် ပြည်ခိုင်ဖြိုးအဖွဲ့က အိုင်စီအာစီအဖွဲ့နှင့်အတူ လိုက်ပါခွင့်ပြုရမည်ဟု အတင်းအကျပ်တောင်းဆိုခဲ့သည့်အတွက် ICRC အနေဖြင့် အဆိုပါခရီးစဉ်ကို ဖျက်သိမ်းခဲ့သည်။ ပြည်ခိုင်ဖြိုးအာဏာပိုင်များသည် အကျဉ်းထောင်များအတွင်းရှိ ဆိုးရွားနေသောအခြေအနေများကို ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းအား လိမ်ညာဖုံးကွယ်ရန်အတွက် ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ အကျဉ်းထောင်များသို့ လွပ်လပ်စွာ သွားရောက်လည်ပတ်ခွင့်များကို တဖြည်းဖြည်း ခြိမ်းခြောက် ထိန်းချုပ်လာခဲ့သည်။

ထို့ကြောင့် နိုင်ငံတကာကြက်ခြေနီအဖွဲ့များအနေဖြင့် မြန်မာပြည်အကျဉ်းထောင်များသို့ ပြန်လည်သွားရောက်နိုင်ရန် ခွင့်ပြုချက်ရရှိရေးအတွက် အလားအလာ အလွန်နည်းပါးခဲ့သည်။ အာဏာပိုင်များသည် ၂၀၀၅ ခုနှစ်မှစ၍ ကမ္ဘာ့ကြက်ခြေနီအဖွဲ့များကို နည်းလမ်းပေါင်းစုံသုံး၍ အကျဉ်း

ထောင်များသို့ ဝင်ရောက် မစစ်ဆေးနိုင်အောင် ဟန့်တားထားခဲ့သည်။[၇၉] ၂၀၀၆ ခုနှစ် နိုဝင်ဘာလ နှောင်းပိုင်းတွင် မန္တလေး၊ မော်လမြိုင်၊ ဘားအံ၊ တောင်ကြီးနှင့် ကျိုင်းတုံ စသည့် မြို့ကြီး (၅)မြို့တွင် ဖွင့်လှစ်ထားသည် နိုင်ငံတကာကြက်ခြေနီကော်မတီရုံးများကို ပိတ်ပစ်ရန် မြန်မာအာဏာပိုင်များက အမိန့်ထုတ်ခဲ့သည်။[၈၀] အဆိုပါရုံးများကို ဒီဇင်ဘာလ အလယ်လောက်တွင် အာဏာပိုင်များက ပြန်လည်ဖွင့်လှစ်ခွင့် ပေးခဲ့သော်လည်း အကျဉ်းထောင်များသို့ သွားရောက်လည်ပတ်ခြင်းကိုမူ ခွင့်မပြုခဲ့ပေ။[၈၁]

အကျိုးဆက်အနေဖြင့် အကျဉ်းထောင်များသို့ လိုအပ်သောဆေးဝါးများကို ကမ္ဘာ့ ကြက်ခြေနီအဖွဲ့ကြီးမှ ဆက်လက်ထောက်ပံ့နိုင်ခြင်း မရှိတော့သည့်အတွက် အကျဉ်းသားများသည် ငှက်ဖျားရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ အပါအဝင် အခြားရောဂါအမျိုးမျိုးအတွက် ဆေးဝါးပြတ်လပ်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ကျန်းမာရေးအခြေအနေ ဆိုးဝါးလာခဲ့သည်။ အကျဉ်းထောင်များအတွင်း ဆေးဝါးပြတ်လပ်မှုများနှင့် အာဏာပိုင်များ၏ အချိန်မီကုသပေးခြင်းမရှိမှုများကြောင့် နိုင်ငံရေးအကျဉ်းသားသေဆုံးမှုများလည်း ရှိခဲ့သည်။[၈၂] မြန်မာနိုင်ငံတွင် ၁၉၈၈ စစ်အာဏာသိမ်းပြီးကတည်းက ၂၀၀၆ ခုနှစ်အထိ အကျဉ်းထောင်များတွင် သေဆုံးခဲ့သည့် နိုင်ငံရေးအကျဉ်းသား ၁၂၇ ဦးကျော် ရှိခဲ့သည်။[၈၃]

## အတုအယောင် လူထုထောက်ခံပွဲများ၊ လူစုလူဝေးပွဲများနှင့် ဆန့်ကျင်ရှုတ်ချပွဲများ

မြန်မာစစ်အစိုးရသည် အတိုက်အခံအင်အားစုများ၊ ပြည်ပသတင်းမီဒီယာများနှင့် နိုင်ငံခြားတိုင်းပြည်များမှ အရေးယူပိတ်ဆို့မှုများကို ဆန့်ကျင်ရှုတ်ချရန်အတွက် လူစုလူဝေးပွဲများကို မြန်မာနိုင်ငံတဝှမ်းတွင် ကျင်းပခဲ့သည်။ စစ်အစိုးရက တဖက်သတ် ကျင်းပပြုလုပ်သည့် အမျိုးသားညီလာခံနှင့် လမ်းပြမြေပုံ ထောက်ခံပွဲများကိုလည်း မြန်မာနိုင်ငံတဝှမ်းရှိ ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဆက်တိုက် ကျင်းပပြုလုပ်ခဲ့သည်။ ပြည်သူလူထုအား မက်လုံးများ၊ အခကြေးငွေများ ပေး၍လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်၍လည်းကောင်း စစ်အစိုးရက စိတ်တိုင်းကျ စီမံဆောင်ရွက်ထားသည့် လူစုလူဝေးပွဲများကို တက်ရောက်စေခဲ့သည်။ ယင်းလူစုလူဝေးပွဲများ ကျင်းပရာတွင် စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုး (ခေါ်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အမာခံအသင်းဝင်များက တာဝန်အသီးသီးခွဲယူ၍ အတုအယောင်ထောက်ခံပွဲများကို ကျင်းပခဲ့ခြင်း ဖြစ်သည်။ စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်များမှ ဦးဆောင်ဦးရွက်ပြုနေသော ပြည်ခိုင်ဖြိုးအသင်း စတင်ဖွဲ့စည်းပြီးချိန်မှစတင်၍ ဆန့်ကျင်ရှုတ်ချပွဲများ၊ အတုအယောင် လူထုထောက်ခံပွဲများကို လူထု၏ဆန္ဒမပါပဲ အတင်းအဓမ္မခေါ်ယူ စုဆောင်း၍ နိုင်ငံတဝှမ်းလုံးတွင် အဆက်မပြတ် ကျင်းပခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ ၂၀၀၅ ခုနှစ်အထိ အမျိုးသားညီလာခံအောင်မြင်ရေး အတုအယောင်ထောက်ခံပွဲများကို တိုင်းနှင့်ပြည်နယ်အနှံ့ (၇၇)နေရာတွင် ကျင်းပခဲ့သည်။[၈၄] ထို့ပြင်၂၀၀၅ ခုနှစ် နောက်ပိုင်းကာလများမှစ၍ ၂၀၀၇ ခုနှစ်ကာလများအထိ ပြည်ခိုင်ဖြိုးအသင်းက ဦးဆောင်၍ များပြားလှသော အတုအယောင် လူထုထောက်ခံပွဲများ၊ ဆန့်ကျင်ရှုတ်ချပွဲများနှင့် လူစုလူဝေးပွဲများကို နိုင်ငံတစ်ဝှမ်း ကျင်းပပြုလုပ်ခဲ့သည်။

ပြည်ခိုင်ဖြိုးအာဏာပိုင်များအနေဖြင့် ယင်းအတုအယောင်ထောက်ခံပွဲများနှင့် လူစုလူဝေးပွဲများသို့ ပြည်သူလူထုအား မည်သို့မည်ပုံ ဖိအားပေး၍ တက်ရောက်စေခဲ့သည်ကို ဆက်လက် လေ့လာကြမည်ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလတွင် စစ်အစိုးရ၏ လမ်းပြမြေပုံအား ထောက်ခံဆန္ဒပြရန် မြိတ်ခရိုင်အတွင်းရှိ ပြည်သူများကို တစ်အိမ်ထောင်လျှင် ၂ ယောက်နှုန်း မြရောဘောလုံးကွင်းတွင် လာရောက်စုရုံးရန် ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက အမိန့်ပေးခဲ့သည်။ တက်ရောက်ရန် ပျက်ကွက်ပါက ဒဏ်ကြေးငွေ (၅၀၀)ကျပ် ပေးဆောင်ရသည်။ ယင်းလူစုလူဝေးပွဲများသို့ စစ်တပ်မိသားစုအသိုင်းအဝိုင်းများပါမကျန် တက်ရောက်ရန် စေခိုင်းခြင်းခံရသည်။ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလအတွင်း၌ နအဖစစ်ရုံးချုပ် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မြဝင်းသည် တနင်္သာရီတိုင်း၊ ထားဝယ်မြို့နှင့် မြိတ်မြို့များသို့ သွားရောက်၍ အမြောက်တပ်ရင်း အမှတ် (၂၀၁)၊ (၃၀၁)၊ (၃၀၂)၊ (၃၀၄)၊ (၃၀၆)၊ (၃၀၇)၊ (၃၀၉)၊ (၅၀၁)နှင့် (၄၀၁)တို့ မှ မိသားစုဝင်များကို ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ခင်ညွန့်၏ အချက်(၇)ချက်ပါ လမ်းပြမြေပုံကို ထောက်ခံဆန္ဒပြရန် စည်းရုံးလှုံ့ဆော်ခဲ့သည်။[၈၅]

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ထောက်ခံပွဲများအတွက် ပြည်သူလူထုကို တစ်အိမ်တစ်ယောက်နှုန်း တက်ရောက်ရန် ဖိအားပေးခဲ့သည်။ တက်ရောက်ရန် ပျက်ကွက် ပါက ပြင်းထန်စွာအရေးယူမည်ဟု မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမိန့် ထုတ်ခဲ့သည်။[၈၆] ဗန်းမော်မြို့ရှိ ဌာနဆိုင်ရာပေါင်းစုံမှ ဝန်ထမ်းများ၊ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များနှင့် စွမ်းအား ရှင် စုစုပေါင်းအင်အား ၂၀၀ ခန့်ကို ဗန်းမော်–မန္တလေး ပြေးဆွဲနေသည့် မှန်လုံဘတ်စ်ကား ၅ စီးဖြင့် မြစ်ကြီးနားသို့ ခေါ်ဆောင်လာ၍ အတုအယောင် ထောက်ခံပွဲများကို ကျင်းပခဲ့သည်။[၈၇] ထိုထောက်ခံ ပွဲများတွင် ကေအိုင်အို ခေါ် ကချင်လွတ်မြောက်ရေးအဖွဲ့လည်း အပါအဝင်ဖြစ်သည်။ သို့သော် ကချင်လူငယ် (၂၀၀)ကျော်ခန့်သည် စစ်အစိုးရ၏ထောက်ခံပွဲများအပေါ် ကေအိုင်အို၏ ရပ်တည်ချက်နှင့်ပတ် သတ်၍ အချက်(၇)ချက်ကိုတောင်းဆိုကာ ဆန့်ကျင်ရှုတ်ချခဲ့သည်။ တောင်းဆိုချက်(၇)ချက်တွင် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်၊ တန်းတူအခွင့်အရေး၊ ကချင်လူမျိုးစုများအားလုံး အမြန်စည်းလုံးညီညွတ်မှုရရှိရေး၊ နအဖစစ်အစိုးရ၏ အမျိုးသားညီလာခံ ကြိုဆိုထောက်ခံမှုကို ဆန့်ကျင်ပြီး ထောက်ခံနေသည့် ကချင်လူမျိုးများအားလုံးကိုလည်း မလိုလားကြောင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအားဖြင့် ကမ္ဘာ့အမြင်၊ အများအမြင်တွင် ကျရှုံးသွားသည့် ဂုဏ်သိက္ခာကို ပြန်လည်ရုပ်သိမ်းရန်နှင့် အများ၏ယုံကြည်မှုရရှိရေး ပြုလုပ်ရန် အချိန်ဖြစ်သည်ဟု ဖော်ပြပါရှိခဲ့သည်။[၈၈]

ပြည်ခိုင်ဖြိုးသည် စစ်အစိုးရနှင့် ၎င်းတို့၏ ပေါ်လစီများကို ထောက်ခံအားပေးသည့် အတုအယောင်ထောက်ခံပွဲများကို ကျင်းပပြုလုပ်ခဲ့သည့်အပြင် အတိုက်အခံအင်အားစုများကို ဆန့်ကျင်ရှုတ်ချသည့် လူစုလူဝေးပွဲများကိုလည်း ကျင်းပခဲ့သည်။ ယင်းသည် ပြည်ခိုင်ဖြိုးအာဏာပိုင်များ၏ ရည်ရွယ်ချက်များထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ အထူးသဖြင့် အာဏာပိုင်များ၏ အထူးပစ်မှတ်ထား တိုက်ခိုက်ခံရသည့် အဖွဲ့အစည်းတစ်ခုမှာ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာနိုင်ငံတွင် အကြီးမားဆုံး အတိုက်အခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် ၁၉၉၀ ရွေး

ကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပင်ဖြစ်သည်။ ပြည်ခိုင်ဖြိုးအာဏာပိုင်များသည် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ အဖွဲ့ချုပ်အဖွဲ့ဝင်များအား ကန့်ကွက်ဆန္ဒပြရန် တစ်အိမ်လျှင်တစ်ယောက်နှုန်း မလာမနေရ လာရောက်ရန် အမိန့်ထုတ်ခဲ့သည်။ မလာရောက်ပါက လုပ်အားပေး စေခိုင်းခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆို ၍ အတင်းအဓမ္မ လူစုဆောင်းခဲ့သည်။ တစ်ရွာလျှင် အနည်းဆုံး လူ(၄)ဦးမှ (၂၀)ဦးအထိ ရယက (ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)မှ မလာမနေရ အတင်းအဓမ္မ ဆင့်ခေါ်သဖြင့် လာရောက်ကြရသည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုလျှင် ထောင်ဒဏ် (၇)နှစ် ပြစ်ဒဏ်ချမည်ဟုလည်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက တရားလွန် ခြိမ်းခြောက်ခဲ့သည်။ ယင်းရှုတ်ချပွဲများအတွက် လူ (၂၀၀) ခန့်ကို အရက်တိုက်၍လည်းကောင်း၊ ငွေပေး၍လည်းကောင်း စည်းရုံးခေါ်ဆောင်ခဲ့သည်။[၇၉]

လွတ်လပ်စွာ စုရုံးခွင့်၊ လွတ်လပ်စွာ ဆန္ဒပြပိုင်ခွင့်သည် လူသားအားလုံး၏ယုံကြည်ချက်ဖြစ်သည်။ မည်သူမဆို မိမိတို့ ဆန္ဒကို ထုတ်ဖော်ပြသနိုင်ခွင့်ရှိသည်။ အထူးအခွင့်အရေးတစ်ခုအနေဖြင့် ပြည်ခိုင်ဖြိုးအဖွဲ့ကို ဆန္ဒပြပိုင်ခွင့်ပေးခြင်းကို လက်ခံနိုင်သော်လည်း အချို့ပြည်သူများကို အတင်းအကျပ် မလိုက်မနေရ ဆန္ဒပြခိုင်းနေခြင်းသည် လက်ခံနိုင်ဖွယ်ရာမရှိကြောင်း ၂၀၀၃ ခုနှစ်၊ မေလ (၂၉)ရက် မုံရွာမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်တင်ပွဲတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ထောက်ပြခဲ့သည်။[၈၀]

၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ မှ ၁၉၉၉ ခုနှစ်၊ ဇန်နဝါလအထိ အင်န်အယ်လ်ဒီပါတီကို ဆန့်ကျင်သော လူစုလူဝေးပွဲများကို နိုင်ငံတဝှမ်းလုံးရှိ မြို့ကြီး(၁၉)ခုတွင် ကျင်းပပြုလုပ်ခဲ့သည်။ ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲဟု စစ်အစိုးရက အမည်တပ်ထားသော အဆိုပါ ဆန့်ကျင်ရှုတ်ချပွဲများကို နိုင်ငံတစ်ဝှမ်းတွင် ပြည်ခိုင်ဖြိုးအသင်းက ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည်။ ထောင်ပေါင်းများစွာသော ပြည်သူများကို ဒေသခံအာဏာပိုင်များက ဖိအားပေး တက်ရောက်စေခဲ့ပြီး၊ တက်ရောက်လာသူအများစုမှာ ပြည်ခိုင်ဖြိုး (ခေါ်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ ဖြစ်ကြသည်။[၈၁] အထူးသဖြင့် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ပြုလုပ်ခဲ့သော အင်န်အယ်လ်ဒီပါတီ ဆန့်ကျင်ရေး အတုအယောင် လူစုလူဝေးများသည် စစ်အာဏာပိုင်များနှင့် ၎င်းတို့၏ လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအသင်း၏ အာဏာရှင်သရုပ်မှန်ကို ပိုမိုပီပြင်စွာ ပေါ်လွင်စေခဲ့သည်။

နိုင်ငံရေးအတိုက်အခံပါတီများကို ဆန့်ကျင်ကန့်ကွက်သည့် လူစုလူဝေးပွဲများတွင် အာဏာပိုင်များဘက်မှ လုပ်လေ့လုပ်ထရှိသည့် အချက်တစ်ခုမှာ ၎င်းတို့က အသင့်ရေး၍ယူဆောင်လာသော စာရွက်စာတမ်းများကို ပရိတ်သတ်ထဲမှ လူတချို့အား တက်ရောက်၍ ဖတ်ကြားပြခိုင်းခြင်း ဖြစ်သည်။ နေပူကျဲကျဲ ကွင်းပြင်ကြီးထဲတွင် အဓမ္မခေါ်ယူစုဆောင်းထားသော လူထုကြီးက ဆန္ဒမပါသော်လည်း အာဏာပိုင်များအလိုကျ ထောက်ခံကြောင်း လက်ခုပ်တီးပေးရသည်။ ဥပမာအားဖြင့် ပြည်ခိုင်ဖြိုးခေါင်းဆောင်များက "အင်န်အယ်လ်ဒီပါတီက တိုင်းပြည်နဲ့ လူငယ်တွေကို ဖျက်ဆီးနေတယ်၊ ကိုယ့်တိုင်းပြည်ကို ပြည်ပလက်ထဲရောက်အောင် လွှဲပေးနေတယ်၊ တိုင်းပြည်ကို စွန့်ပစ်ထားတဲ့ သစ္စာဖောက်တွေဖြစ်တယ်" စသဖြင့် ရှုတ်ချနေချိန်တွင် ပြည်သူလူက " NLD ပါတီ၊ ဒေါ်အောင်ဆန်းစုကြည်နှင့်၊

ဦးတင်ဦးတို့ကို ဆန့်ကျင်ကြ”ဟု လက်သီးလက်မောင်းတန်း၍ အော်ရသည်။ ပြည်သူလူထုအများစုမှာ ကန့်ကွက်ရှုတ်ချပွဲများ ပြီးစီးသွားသော်လည်း မည်သည့်အကြောင်းအရာများ ပြောကြားခဲ့သည်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ပြောသွားခဲ့သည်ကို နားမလည်လိုက်ကြသကဲ့သို့ စိတ်ဝင်စားမှုလည်း မရှိကြချေ။[၆၂]

ပြည်ခိုင်ဖြိုးအာဏာပိုင်များ၏ အတုအယောင် ထောက်ခံပွဲများသည် ပြည်သူလူထု၏ နေ့စဉ်ဘဝများကိုပါ ထိပါးခြိမ်းခြောက်လာခဲ့သည်။ မန္တလေးမြို့တွင်ကျင်းပသည့် လူစုလူဝေးပွဲများကို တက်ရောက်ရန် ဒေသခံများကို အာဏာပိုင်များက အသံချဲ့စက်များဖြင့် လိုက်လံအော်ဟစ်၍ ဖိအားပေးခဲ့သည်။ တက်ရောက်ရန်ပျက်ကွက်ပါက ရေ၊ မီးများကို ဖြတ်တောက်ပစ်မည့်အပြင် တစ်ဦးလျှင် ဒဏ်ငွေ (၁၀၀) ကျပ်ကိုလည်း ပေးဆောင်ရမည်ဟု မြို့တွင်းရှိ ပြည်သူလူထုကို အာဏာပိုင်များက တရားလွန် ခြိမ်းခြောက်ခဲ့သည်။ ထို့ကြောင့် မြို့နေလူထု၏ (၉၀)ရာခိုင်နှုန်းသည် အာဏာပိုင်များ၏ အမိန့်ပေး ခြိမ်းခြောက်မှုများကို မလွန်ဆန်ရဲသည့်အတွက် ဆန္ဒမပါဘဲနှင့် လိုက်နာလုပ်ဆောင်ခဲ့ရသည်။[၆၃] ထောက်ခံပွဲများ တက်ရောက်သူများကို ငွေ (၃၀၀၀)ကျပ် ပေးမည်ဟု အာဏာပိုင်များက မက်လုံးပေး စည်းရုံးခဲ့သော်လည်း တကယ့်လက်တွေ့တွင်မူ ပေးဆောင်ခြင်းမရှိသည့်အပြင် ပြည်သူအချို့မှာ အတုအယောင်ထောက်ခံပွဲကာလများအတွင်း ၎င်းတို့၏ဝမ်းရေးအတွက်ပင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။[၆၄]

ထို့ပြင် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလအတွင်း၌ မန္တလေးတိုင်း မြင်းခြံမြို့နှင့် မိတ္ထီလာမြို့များတွင် ကျင်းပခဲ့သော အမျိုးသားညီလာခံထောက်ခံပွဲများတွင် ကျေးရွာများမှ ရွာသူရွာသားများကို မတက်မနေရအမိန့်ဖြင့် ပြည်ခိုင်ဖြိုးအဖွဲ့မှ အတင်းအကျပ် ခေါ်ယူစုဆောင်းခဲ့သည်။ ထောက်ခံပွဲတက်ရောက်သူများကို ကျပ်ငွေ (၁၅၀၀)ပေးမည်၊ ထမင်းကျွေးမည်ဟု မက်လုံးပေးပြီး ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက စည်းရုံးခဲ့သည်။ မတက်ရောက်သည့် အိမ်များကို တစ်အိမ်လျှင် ဒဏ်ငွေ (၁၀၀၀၀)ကျပ် ပေးဆောင်ရမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ပြည်သူလူထုသည် ပြည်ခိုင်ဖြိုးအာဏာပိုင်များ၏ မက်လုံးပေး ဆွဲဆောင်မှုများကြောင့်မဟုတ်ပဲ ဒဏ်ငွေမပေးဆောင်နိုင်၍ တက်ရောက်ခဲ့ရသည်။ တရားမျှတမှုမရှိသော ယင်းလုပ်ရပ်များကြောင့် လူထုနှင့် ပြည်ခိုင်ဖြိုးအာဏာပိုင်များအကြား ခိုက်ရန်ဖြစ်ပွားမှုများပင် ရှိခဲ့သည်။[၆၅]

ထို့နည်းတူ ၂၀၀၇ ခုနှစ် အောက်တိုဘာလအတွင်း ပခုက္ကူမြို့တွင် ပြုလုပ်သော စစ်အစိုးရ၏ အမျိုးသားညီလာခံထောက်ခံပွဲများတွင်လည်း ပြည်သူလူထုကို တက်ရောက်ရန် အဓမ္မ ဆင့်ခေါ်ခဲ့သည်ကို တွေ့ရသည်။ အာဏာပိုင်များက တက်ရောက်လာသူများကို ကျပ်ငွေ (၁၅၀၀) ကျပ်ပေးပြီး မတက်ရောက်လျှင် ကျပ်ငွေ (၃၀၀၀)ကျပ် ပြန်ပေးရမည်ဟု ခြိမ်းခြောက်ခဲ့သည်။[၆၆] ထို့ပြင် မကွေးတိုင်း၊ မကွေးမြို့ ထောက်ခံပွဲများတွင်လည်း အလားတူ ဖိအားပေးမှုများရှိခဲ့သည်။ အစိုးရထောက်ခံပွဲများကို တက်ရောက်ရန် ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်အဖွဲ့များက ကျေးရွာများရှိ ဒေသခံများကို မတက်မနေရ လက်မှတ်ထိုးခိုင်းခဲ့သည်။ မတက်ရောက်ပါက နိုင်ငံတော်ကို မထီမဲ့မြင်လုပ်မှုနှင့် မြို့နယ်မယကကို တိုင်ကြားမည်ဟု လှည့်လည်ကျေညာပြီး ကျပ်ငွေ (၃၀၀၀)မှ (၁၀၀၀၀)အထိ ဒဏ်ငွေရိုက်မည်ဟုလည်း ခြိမ်းခြောက်ခဲ့သည်။[၆၇] အောင်လံမြို့တွင် တစ်ရပ်ကွက်လျှင် လူဦးရေ (၅၀)နှုန်း တက်ရောက်ရန်

အတင်းအကျပ် စုဆောင်းခဲ့သည်။ ကိုယ်တိုင် မလိုက်နိုင်ပါက လူငှားထည့်ပေးရသည်။ အစိုးရထောက်ခံပွဲများသို့ သွားရောက်ရန် အတင်းအဓမ္မချောဆွဲထားသော ကားများဖြင့် ပို့ဆောင်ပေးခဲ့သည်။ အဆိုပါကားများသည် အစိုးရအား ပုံမှန်အခွန် ပေးဆောင်နေသော ကားများဖြစ်သည့်အတွက်ကြောင့် ယာဉ်ပိုင်ရှင်များနှင့် ပြည်ခိုင်ဖြိုးအာဏာပိုင်များ အကြားတွင်လည်း မကျေလည်မှုများ ပေါ်ပေါက်ခဲ့သည်။[၉၈]

စစ်အစိုးရကျောထောက်နောက်ခံ ပြည်ခိုင်ဖြိုးအသင်းက ဦးဆောင်ကျင်းပနေသော အတုအယောင် ထောက်ခံပွဲများတွင် ပြည်သူလူထုကို အတင်းဓမ္မ နေရာချထားမှုများကြောင့် မိလ္လာသန့်ရှင်းမှု နည်းပါးခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများ မကြာခဏ ဖြစ်ပေါ်ခဲ့သည်။ ခိုက်ရန်ဖြစ်ပွားမှုများကြောင့် တက်ရောက်လာသူများထဲတွင် သေဆုံးမှုများပင် ရှိခဲ့သည်။ လူစုလူဝေးပွဲများ ကျင်းပနေစဉ်ကာလအတွင်း ရာသီဥတုပူပြင်းလွန်းခြင်း သို့မဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း စသည့် အခြေအနေများကိုလည်း ကြုံတွေ့ခဲ့ရသည်။ မည်သည့်အခြေအနေများတွင်မဆို ပြည်ခိုင်ဖြိုးအာဏာပိုင်များက အတုအယောင် လူစုလူဝေးပွဲများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

၁၉၉၄ ခုနစ်တွင် ပဲခူးတိုင်း၊ ပြည်မြို့၌ ကျင်းပသော နအဖစစ်အစိုးရအား ထောက်ခံကြောင်း ပြသသည့် လူစုလူဝေးပွဲတစ်ခုတွင် လူထောင်ပေါင်းများစွာအား အတင်းအဓမ္မ တက်ရောက်ရန် စေခိုင်းခဲ့သည်။ ပြည်သူများကို လူစုလူဝေးပွဲ မကျင်းပခင်တစ်ရက်အလိုတွင် ခြံဝင်းတစ်ခုထဲ၌ စုရုံးစေခဲ့သည်။ ပြည်သူများအား အိမ်သာအသုံးပြုခွင့်ကိုပင် ပိတ်ပင်ထားခဲ့သည်။ ထိုအခြေအနေများကြောင့် အချို့မှာ ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းခဲ့ကြသည်။ ထိုကဲ့သို့ ထွက်ပြေးရန် ကြိုးပမ်းသူများသည် အစောင့်များ၏ ဝါးလုံးပိုင်းများ၊ တုတ်များဖြင့် ရိုက်နှက်ခြင်းကို ခံခဲ့ရသည်။ ထိုရုန်းရင်းဆန်ခတ်မှုတွင် လူ (၂) ယောက်သည် ခြေဖြင့် ကန်ကျောက်၊ နင်းခြေ၍ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ကျောရိုးကျိုးသွားသော အမျိုးသမီး(၂)ဦးအပါအဝင် လူအယောက် (၂၀) ဒဏ်ရာရရှိခဲ့သည်။ သို့သော်လည်း လူစုလူဝေးပွဲများကို နောက်တနေ့တွင် အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။[၉၉]

ထို့ပြင် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလအတွင်း၌လည်း မိုသည်းထန်စွာ ရွာသွန်းမှုကြောင့် မကွေးတိုင်း၊ မကွေးမြို့တွင်ပြုလုပ်သည့် အတုအယောင် စစ်အစိုးရထောက်ခံပွဲသို့ တက်ရောက်ရန် ပြည်သူများကို သယ်ဆောင်လာသည့်ကားတစ်စီး ညအချိန်တွင် တိမ်းမှောက်ခဲ့သည်။ ပြည်သူအချို့ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး အခြားပြည်သူများလည်း တစ်ညလုံး ဆင်းဆင်းရဲရဲနှင့် နေခဲ့ရသည်။ သို့သော်လည်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဆိုပါသတင်းအား သက်ဆိုင်ရာမိသားစုများထံ မပေါက်ကြားစေရန် သတိပေးပြောဆိုခဲ့သည်။[၁၀၀] လူစုလူဝေးပွဲများ ကျင်းပနေစဉ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောင်းသားလူငယ်များ မကျန်းမမာ ဖြစ်ခဲ့ကြသည်။[၁၀၁] မွန်ပြည်နယ်ရှိ မော်လမြိုင်၊ ကျိုက်ထိုနှင့် သထုံမြို့များတွင် ပြုလုပ်သော လူထုလူဝေးပွဲများတွင်လည်း ပြည်သူလူထုကို အတင်းအကျပ်ဖိအားပေး တက်ရောက်စေခဲ့သည်။ ထိုလူစုလူဝေးပွဲများသို့ သွားရာလမ်းတွင် ကားပေါ်မှ ပြုတ်ကျခြင်း၊ အမောဆို့ခြင်း စသည့် ထိခိုက်မှုများကြောင့် လူ(၃)ဦး သေဆုံးခဲ့သည်။[၁၀၂]

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် ချင်းပြည်နယ်၊ ဟားခါးမြို့၌ နအဖစစ်အစိုးရ၏ လမ်းညွှန်ချက်(၇)ရပ်ပါ ဒီမိုကရေစီလမ်းပြမြေပုံအား ထောက်ခံကြောင်းပြသသည့် လူစုလူဝေးပွဲတစ်ခုကို ကျင်းပခဲ့သည်။ ယင်းလူစုလူဝေးပွဲများသို့ ကျောင်းသူကျောင်းသားများနှင့် အစိုးရဝန်ထမ်းများကို ဖိအားပေး တက်ရောက်စေခဲ့သည်။ တက်ရောက်ရန် ပျက်ကွက်သူများကို ကျောင်းမှထုတ်ပယ်ခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း (သို့မဟုတ်) ဒဏ်ငွေပေးဆောင်ခြင်းများ ခံရမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ချင်းပြည်နယ်ရှိ အဓိကမြို့ကြီးများမှ ကိုယ်စားလှယ်များစေလွှတ်ရန် ဖိအားပေးစေခိုင်းခဲ့ပြီး ဟားခါးမြို့တွင်လည်း တစ်အိမ်ထောင်လျှင် အနည်းဆုံး လူတစ်ယောက်နှုန်း တက်ရောက်ရန် ညွှန်ကြားခဲ့သည်။ တက်ရောက်သူများအား လူတန်းသုံးတန်းခွဲ၍ မြန်မာ့ရိုးရာ အဝတ်အစားများကို ဝတ်ဆင်စေရန် ညွှန်ကြားခဲ့သည်။[၁၀၃] ထို့ပြင် ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်း၌ ရှမ်းပြည်နယ်၊ မူဆယ်မြို့တွင် ပြုလုပ်သော အမျိုးသားညီလာခံထောက်ခံပွဲများကိုလည်း သက်ဆိုင်ရာဌာနများရှိ ဝန်ထမ်းအင်အား အပေါ်မူတည်၍ ခွဲတမ်းစနစ်ဖြင့် တက်ရောက်ရန် အာဏာပိုင်များက ညွှန်ကြားခဲ့သည်။[၁၀၄] တောင်တွင်းကြီးမြို့တွင် ဌာနဆိုင်ရာတစ်ခုလျှင် အနည်းဆုံး (၆)ဦးကျ တက်ရောက်ရန် အာဏာပိုင်များက ညွှန်ကြားခဲ့သည်။[၁၀၅]

နိုဝင်ဘာလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့တွင် ပြုလုပ်သော အစိုးရထောက်ခံပွဲများတွင် ရပ်ကွက်တွင်းရှိ ပြည်သူများကို တစ်အိမ်လျှင်တယောက်နှုန်း မတက်မနေရ တက်ရောက်ရန် အာဏာပိုင်များက ဖိအားပေးခဲ့သည်။ အိမ်ခြေနည်းသော ရပ်ကွက်များမှ တစ်အိမ်လျှင် (၃) ယောက်နှုန်း မတက်မနေရ တက်ရောက်ခဲ့ရသည်။ ဤစစ်အစိုးရထောက်ခံပွဲများတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မီးသတ်၊ ကြက်ခြေနီ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကျောင်းသူကျောင်းသားများသည် မိမိတို့ သက်ဆိုင်ရာ ဝတ်စုံ များကို ဝတ်ဆင်ခွင့်မရပဲ ရိုးရိုးအရပ်ဝတ်များဝတ်ဆင်ပြီး အရပ်သားအသွင်ဖြင့် လိုက်ပါခဲ့သည်မှာ ထူးခြားမှုတစ်ခု ဖြစ်ခဲ့သည်။[၁၀၆] ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် မန္တလေးတိုင်း၊ ပုဂံမြို့၌ ကျင်းပခဲ့သော Road Map ထောက်ခံပွဲတွင်လည်း ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်များ နှင့် အစိုးရဝန်ထမ်းများကို အာဏာပိုင်များက မတက်မနေရ ဆင့်ခေါ်ခဲ့သည်။ အစိုးရဝန်ထမ်းများသည် အချိန်ကုန် အလုပ်ပျက်သည့်အပြင် မိမိတို့ကိုယ်ပိုင်စရိတ်ဖြင့် ဆန္ဒမပါဘဲ တက်ရောက်ခဲ့ရသည်။ တက်ရောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်သော ဝန်ထမ်းများကို အာဏာပိုင်များက ဒဏ်ငွေ ကောက်ခံခဲ့သည်။[၁၀၇]

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့တွင် ပဲခူးတိုင်း၊ တောင်ငူမြို့၌ စစ်အစိုးရ၏ အတုအယောင် ဒီမိုကရေစီလမ်းပြမြေပုံကို အားပေးထောက်ခံသည့် လူစုလူဝေးပွဲကြီးတခုကို ပြည်ခိုင်ဖြိုးအသင်းက ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည်။ စစ်အာဏာပိုင်များသည် လူစုလူဝေးပွဲကြီး မစတင်ခင် ၂ လ ကြိုတင်၍ ကျေးရွာများအားလုံးသို့ သွားရောက်ပြီး ရွာသူ၊ ရွာသားများအား တစ်အိမ်ထောင်လျှင် အနည်းဆုံး (၁)ယောက်နှုန်း တက်ရောက်ရန် ပြောကြားခဲ့သည်။ ယင်းစစ်အစိုးရ ထောက်ခံပွဲများအတွက် တစ်အိမ်လျှင် ကျပ်ငွေ (၁၀)ပေးဆောင်ရပြီး၊ တက်ရောက်ရန် ပျက်ကွက်ပါက နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်၍အတင်းအဓမ္မ တက်ရောက်စေခိုင်းခဲ့သည်။ ဥပမာအားဖြင့် လယ်သမားများ

ဆိုလျှင် စစ်အစိုးရအားဆန့်ကျင်သည်ဟု စွပ်စွဲ၍ ၎င်းတို့ပိုင် လယ်ယာမြေများကို သိမ်းဆည်းမည်၊ အလုပ်သမားများဆိုလျှင် အလုပ်ဖြုတ်မည်၊ ကျောင်းသားများဆိုလျှင် စာမေးပွဲအောင်မှတ် မရအောင် ပြုလုပ်မည်၊ ကားသမားများ ဆိုလျှင်လည်း ၎င်းတို့၏ ကားမောင်းလိုင်စင်များကို ရုပ်သိမ်းမည် စသဖြင့် အမျိုးမျိုးခြိမ်းခြောက်၍ တက်ရောက်ရန် ဖိအားပေးခဲ့သည်။ ထို့ကြောင့် အများစုသည် အာဏာပိုင်များ၏အမိန့်ကို မလွန်ဆန်ရဲ၍ တက်ရောက်ကြရသည်။ အလုပ်သမား၊ လယ်သမားများအနေဖြင့် မိမိတို့၏နေ့စဉ်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် အခြားတစုံတစ်ယောက်ကို အစားထိုးငှားရမ်းရန်အတွက် ငွေကြေးအခက်အခဲ ကြုံတွေ့ခဲ့ရသည်။[၁၀၈]

ပြည်ခိုင်ဖြိုးအသင်း၏ လူစုလူဝေးပွဲများသို့ မျှော်လင့်ထားသည့် အရေအတွက်အတိုင်း တက်ရောက်လာသူဦးရေ အပြည့်အဝ မရှိသော်လည်း တက်ရောက်လာသူအရေအတွက်အား မကြာခဏချဲ့ကားပြောဆို၍ အစိုးရပိုင်ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနများသို့ သတင်းပို့လေ့ရှိသည်။ ဥပမာအားဖြင့် မိတ္ထီလာမြို့ရှိ အစိုးရထောက်ခံပွဲများသို့ တက်ရောက်ခဲ့သည့် အရေအတွက်သည် (၂၀၀၀၀)ကျော်ခန့်သာရှိသော်လည်း အာဏာပိုင်များက (၆၀၀၀၀)ကျော် တက်ရောက်ခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။[၁၀၉] ၁၉၉၄ ခုနှစ်အတွင်းက ရှမ်းပြည်မြောက်ပိုင်းတွင် ပြုလုပ်သော အတုအယောင် စစ်အစိုးရထောက်ခံပွဲများတွင် တက်ရောက်သူအရေအတွက်သည် သောင်းဂဏန်းမျှသာ ရှိသော်လည်း စစ်အာဏာပိုင်များက ၂ သိန်းကျော်ခန့် တက်ရောက်ခဲ့သည်ဟု ချဲ့ကား၍ ကြေညာခဲ့သည်။[၁၁၀]

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလတွင် ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ခင်ညွန့်၏ လမ်းပြမြေပုံ(၇)ချက်ကို ထောက်ခံကြောင်းပြသရန် လူစုလူဝေးပွဲတစ်ခုကို ပြည်ခိုင်ဖြိုးအသင်းက ဦးဆောင်၍ ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပခဲ့သည်။ ထိုလမ်းပြမြေပုံထောက်ခံပွဲသို့ ပြည်သူလူထု (၁၅၀၀၀) ကျော် တက်ရောက်ခဲ့သည်ဟု စစ်အစိုးရမီဒီယာများက ဂုဏ်ယူဝံ့ကြွားစွာ ပြောဆိုခဲ့သော်လည်း ပြည်ခိုင်ဖြိုးအသင်းဝင်များအပါအဝင် ကျောင်းသား၊ ကျောင်းသူများနှင့် အစိုးရဝန်ထမ်းအများစုသည် ထိုထောက်ခံပွဲသို့ အာဏာပိုင်များ၏ အမိန့်ပေးစေခိုင်းခဲ့ခြင်းကြောင့် မလွှဲမရှောင်သာ တက်ရောက်ခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။[၁၁၁]

၂၀၀၆ ခုနှစ်တွင် အမျိုးသားညီလာခံအား ထောက်ခံကြောင်းပြသသည့် အတုအယောင် လူစုလူဝေးပွဲများကို စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအသင်းက ဦးဆောင်၍ ဇန်နဝါရီ ၇ ရက်နေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားတွင် ကျင်းပခဲ့သည်။ တဆက်တည်း၌ပင် ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့တွင်လည်း ဆက်လက်ကျင်းပခဲ့သည်။ မြန်မာစစ်အစိုးရ သတင်းမီဒီယာများတွင် အဆိုပါအမျိုးသားညီလာခံထောက်ခံပွဲကို သန်းပေါင်းများစွာသော ပြည်သူလူထုကြီးက ထောက်ခံကြိုဆိုခဲ့ပြီး၊ ပြည်ခိုင်ဖြိုးအဖွဲ့ဝင် (၂၂)သန်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့ဝင် (၄)သန်းဖြင့် ထောက်ခံမှုအများစုကို ရယူနိုင်ခဲ့ကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ပြောဆိုခဲ့သည်။ သို့သော်လည်း ထောက်ခံပွဲသို့ တက်ရောက်ခဲ့ရသော ဒေသခံပြည်သူများမှာ အာဏာပိုင်များ၏ နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြိမ်းခြောက်မှုများကြောင့် ၎င်းတို့၏နေ့စဉ်လုပ်ငန်းများကို ချန်ထားခဲ့ပြီး တက်ရောက်ခဲ့ရခြင်းဖြစ်သည်။[၁၁၂] စစ်အစိုးရမီဒီယာများက မည်သို့ပင် ပုံကြီးချဲ့ပြောဆိုလင့်ကစား အဆိုပါထောက်

ခံပွဲများသည် လူထုဆန္ဒမပါပဲ အတင်းအဓမ္မစုဆောင်းထားသည့် အတုအယောင် လူစုလူဝေးပွဲများဖြစ်သည်မှာ ထင်ရှားသည်။

တက်ရောက်လာသူဦးရေ အလွန်နည်းပါးနေလျှင် သက်ဆိုင်ရာ ပြည်ခိုင်ဖြိုးအာဏာပိုင်များက လာဘ်ထိုးခြင်း၊ မက်လုံးပေးခြင်း စသည့်နည်းများဖြင့် စည်းရုံး၍ အင်အားဖြည့်တင်းခဲ့သည်။ တနင်္သာရီတိုင်း၊ မြိတ်မြို့ရှိ စစ်အစိုးရ လမ်းပြမြေပုံထောက်ခံပွဲများအတွက် ဒေသခံအာဏာပိုင်များက သက်ဆိုင်ရာဝန်ထမ်းတစ်ဦးကို လစာမဲ့ခွင့် ၃ ရက်နှင့် သက်သာဆန် ၂ ပြည်၊ ကျောင်းဆရာ၊ ဆရာမတစ်ဦးကို ကျောင်းဝတ်စုံ တစ်စုံ၊ အလယ်တန်းကျောင်းသားတစ်ဦးကို ဗလာစာအုပ် ၈ အုပ်နှင့် ဘောပင် ၃ ချောင်း၊ အထက်တန်းကျောင်းသားတစ်ဦးကို ဗလာစာအုပ် ၁၂ အုပ်နှင့် ဘောပင် ၃ ချောင်း၊ တက္ကသိုလ်ကျောင်းသားတစ်ဦးကို ဗလာစာအုပ် ၁၅ အုပ်နှင့် မှတ်တမ်းစာအုပ် ၁ အုပ်စီ စသဖြင့် လာဘ်ထိုးစည်းရုံးခဲ့သည်။[၁၁၃]

စစ်အစိုးရ၏ အတုအယောင်ထောက်ခံပွဲများ၊ ဆန့်ကျင်ရှုတ်ချပွဲများအတွက် ပြည်သူလူထုကို နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြိမ်းခြောက်၍ တက်ရောက်စေခိုင်းခဲ့သည်သာမက ပြည်သူပိုင်ဈေးဆိုင်များကိုပါ ပြည်ခိုင်ဖြိုးအာဏာပိုင်များက အဓမ္မပိတ်ခိုင်းခဲ့သည်။ ၂၀၀၇ ခုနှစ် အောက်တိုဘာလအတွင်း ပဲခူးမြို့အားကစားကွင်း၌ ကျင်းပခဲ့သော အမျိုးသားညီလာခံထောက်ခံပွဲများတွင် တက်ရောက်လာသည့် လူထုအများစုသည် ပဲခူးတိုင်းရှိ မြို့နယ်အားလုံးမှ တစ်အိမ်တစ်ယောက် မဖြစ်မနေလိုက်ရန် အမိန့်ပေးခံရသူများဖြစ်သည်။ တက်ရောက်ရန် ပျက်ကွက်သူများသည် ကျပ်ငွေ(၁၀၀၀)ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရသည်။ ဤအတုအယောင် ညီလာခံထောက်ခံပွဲများ ကျင်းပနေစဉ်အတွင်း ပဲခူးမြို့ရှိ လက်ဘက်ရည်ဆိုင်များအပါအဝင် ဆိုင်အားလုံးကိုလည်း ပိတ်ထားရန် အမိန့်ထုတ်ခဲ့သည်။[၁၁၄] အလားတူစွာ ထိုင်း–မြန်မာနယ်စပ် မြဝတီမြို့တွင် အတုအယောင်ထောက်ခံပွဲများ ကျင်းပနေစဉ်ကာလအတွင်း၌လည်း မြို့ပေါ်ရှိ ဈေးဆိုင်များအားလုံးကို ပိတ်ထားရန် အာဏာပိုင်များက အမိန့်ထုတ်ခဲ့သည်။ ယင်းထောက်ခံပွဲသို့ ပြည်သူလူထုအား အတင်းအဓမ္မတက်ရောက်စေခဲ့ပြီး၊ မတက်ရောက်ပါက တစ်အိမ်ထောင်လျှင် မြန်မာငွေ (၈၀၀၀)ကျပ်နှင့် ဘိလပ်မြေ (၁)အိတ် ဒဏ်ရိုက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။[၁၁၅]

အာဏာပိုင်များသည် အမျိုးသားညီလာခံထောက်ခံပွဲများ၊ အတိုက်အခံအဖွဲ့အစည်းများနှင့် ပြည်ပမီဒီယာများကို ဆန့်ကျင်တိုက်ခိုက်သည့် လူစုလူဝေးပွဲများကို ပြည်ခိုင်ဖြိုးဦးဆောင်မှုဖြင့် ပြည်တွင်း၌ ဆက်တိုက်ပြုလုပ်ခဲ့သည့်အပြင် ပြည်ပနိုင်ငံကြီးများကို ဆန့်ကျင်သည့် လူစုလူဝေးပွဲများကိုလည်း ပြုလုပ်ခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ ရန်ကုန်မြို့ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံးများရှေ့တွင် စစ်အစိုးရကျောထောက်နောက်ခံ ကြေးစားပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက (၃)ရက်ဆက်တိုက် ဆန့်ကျင်ဆန္ဒပြခဲ့သည်။ ဤဆန္ဒပြပွဲများတွင် ပါဝင်သူများကို စစ်အစိုးရလက်ဝေခံကိုအေးလွင် ဦးဆောင်သော မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေး လှုပ်ရှားနေသည်ဆိုသည့်အဖွဲ့များက တစ်ဦးလျှင် ကျပ်ငွေ (၃၀၀၀)ပေး၍ စည်းရုံးလှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။[၁၁၆] သို့သော်လည်း သံရုံးရှေ့ ဆန္ဒပွဲများနှင့်ပတ်သက်၍ မြန်မာစစ်အာဏာပိုင်များက အမေရိ

ကန်နှင့် ဗြိတိန်တို့၏ ဗိုလ်ကျစိုးမိုးမှုကို မခံနိုင်၍ အမျိုးသားရေးစိတ်ဓါတ် ထက်သန်သူများက ရှေ့တန်းထွက် ဆန့်ကျင်ကန့်ကွက်လိုက်ခြင်း ဖြစ်သည်ဟု ကာကွယ်ပြောဆိုခဲ့သည်။[၁၁၇]

ထို့ပြင် အမေရိကန်ကို တိုက်ရိုက်ဆန့်ကျင်သည့် ပြည်ခိုင်ဖြိုးအဖွဲ့၏ လှုပ်ရှားမှုများမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့ အစိုးရထောက်ခံပွဲတစ်ခုတွင် ဖြစ်သည်။ မြို့နယ်ပြည်ခိုင်ဖြိုးဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်အဖွဲ့က ကြွေးကြော်သံများ ဟစ်အော်၍ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ဓါတ်ပုံအား မီးရှို့ဖျက်ဆီးခဲ့သည်။ ဤအဖြစ်အပျက်ကို ဓါတ်ပုံရိုက်ကူးသူ အရပ်သားတစ်ဦးကိုလည်း အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။[၁၁၈] ပြည်ခိုင်ဖြိုးက လုပ်ဆောင်ခဲ့သော အခြားလှုပ်ရှားမှုတစ်ခုမှာ ယခင်က ပြည်တွင်းနေရာဒေသများ၊ အစိုးရမီဒီယာများတွင်“ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ”၊ “ပြည်ပအင်အားကြီး နိုင်ငံတစ်နိုင်ငံ”၊ “အနောက်အုပ်စု အင်အားကြီး နိုင်ငံတစ်နိုင်ငံ” စသဖြင့် သုံးနှုန်းခဲ့သော်လည်း နောက်ပိုင်းတွင် “အမေရိကန်အားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ” ဟု ပြောင်းလဲသုံးနှုန်းကာ အမေရိကန်အား တိုက်ရိုက်ဆန့်ကျင်ခဲ့သည်။ အဆိုးဆုံးမှာ ထိုဆောင်ပုဒ်များကို စီးပွားရေးကြော်ငြာများအတွက် စည်ပင်သာယာရေးကော်မတီအခွန်ဌာနတွင် အခွန်ဆောင်ထားသော ပုဂ္ဂလိကစီးပွားရေးကြော်ငြာဆိုင်းဘုတ်များပေါ်တွင် ထပ်ဆင့်ချိတ်ဆွဲခဲ့ခြင်းဖြစ်သည်။ ယင်းလုပ်ရပ်များကြောင့် စီးပွားရေးလုပ်ငန်းရှင်များကို စိတ်အနှောက်အယှက် များစွာဖြစ်စေခဲ့သည်။[၁၁၉]

ပြည်ပမှ နိုင်ငံရေးခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် အထူးသံတမန်များ မြန်မာပြည်သို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်လည်ပတ်သည့်အချိန်တွင်လည်း စစ်အာဏာပိုင်များက ဖန်တီးထားသော အတင်းအဓမ္မစုဆောင်းထားသည့် လူစုလူဝေးပွဲများ၊ ဆန့်ကျင်ရှုတ်ချပွဲများ၊ အတုအယောင်ထောက်ခံပွဲများဖြင့် ဧည့်ခံကြိုဆိုလေ့ရှိသည်။ ယင်း အတင်းအဓမ္မ လူစုလူဝေးပွဲများကို နိုင်ငံတကာသံတမန်များ လာရောက်လည်ပတ်ချိန်တွင် လိုက်လံပြသရန် ဝါဒဖြန့်ချိရေးတစ်ခုအနေဖြင့် အသုံးပြုခဲ့သည်ကို တွေ့ရသည်။ ၂၀၀၆ ခုနှစ် အာဆီယံကိုယ်စားလှယ် မလေးရှားနိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်အတွင်း၌ ညောင်နှစ်ပင်အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲများကို အမာခံအဖွဲ့ဝင်များဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပသွားရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို) က စီစဉ်ထားခဲ့သည်။[၁၂၀]

စစ်အစိုးရ၏ အတုအယောင် လူစုလူဝေးပွဲများသို့ တက်ရောက်သူ အများစုသည် အဓမ္မစေခိုင်းခြင်း ခံခဲ့ရသူများဖြစ်သည့်အလျောက် ထိုသို့တက်ရောက်နေရခြင်းကို အာဏာပိုင်များ၏ အနှောက်အယှက်ပေး ခြိမ်းခြောက်မှုများမှ ကင်းလွတ်ရန် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်ထားကြသည်။ အကျိုးဆက်အနေဖြင့် စစ်အစိုးရထောက်ခံပွဲများ၊ အတိုက်အခံအဖွဲ့အစည်းများ၊ အနောက်နိုင်ငံကြီးများနှင့် ပြည်ပမီဒီယာများကို ဆန့်ကျင်ရှုတ်ချသည့် လူစုလူဝေးပွဲများသို့ ဆန္ဒမပါပဲ တက်ရောက်လာခဲ့ရသည့် ပြည်သူလူထုကလည်း လူစုလူဝေးပွဲများအတွင်း အာဏာပိုင်များ၏ ကြွေးကြော်သံများကို ဆန့်ကျင်ကြွေးကြော်ခြင်း၊ ပြက်ရယ်ပြုခြင်းများ ပြုလုပ်ခဲ့သည်။ ထိုလုပ်ဆောင်မှုများကြောင့် အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကိုလည်း ခံရသည်။[၁၂၁] အချို့မြို့နယ်များရှိ အစိုးရထောက်ခံပွဲများတွင်

အာဏာပိုင်များက စီစဉ်ထားသော ကြွေးကြော်သံများကို လက်သီးလက်မောင်းတန်း၍ အော်ဟစ်ကြွေးကြော်မည့်သူများမရှိသဖြင့် အဆင်သင့် သွင်းထားပြီးသော အသံများကို လော်စပီကာများဖြင့် ဖွင့်၍ လှည့်လည်ခဲ့ရသည့်အနေအထားသို့ ရောက်ခဲ့သည်။ ယင်းဖြစ်စဉ်သည် မန္တလေးတိုင်း၊ တောင်တွင်းကြီးမြို့တွင် ကျင်းပခဲ့သော အခမ္မလူထုစုလူဝေးပွဲတွင် ဖြစ်ပွားခဲ့သည်။[၁၂၂]

## *အကျင့်ပျက်လာဘ်စားမှုများ*

ပြည်ခိုင်ဖြိုးအသင်းသည် မြန်မာနိုင်ငံအတွင်းရှိ လုပ်ငန်းအတော်များများကို လက်ဝါကြီးအုပ်ကာ အသင်းအတွက် ရံပုံငွေများကို လိမ်လည်စုဆောင်းခဲ့သည့်အပြင် လာဘ်စားမှုများကိုပါ ကျူးလွန်ခဲ့သည်။ ၂၀၀၂ ခုနှစ်အတွင်း တနင်္သာရီတိုင်းအတွင်းရှိ အာဏာပိုင်များက မူလတန်းစာသင်ကျောင်းများ၊ ကျန်းမာရေးအထောက်အကူပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေအရင်းအမြစ်များ အပါအဝင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များအတွက်ဟု အကြောင်းပြကာ ရံပုံငွေများကို ပြည်ခိုင်ဖြိုးအသင်းသို့ ပေးအပ်ခဲ့သည်။ ခွင့်ပြုချက်မရှိဘဲ ပိုင်နက်ကျူးကျော်၍ ခိုးယူဖမ်းဆီးထားသော ငါးများကို သိမ်းယူရောင်းချခြင်း၊ တရားမဝင် နယ်စပ်ကူးသန်းသွားလာရေးနှင့် ခရီးသည်မှတ်ပုံတင်ခြင်း ကိစ္စများတွင်လည်း အခွန်ငွေများကောက်ခံခြင်း စသည့်နည်းလမ်းများဖြင့်လည်း ပြည်ခိုင်ဖြိုးအသင်း အတွက် ရံပုံငွေများစုဆောင်းခဲ့သည်။[၁၂၃]

ပြည်ခိုင်ဖြိုးအသင်းအတွက် အလားတူ ရန်ပုံငွေရှာဖွေရေးကြိုးပမ်းမှုများတွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် ငါးခြောက်သယ်ယူပို့ဆောင်ရေး စက်လှေအကြီးတစ်စီးလျှင် တစ်သောင်းကျပ်နှင့် အသေး တစ်စီးလျှင် ငါးထောင်ကျပ်ဟူ၍ အသီးသီးသတ်မှတ်ကာ အလှူငွေများအဖြစ် ကောက်ခံခဲ့သည်။ ထိုသို့ ပေးဆောင်ရန် ငြင်းဆန်သူများအား မှတ်ပုံတင်ပြုလုပ်မပေးဘဲ ၎င်းတို့၏လုပ်ငန်းများကိုလည်း တရားမဝင် လုပ်ငန်းများအဖြစ် ကြေညာခဲ့သည်။[၁၂၄] အလားတူစွာ မန္တလေးတိုင်း၊ မတ္တရာ မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း ကျေးရွာအာဏာပိုင်များနှင့် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ ပူးပေါင်းပြီး နည်းမျိုးစုံဖြင့် ငွေကြေးများကောက်ခံခဲ့သည်။ ဥပမာအားဖြင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် အဝတ်အစား ဖိုးဟုဆိုကာ တစ်အိမ်လျှင် မြန်မာငွေ ကျပ်(၃၀၀) ကောက်ခံခဲ့သည်။ ထို့ပြင် ယူရို ၂၀၀၄ ဘောလုံးပွဲကို အကြောင်းပြ၍ တစ်အိမ်လျှင် ကျပ်ငွေ (၃၀၀) အတင်းအဓမ္မ ကောက်ခံခဲ့သည်။[၁၂၅]

အာဏာပိုင်များသည် ကျေးလက်စီးပွားရေး အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ လယ်ယာ စိုက်ပျိုးရေးများ ဖော်ထုတ်လုပ်ဆောင်ပေးခဲ့ခြင်း၊ လယ်ယာစိုက်ပျိုးရေးအတွက် ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ ဖြန့်ဖြူးရာတွင် ကူညီပေးခြင်းများကို လုပ်ဆောင်ပေးနိုင်ခဲ့သည်ဟု ဆိုသည်။[၁၂၆] သို့ သော်လည်း မကွေးတိုင်းမြို့နယ်အသီးသီးရှိ မြန်မာ့စိုက်ပျိုးရေးအရာရှိများ၊ သက်ဆိုင်ရာ မယက ဥက္ကဋ္ဌ များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များကိုယ်တိုင် နယ်ဆင်းပြီး တောင်သူလယ်သ မားများကို ကြည်း၊လေ၊ရေ ညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီးရွှေမန်း၏သား အောင်သက်မန်း ပိုင်ဆိုင်သော ရောရှေ့ဝါကုမ္ပဏီထုတ် ဓါတ်မြေသြဇာအတုများကို မဝယ်မနေရ အတင်းအဓမ္မ ရောင်းချ ခဲ့သည်။ ထိရောက်မှုမရှိသော ဓါတ်မြေသြဇာအတုများကြောင့် စပါးပင်များအထွက်တိုးမှု လျော့နည်း

စေပြီး လယ်သမားများကိုလည်း ငွေကုန်လူပန်း ဖြစ်စေခဲ့သည်။ တစ်ကေလျှင် (၂)အိတ်နှုန်းဖြင့် အတင်းအဓမ္မရောင်းချခဲ့သည့် ဓါတ်မြေသြဇာအိတ်များသည် အာနိသင်မရှိသည့်အပြင် အခြားဓါတ်မြေသြဇာအိတ်များထက် ဈေးကြီးနေသောကြောင့် တောင်သူလယ်သမားများ မကျေမနပ်ဖြစ်ခဲ့သည်။

ရေနံချောင်းမြို့နယ်၊ ပင်းဝကျေးရွာအုပ်စုမှ ပြည်ခိုင်ဖြိုးခေါင်းဆောင်များသည် သက်ဆိုင်ရာမြေတိုင်းအရာရှိများကိုကျော်ပြီး မြေနုကျွန်းခွဲဝေရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ လယ်ယာမြေများ ခွဲဝေရာတွင်လည်း ပြည်ခိုင်ဖြိုးအသင်းသို့ ရံပုံငွေ ပိုမိုထည့်ဝင်နိုင်သူများကို ဦးစားပေးခွဲဝေခဲ့သည်။ စပါးခင်းများ ရေပေးဝေသည့် ရေမြောင်းများကိုလည်း သက်ဆိုင်ရာ ဆည်မြောင်းဌာနများကိုကျော်ပြီး ရွာသားများကို မြောင်းတူးလုပ်အားပေး ဆင့်ခေါ်ခိုင်းစေခဲ့သည်။ အဆိုးရွားဆုံးမှာ လုပ်အားပေးမလာသူများကို ပြည်ခိုင်ဖြိုးလူမိုက်အဖွဲ့များနှင့် အင်အားပြ၍ ငွေကြေးတောင်းခံခဲ့သည်။

၎င်းအပြင် စိုက်ပျိုးရေးဘဏ်မှ ချေးငွေထုတ်ပေးမည်ဟုဆိုကာ ပုံစံလျှောက်လွှာ တစ်စောင်လျှင် (၁၅၀) ကျပ်နှုန်းဖြင့် တောင်သူလယ်သမားများထံ ရောင်းချခဲ့သည်။[၁၂၇] စစ်အစိုးရလက်ကိုင်တုတ်များသည် ရေနံချောင်းမြို့၊ ပင်းချောင်းတစ်လျှောက်ရှိ လယ်ယာမြေကောင်းများကိုလည်း အသင်းရံပုံငွေအဖြစ် သိမ်းယူပြီး၊ ကျန်မြေညံ့များကို တစ်ကေလျှင် ၁၅၀၀၀ ကျပ်နှုန်းဖြင့် ဒေသခံလယ်သမားများကို ခွဲတမ်းချ ရောင်းစားခဲ့သည်။[၁၂၈] ထို့ပြင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ကျပ်နှစ်သန်းတန်ဖိုးရှိသော မြေကွက်များအားသိမ်းယူ၍ အဆိုပါမြေကွက်နေရာများတွင် စစ်ထောက်လှမ်းရေးရုံးများကို တည်ဆောက်ခဲ့သည်။ ၂၀၀၂ ခုနစ်တွင် ၎င်းမြေကွက်များအား ပြန်လည်ရောင်းချရာတွင် ရရှိသည့်အကျိုးအမြတ်များကို ပြည်ခိုင်ဖြိုးအသင်းသို့ ရံပုံငွေအဖြစ် ပေးအပ်ခဲ့သည်။[၁၂၉] ဤသို့ဖြင့် ပြည်ခိုင်ဖြိုး တဖြစ်လဲ မြန်မာစစ်အာဏာရှင်များသည် မှန်ကန်သော လူထုစည်းရုံးရေးများကို မလုပ်ဆောင်နိုင်သည့်အပြင် စစ်မှန်သော လယ်ယာစိုက်ပျိုးရေးမြှင့်တင်မှု အခန်းကဏ္ဍကိုပါ ထိခိုက်ပျက်စီးစေခဲ့သည်။

ပြည်ခိုင်ဖြိုးခေါင်းဆောင်များသည် အများပိုင်ငွေကြေးများကိုလည်း မကြာခဏ အလွဲသုံးစားပြုလုပ်ခဲ့သည်။ ဥပမာအားဖြင့် မြန်မာပြည်အလယ်ပိုင်းရှိ မီးလောင်ပျက်စီးသွားသော အခြေခံမူလတန်းကျောင်းအား ပြန်လည်တည်ဆောက်ရန်အတွက် ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးနှင့် နအဖ၏ ညောင်နှစ်ပင်အမျိုးသားညီလာခံ ကိုယ်စားလှယ်လည်းဖြစ်သော ဦးအောင်နိုင်ဝင်းအား ဘိလပ်မြေအိပ် (၅၀၀) နှင့် ကျပ်ငွေ(၅)သန်းကို ပေးအပ်ပြီး တာဝန်ပေးခဲ့သည်။ သို့သော်လည်း ဦးအောင်နိုင်ဝင်းသည် ကျောင်းမဆောက်ပဲ အဆိုပါ ပစ္စည်းများဖြင့် ၎င်းအတွက် ကိုယ်ပိုင်အိမ် (၂)လုံးကို ဆောက်လုပ်ခဲ့သည်။ ဦးအောင်နိုင်ဝင်း၏ လာဘ်စားမှုကို ဒေသခံကျောင်းသားမိဘများက သက်ဆိုင်ရာအာဏာပိုင်များထံ တိုင်ကြားခဲ့သော်လည်း နအဖက အရေးယူဆောင်ရွက်ခဲ့ခြင်း မရှိချေ။[၁၃၀]

အလားတူစွာ ၂၀၀၄ ခုနှစ်၊ မေလ (၁၉)ရက်နေ့ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လေဘေးဒဏ်ခံရသူ အိမ်ထောင်စုများအား တစ်စုလျှင် ကျပ်ငွေ (၂၀၀၀၀) စီ ထုတ်ပေးခဲသည်။ လေဘေးဒဏ်ခံရသူများအနေဖြင့် (၁၄၀၀၀)ကျပ်ကိုသာ လက်ခံရရှိခဲ့သည်။ ကျန်ငွေ (၆၀၀၀)ကို လေဘေးကူညီရေးအဖွဲ့တွင်ပါဝင်သော ပြည်ခိုင်ဖြိုး၊ အမျိုးသမီးရေးရာအသင်း၊

ကြက်ခြေနီ အဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးအရာရှိများက အဖွဲ့၏အသုံးစရိတ်ဟုဆိုကာ ဖြတ်တောက်ခဲ့သည်။ သို့ သော်လည်း ငွေလက်ငင်းဖြတ်ပိုင်းတွင်မူ ကျပ်ငွေ (၂၀၀၀၀) ရရှိကြောင်း၊ လေဘေးအကူအညီ ရရှိသူများက လက်မှတ်ရေးထိုး ပေးခဲ့ရသည်။ လေဘေးအကူအညီများကို ပြည်သူလူထုထံသို့ ပြည့်ပြည့်ဝဝ ထုတ်ပေးခြင်းမရှိဘဲ လေဘေးကူညီရေးအဖွဲ့က ရိုက်စား၊ ဖြတ်စား လုပ်ခြင်းအပေါ် မကျေနပ်၍ တာဝန် ရှိသူများထံ တိုင်ကြားခဲ့သူများကို တိုင်းမှူးဗိုလ်ချုပ်မောင်ဦး အမိန့်ဖြင့် ဖမ်းဆီးခဲ့သည်။[၁၃၁]

ထို့အပြင် စစ်အစိုးရလက်ကိုင်တုတ်ဖြစ်သည့် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် ပြည်သူလူထု အပေါ် နည်းအမျိုးမျိုးဖြင့် ငွေကြေးကောက်ခံခြင်း၊ ငွေများအလွဲသုံးစားပြုခြင်း စသည့် အဂတိလိုက်စားမှုများကိုလည်း ကျူးလွန်လျက်ရှိသည်။ သာဓကအားဖြင့်–မြန်မာနိုင်ငံသစ်တောဝန်ကြီးဌာနမှ ဘိုကလေးမြို့၊ အမှတ်(၇)ရပ်ကွက်ရှိ မူလတန်းကျောင်းအတွက် ပရိဘောဂများဝယ်ယူရန် ချပေးထားသည့် ငွေ (၄)သိန်းကို ကျောင်းအတွက် တစုံတရာ လုပ်မပေးဘဲ ပြည်ခိုင်ဖြိုးစည်းရုံးရေးမှူးများက အလွဲသုံးစားပြုလုပ်ခဲ့သည်။ အလားတူစွာ ရောဝတီတိုင်း၊ ဝါးခယ်မမြို့နယ်ရှိ ဇန်မော်အစုကြီးကျေးရွာ မူလတန်းကျောင်း ပြုပြင်ဆောက်လုပ်ရန်အတွက် ချပေးထားသည့် ငွေကျပ်သိန်း(၃၀)ကိုလည်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရယက)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အလွဲသုံးစား ပြုလုပ်ခဲ့သည်။[၁၃၂]

စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ၏ မတရားစီးပွားရှာမှု၊ လာဘ်စားမှု စသည့် ကိုယ်ကျင့်တရား ပျက်ပြားမှုများကြောင့် ပြည်သူလူထုမှာ ဒုက္ခရောက်ခဲ့ကြရသည်။ ဥပမာအားဖြင့် မကွေးတိုင်း၊ ချောက်မြို့နယ်တွင် ရုံးဆောက်ရန် အထက်မှချပေးသည့် ကျပ်ငွေ သိန်း(၅၀)ကို ပြည်ခိုင်ဖြိုးစည်းရုံးရေးမှူး ဦးကျော်မြင့်နှင့် အဖွဲ့က ၎င်းတို့ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်။ ထို့အပြင် ရေနံမြေအလုပ်သမားများ၏ အပန်းဖြေရိပ်သာကိုသိမ်းယူ၍ ပြည်ခိုင်ဖြိုးရုံးများ ဖွင့်လှစ်ခြင်း၊ ရုံးဆောက်မည့် မြေနေရာပေါ်တွင် စားသောက်ဆိုင်များဖွင့်လှစ်ပြီး ကိုယ်ကျိုးရှာခြင်းများကိုလည်း ပြုလုပ်ခဲ့သည်။[၁၃၃]

အနဖ အာဏာပိုင်များသည် ၎င်းတို့၏နိုင်ငံရေးလမ်းပြမြေပုံအရ အသစ်ပြန်လည် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ၎င်းတို့ကျောထောက်နောက်ခံပြု ဖွဲ့စည်းလေ့ကျင့်ပေးထားသော နိုင်ငံရေးအသင်းအဖွဲ့များ သေချာပေါက်အနိုင်ရရှိရေးအတွက် ပြည်သူလူထု၏ထောက်ခံမှုကို အပူတပြင်း လိုအပ်နေပြီဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုတရပ်လုံးကို စစ်အာဏာရှင်များနှင့် ၎င်းတို့၏ လက်ကိုင်တုတ် နိုင်ငံရေးအသင်းအဖွဲ့များကလွဲ၍ အခြားမည်သည့်အဖွဲ့အစည်းနှင့်မျှ ထိစပ်ခွင့် မရရှိအောင် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ကြိုးပမ်းအားထုတ်ခဲ့သည်။

---

# အခန်း(၄)

## ပြည်ခိုင်ဖြိုးအသင်း၏ နိုင်ငံရေးအကြမ်းဖက်မှုများ

မြန်မာစစ်အာဏာရှင်များက ဦးဆောင်ဖွဲ့စည်းထားသော ပြည်ခိုင်ဖြိုး(ခေါ်)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် ယဉ်ကျေးသိမ်မွေ့သော မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးအကြမ်းဖက်မှုအမျိုးမျိုးတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ခဲ့သည်ကို ထင်ထင်ရှားရှား တွေ့မြင်ရသည်။ စစ်အာဏာရှင်စနစ် တည်မြဲရေးနှင့် ၎င်းတို့စိတ်တိုင်းကျ စီမံထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တခု ပေါ်ပေါက်လာရေးအတွက် အတိုက်အခံအဖွဲ့အစည်းများအပါအဝင် ၎င်းတို့လုပ်ငန်းစဉ်များကို ဆန့်ကျင်သည်ဟု ယူဆရသူများအားလုံးကို ပြည်ခိုင်ဖြိုးအဖွဲ့က နည်းအမျိုးမျိုးဖြင့် အကြမ်းဖက်ဖြိုခွင်းခဲ့သည်။

၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ မော်လမြိုင်မြို့ အောင်ဆန်းခန်းမ၌ ကျင်းပပြုလုပ်သော ပြည်ခိုင်ဖြိုးအထူးအစည်းအဝေးတစ်ခုတွင်လည်း ဗိုလ်ချုပ်အုန်းမြင့်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုများကို စောင့်ကြည့်ရန်နှင့် အဆိုပါလှုပ်ရှားမှုများကို တားမြစ်နှောက်ယှက်ရန် တိုက်တွန်းပြောကြားခဲ့သည်။[၁၃၄] တချိန်တည်း၌ပင် အာဏာပိုင်များသည် လူမိုက်၊ လူရမ်းကားများကို လက်သပ်မွေးပြီး နိုင်ငံရေးလှုပ်ရှားသူများကို စနစ်တကျ နှိပ်ကွပ်ဖြိုခွင်းခဲ့သည်။

ပြည်ခိုင်ဖြိုးခေါင်းဆောင်များသည် အတိုက်အခံအင်အားစုများ၊ စစ်အစိုးရကို ဆန့်ကျင်သည်ဟု ယူဆရသူများအားလုံးနှင့် အထွေထွေအကြပ်အတည်းများကြောင့် ပေါ်ပေါက်လာမည့် ပြည်တွင်းမငြိမ်မသက်မှုများကို အကြမ်းဖက်ဖြိုခွင်းရန် အမြဲတစေ ကြံစည်လုပ်ဆောင်ခဲ့ကြသည်။ ယင်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ခိုင်ဖြိုးအသင်းဝင် လူငယ်များအပါအဝင် သာမန်ပြည်သူများကို ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်နက်ကိုင်နှင့် ကာကွယ်ရေးနည်းဗျူဟာ သင်တန်းများ၊ အဓိကရုန်းနှိမ်နင်းရေး သင်တန်းများ၊ ထောက်လှမ်းရေးသင်တန်းများ၊ သတင်းစာ သင်တန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအား လိမ်ညာလှည့်ဖြားနည်း သင်တန်းများ[၁၃၅] အပါအဝင် သင်တန်းမျိုးစုံကို ပေါ်ပေါ်ထင်ထင် သင်ကြားပို့ချပေးခဲ့သည်။

ပြည်ခိုင်ဖြိုးအသင်း နာယကကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏အဆိုအရ ကျေးလက်မှ ဗဟိုအဆင့်ထိ ဖွင့်လှစ်ခဲ့သည့် သင်တန်းမျိုးစုံတွင် ပြည်ခိုင်ဖြိုးလူငယ်ပေါင်း (၂၉)သန်းကျော် တက်ရောက်ခဲ့သည်။ နှစ်စဉ် လူငယ်(၂)သန်းကျော်ကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ၂၀၀၆–၂၀၀၇ ခုနှစ်များအတွင်း၌ပင် ပြည်ခိုင်ဖြိုးအသင်းဝင် လူငယ်ပေါင်း (၃.၁)သန်းကျော်ကို လေ့ကျင့်ပေးခဲ့သည်။[၁၃၆]

စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုး ခေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အတိုက်အခံအင်အားစုများကို ပစ်မှတ်ထား၍ နိုင်ငံရေးအကြမ်းဖက်မှုများ ကျူးလွန်ရန် စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့သည်ကို တွေ့ရသည်။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲပါ ပြည်ခိုင်ဖြိုးအသင်း၏ တောင်ဥက္ကလာပစီမံချက်တွင် အတိုက်အခံအင်အားစုများ၏ မိသားစုများအတွင်း

စိတ်ဝမ်းကွဲပြားလာစေရန် အားနည်းချက်များကို ဖော်ထုတ်ဆောင်ရွက်ခြင်း၊ အတိုက်အခံအဖွဲ့ဝင်များကို တုန်လှုပ်ချောက်ခြားစေ၍ အများ၏ယုံကြည်လေးစားမှု မရရှိအောင်ဆောင်ရွက်ခြင်းနှင့် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်စေအောင်ဆောင်ရွက်ခြင်း စသဖြင့် ပြည်ခိုင်ဖြိုးအသင်း၏ ကောက်ကျစ်ယုတ်မာသည့် ချေမှုန်းရေးနည်းဗျူဟာများကို ဖော်ပြထားသည်။ အဆိုးရွားဆုံးမှာ အတိုက်အခံပါတီများ အထူးသဖြင့် NLD ပါတီ၏ မည်သည့်လှုပ်ရှားမှုများကိုမဆို အင်အားသုံး၍ ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းခိုင်းသည့် နည်းလမ်းများပင် ဖြစ်သည်။[၁၃၇]

ထို့ပြင် ၂၀၀၅ ခုနှစ်၊ ဧပြီလတွင်လည်း ပြည်ခိုင်ဖြိုးဗဟိုက NLD အဖွဲ့ချုပ်ကို ဖြိုခွဲရန် နည်းဗျူဟာသစ်များ ရေးဆွဲချမှတ်ခဲ့သည်။ ထိုနည်းဗျူဟာသစ်များတွင် NLD အဖွဲ့ချုပ် ခေါင်းဆောင်များနှင့်ပတ်သက်၍ ပုဂ္ဂိုလ်ရေးတိုက်ခိုက်ထားသည့် စာများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဖြန့်ဝေရန်၊ NLD မှ ထုတ်ပယ်ခံထားရသော အဖွဲ့ဝင်ဟောင်းများကိုလည်း အဖွဲ့ချုပ်ရုံးများရှေ့တွင် သွားရောက်ပြီး အဖွဲ့ချုပ်ဝင်အဖြစ် ပြန်လည်လက်ခံပေးရန်အတွက် ဆန္ဒပြတောင်းဆိုခိုင်းပြီး ယင်းတောင်းဆိုနေသော ပုံများကို စနစ်တကျ မှတ်တမ်းတင် ဗွီဒီယိုရိုက်ကူး၍ သတင်းဂျာနယ်များတွင် ပုံမှန်ထည့်သွင်းဖော်ပြရန် စသည့် နည်းဗျူဟာများ ပါဝင်သည်။[၁၃၈]

ပြည်ခိုင်ဖြိုးအသင်းသည် နိုင်ငံရေးအကြမ်းဖက်မှုများ ကျူးလွန်ရန် လုပ်ပိုင်ခွင့်အာဏာများ အပြည့်အဝ ရရှိထားသည်။ ကျေးရွာများနှင့် မြို့နယ်များ၏ လုံခြုံရေးနှင့် ထိန်းသိမ်းကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများတွင်လည်း ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ တစထက်တစ ပါဝင်ပတ်သက်လာခဲ့ပြီး အတိုက်အခံအဖွဲ့အစည်းများနှင့် ဒီမိုကရေစီရေးထောက်ခံလှုပ်ရှားသူများကို ထောက်လှမ်းစောင့်ကြည့်၍ အထက်သို့ သတင်းပေးပို့သည့် Informer အလုပ်များကိုပါ လုပ်ဆောင်လာခဲ့သည်။ ထို့ပြင် တရားဥပဒေမဲ့ သတ်ဖြတ်မှု၊ ဖမ်းဆီးမှုများတွင်လည်း ပါဝင်ပတ်သက်လာခဲ့သည်ကို တွေ့ရသည်။ အကျိုးဆက် အနေဖြင့် အသင်းဝင်လူငယ်များအကြား လူမိုက်ဆန်ဆန် လူရမ်းကားအပြုအမူများ ပေါ်ပေါက်လာခဲ့သည်။ ထို့ပြင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံအတွင်း လွတ်လပ်စွာ သွားလာခွင့်ရ၍ အတိုက်အခံအဖွဲ့ဝင်များနှင့် စစ်အစိုးရကိုဆန့်ကျင်သည့် သာမန်ပြည်သူများကို တရားလက်မဲ့ အကြမ်းဖက်ခြိမ်းခြောက်မှုများ ပို၍ကျူးလွန်လာခဲ့သည်။ ဤသို့ပြုမူလှုပ်ရှားမှုများကြောင့် ပြည်သူလူထုအတွင်း စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်လာခဲ့သည့်အပြင် အဆိုးရွားဆုံးသော လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာရေးဆီသို့ ဦးတည်လာစေခဲ့သည်။ အထူးသဖြင့် ပြည်ခိုင်ဖြိုးအသင်းသည် တနည်းအားဖြင့် စစ်အာဏာပိုင်များသာဖြစ်သည့်အတွက် နိုင်ငံအတွင်း ပေါ်ပေါက်သည့် မည်သည့်ပြဿနာအတွက်မဆို စစ်အစိုးရအာဏာပိုင်များ၌သာ တာဝန်ရှိသည်။

၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ဒီပဲယင်းအကြမ်းဖက်မှုသည် မြန်မာနိုင်ငံတွင် စစ်တပ်အုပ်ချုပ်သည့်ကာလအတွင်း ၁၉၈၈ လူထုအရေးတော်ပုံပြီးလျှင် ဒုတိယအဆိုးရွားဆုံးသော နိုင်ငံရေးအကြမ်းဖက်မှုကြီးဖြစ်သည်။ စည်းရုံးရေးခရီးထွက်လာသော ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့်ယာဉ်တန်းအား ဒီပဲယင်းမြို့အနီးတစိုက်တွင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များနှင့် အစိုးရသစ္စာခံများက စနစ်တကျ ကြိုတင်စီစဉ်၍ အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်

သည်။ တတိယမြောက် နိုင်ငံရေးအကြမ်းဖက်မှုသည် ၂၀၀၇ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ဖြစ်ပွားခဲ့သည့် ငြိမ်းချမ်းစွာ ဆန္ဒပြနေသော ရဟန်းရှင်လူပြည်သူများကို စစ်တပ်၊ လုံထိန်း၊ ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်ဆိုသူများက ရက်စက်စွာအကြမ်းဖက်ဖြိုခွင်းခဲ့ခြင်း ဖြစ်သည်။ ယင်းအကြမ်းဖက်မှုတွင် ငြိမ်းချမ်းစွာဆန္ဒပြနေသော ရဟန်းတော်များအပါအဝင် ပြည်သူလူထု ရာနှင့်ချီ၍သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ ဖမ်းဆီးခြင်းခံခဲ့ရသည်။ သို့သော်လည်း စစ်အစိုးရက သေဆုံးသူအရေအတွက်နှင့် ဖမ်းဆီးခံရသည့် အရေအတွက်တို့ကို တိတိကျကျ မဖော်ပြခဲ့ပေ။

ဆက်လက်၍ ပြည်သူ့စစ်များကို ပြည်ခိုင်ဖြိုးအသင်းမှတဆင့် ဖွဲ့စည်းပုံ၊ လုံခြုံရေးတပ်ဖွဲ့များအတွင်းရှိ ပြည်ခိုင်ဖြိုး၏အခန်းကဏ္ဍ၊ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များမှ ဘာသာရေးအကြမ်းဖက်မှုများ ဖြစ်ပွားလာစေရန်လှုံ့ဆော်မှု၊ နိုင်ငံရေးအကြမ်းဖက်တိုက်ခိုက်မှုများနှင့် စွမ်းအားရှင်များအကြောင်းကို ဆက်လက်ဖော်ပြပါမည်။

## *စွမ်းအားရှင်များ*

စွမ်းအားရှင်များနှင့်ပတ်သက်၍ အနည်းငယ် တင်ပြလိုသည်။ စွမ်းအားရှင်အဖွဲ့သည် ပြည်ခိုင်ဖြိုးအသင်းကဲ့သို့ စစ်အာဏာရှင်စနစ်သက်ဆိုးရှည်စေရန်အတွက် နိုင်ငံရေးလက်ရုံးအဖြစ် ရည်မှန်းချက်ထားပြီး စနစ်တကျ တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုမဟုတ်ပေ။ မြန်မာပြည်တွင်းရှိ ဆင်းရဲသားပြည်သူများအတွက် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော လူမှုရေးအသင်း (သို့မဟုတ်) အစိုးရမဟုတ်သောအဖွဲ့အစည်း (အင်န်ဂျီအို)လည်း မဟုတ်ပေ။ စစ်အစိုးရမှ လိုအပ်သည့်အချိန်တွင် အခကြေးငွေပေး၍ ခေါ်ယူအသုံးပြုသည့် လူတစ်စုသာ ဖြစ်သည်။ “စွမ်းအားရှင်” ဆိုသည့် စကားလုံးကို အာဏာပိုင်များက ၂၀၀၀–၂၀၀၁ ခုနှစ်များမှစ၍ သာမန်စတင် သုံးစွဲလာခဲ့သော်လည်း အထူးသဖြင့် ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်တွင် ဖြစ်ပွားခဲ့သော ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များကို အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် ဒီပဲယင်းလုပ်ကြံမှုအပြီးတွင် အာဏာပိုင်များက ပို၍ တွင်တွင်ကျယ်ကျယ် သုံးစွဲလာခဲ့သည်ကို တွေ့ရသည်။ သတင်းအထောက်အထားတချို့အရ စွမ်းအားရှင်အဖွဲ့များသည် ၁၉၉၇ အရေးအခင်းများကတည်းက ပါဝင်ပတ်သက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။[၁၃၉] သို့သော်လည်း အာဏာပိုင်များအနေဖြင့် စွမ်းအားရှင်အဖွဲ့ တည်ရှိခြင်း၏ ရည်ရွယ်ချက်နှင့် အခိပ္ပါယ်ကို ပြည်သူလူထုအား ရှင်းမပြခဲ့ပေ။

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည် နအဖ စစ်အစိုးရ၏ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆)တွင် ဂျီဂျီသတင်းဌာနမှ သတင်းထောက်တစ်ဦးက စွမ်းအားရှင်၏အဓိပ္ပါယ်ကို ရှင်းပြပေးရန် မေးမြန်းခဲ့သည်။ ထိုအခါ ရဲချုပ်ခင်ရီက “စွမ်းအားရှင်ဆိုတဲ့ အဓိပ္ပါယ်ကျတော့ ကျနော်တို့ တိုင်းပြည်မှာ ပြည်သူပြည်သားတွေဟာ တိုင်းပြည်ရဲ့ စွမ်းအားဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ အားပဲဖြစ်ပါတယ်။ အဲဒါကြောင့် ကျနော်တို့က တိုင်းပြည်ရဲ့အရေးအရာကိစ္စတွေ အားလုံးကို ဖြေရှင်းတဲ့အခါမှာ အဲဒီစွမ်းအားတွေ အဲဒီပြည်သူတွေရဲ့ အားတွေကို ယူပြီးတော့ အသုံးချပြီးတော့ ကျနော်တို့ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အခုကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့

တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး စတဲ့ လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်တဲ့အခါမှာ မီးသတ်တို့၊ ကြက်ခြေနီတို့၊ ရယကတို့၊ စသည်ဖြင့် အဲဒီပုဂ္ဂိုလ်တွေဟာ လစာ ရိက္ခာတပြားတချပ်မှမရဘဲနဲ့ သီးခြားစေတနာအလျှောက် ကူညီပေးနေတဲ့ စွမ်းအားများဖြစ်တဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်များကို စွမ်းအားရှင်လို့ နိုင်ငံတော်က စာလုံးရွေးချယ်သတ်မှတ်ပြီးတော့ ဂုဏ်ပြုခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်"ဟု ရှင်းပြသွားခဲ့သည်ကို တွေ့ရသည်။[၁၄၀]

စွမ်းအားရှင်အဖွဲ့တွင် မီးသတ်၊ ကြက်ခြေနီနှင့် ရယကအဖွဲ့ဝင်များသာမက သက်ဆိုင်ရာ မယက၊ ရယကအဖွဲ့ဝင်ဟောင်းများ၊ ပြည်ခိုင်ဖြိုးအသင်းမှ အမာခံလက်ရွေးစင်များ၊ ထောင်ထွက်များ၊ လူဆိုးလူမိုက် မှတ်တမ်းဝင်များ၊ ခဲ့ရောင်းသူများ၊ အရက်ပုန်းရောင်းသူများ၊ လောင်းကစားဒိုင်ကိုင်သူများ၊ ဖိမ်ခန်း ထောင်စားသူများနှင့် လူပေလူတေများလည်း ပါဝင်သည်ကို တွေ့ရှိရသည်။ ၎င်းတို့ကို စစ်အစိုးရက အရေးပေါ် လိုအပ်သည့်အချိန်ကျမှသာ အခကြေးငွေပေး၍ ခေါ်ယူစုဆောင်းပြီး ညွှန်ကြားလေ့ရှိသည်။ အထူးသဖြင့် သက်ဆိုင်ရာမြို့နယ် ပြည်ခိုင်ဖြိုးအာဏာပိုင်များနှင့် မြို့နယ်မယကအာဏာပိုင်များက စွမ်းအားရှင်အဖွဲ့များကို တိုက်ရိုက်တာဝန်ယူကြီးကြပ်သည်ကို တွေ့ရှိရပြီး ၎င်းတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များအလိုက် တာဝန်များပေးအပ်ကာ အထက်အာဏာပိုင်အဆင့်ဆင့်ကို အစီရင်ခံစာ တင်ပြရသည်။

စွမ်းအားရှင်များ အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်များသည် စစ်အစိုးရကို ဆန့်ကျင်သည့် ပြည်သူများအပါအဝင် နိုင်ငံရေးသမားများကို ခြိမ်းခြောက်ခြင်း၊ နိုင်ငံရေးလှုပ်ရှားမှုအမျိုးမျိုးကို ဟန့်တားနှောက်ယှက်ခြင်း၊ အင်အားသုံး အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် အကြမ်းဖက် ဖမ်းဆီးခြင်းများ ဖြစ်သည်။ နိုင်ငံရေးလှုပ်ရှားသူများကို စောင့်ကြည့်သတင်းပို့ခြင်း၊ တန်ပြန် ဆန္ဒပြခြင်း၊ စစ်ထောက်လှမ်းရေးနှင့် ရဲထောက်လှမ်းရေးများက လျှို့ဝှက်စေခိုင်းသည့် အဖျက်အမှောင့်လုပ်ငန်းများကိုလည်း လုပ်ဆောင်ကြသည်။ ဥပမာအားဖြင့် ၂၀၀၃ မေ(၃၀) ဒီပဲယင်းလူသတ်ပွဲ၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ်နှင့် စက်တင်ဘာလ ဆန္ဒပြပွဲများတွင် စွမ်းအားရှင်များသည် အာဏာပိုင်များ၏ တာဝန်ပေးခိုင်းစေချက်အရ နိုင်ငံရေးလှုပ်ရှားသူများ၊ ပြည်သူလူထုနှင့် ရဟန်းသံဃာတော်များကို ရက်ရက်စက်စက် ရိုက်နှက်သတ်ဖြတ်ခြင်းများ၊ အကြမ်းဖက်ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

စွမ်းအားရှင်များအတွက် ကုန်ကျစရိတ်များကို သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ၏ အထူးရံပုံငွေမှ ကျခံသုံးစွဲသည်ဟု ယူဆရသည်။ ၂၀၀၇ ဩဂုတ်၊ စက်တင်ဘာလများအတွင်း ရန်ကုန်တိုင်းတွင် ဖြစ်ပွားခဲ့သည့် သံဃာတော်များနှင့် ကျောင်းသားများ ဦးဆောင်သည့် ဆန္ဒပြပွဲများကို အကြမ်းဖက် ဖြိုခွဲရန်အတွက် အသုံးပြုခဲ့သည့် စွမ်းအားရှင်များအတွက် တစ်ပတ်စာ အသုံးစာရိတ်အဖြစ် ကျပ်သိန်း (၁၀၀) သတ်မှတ်ပြီး ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း (ပြည်ခိုင်ဖြိုးဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်၊ ရန်ကုန်တိုင်းတာဝန်ခံ)က ထုတ်ပေးခဲ့သည်။[၁၄၁] အထူးသဖြင့် ထိုအရေးအခင်းကာလအပြီးတွင် စွမ်းအားရှင်များသည် အာဏာပိုင်များ၏ ညွှန်ကြားချက်အရ စစ်အစိုးရအား ဆန့်ကျင်သည့်လှုပ်ရှားမှုများကို စောင့်ကြည့်သတင်းပို့ရန် တစ်နေ့လျှင် ကျပ်ငွေ (၂၀၀၀) မှ (၃၀၀၀)အထိ ရသည့်အပြင် အသေးစားစီးပွားရေးလုပ်ငန်းများကိုလည်း လုပ်

ဆောင်ခွင့် ရရှိသည်။ စွမ်းအားရှင်များသည် လက်ဖက်ရည်ဆိုင်များ၊ ကားဂိတ်များနှင့် ဆိုက်ကားဂိတ်များတွင်ထိုင်၍ လူများကိုစောင့်ကြည့်ကာ မသင်္ကာစရာတွေ့ရှိလျှင် အထက်သို့ သတင်းပေးပို့ရသည်။ စီးပွားရေးလုပ်ကိုင်လိုသူများအတွက် မြို့လယ်နေရာများတွင် ကွမ်းယာဆိုင်များ၊ လက်ဖက်ရည်ဆိုင်နှင့် မုန့်ဆိုင်များ ဖွင့်လှစ်နိုင်ရန် အာဏာပိုင်များက မြေနေရာများစီစဉ်ပေးပြီး လူထုကို စောင့်ကြည့်၍ သတင်းပို့သည့်လုပ်ငန်းများကို လုပ်ဆောင်ခိုင်းခဲ့သည်။[၁၄၂]

ယင်းသို့ဖြင့် စစ်အာဏာပိုင်များသည် မြို့လယ်ဧရိယာများတွင် အစိုးရအား ဆန့်ကျင်သည်ဟုယူဆရသည့် မည်သည့်လှုပ်ရှားမှုများကိုမဆို ၎င်းတို့ကိုယ်စား အသွင်အမျိုးမျိုးဖြင့် စောင့်ကြည့်သတင်းပို့ရန်အတွက် စွမ်းအားရှင်များအား နည်းအမျိုးမျိုးဖြင့် စည်းရုံးသိမ်းသွင်းခဲ့သည်။ နောက်ပိုင်းကာလများတွင် အာဏာပိုင်များ၏ ငွေကြေးထောက်ပံ့မှုများ ရပ်ဆိုင်းသွားသည်ကတကြောင်း၊ အရောင်းအဝယ်များ နည်းပါလာသည်ကတကြောင်း၊ မြို့လယ်ဧရိယာများတွင် အာဏာပိုင်များက စီစဉ်ပေးထားသော ဈေးဆိုင်ငယ်များ နည်းပါးလာကာ စွမ်းအားရှင်များ၏ အစိုးရဆန့်ကျင်သူများအပေါ် စောင့်ကြည့်သတင်းပို့သည့် လုပ်ငန်းများသည်လည်း တဖြည်းဖြည်း နည်းပါးလာခဲ့သည်။[၁၄၃] ဤအချက်များကို လေ့လာကြည့်ခြင်းအားဖြင့် စစ်အစိုးရက စည်းရုံးသိမ်းသွင်းထားသော စွမ်းအားရှင်များသည် နိုင်ငံရေးပယောဂများမပါပဲ ၎င်းတို့၏ စားဝတ်နေရေး အကြပ်အတည်းများကြောင့် အာဏာပိုင်များ၏ စေခိုင်းချက်များကို လုပ်ဆောင်နေရသည်မှာ သိသာထင်ရှားပေသည်။ သို့သော်လည်း နိုင်ငံအတွင်း လုံခြုံရေးနှင့် ထောက်လှမ်းရေးကိစ္စများတွင် စစ်အစိုးရက တရားဝင်ဖွဲ့စည်းထားသည့် ပြည်ခိုင်ဖြိုး များ၏ အခန်းကဏ္ဍက ဆက်လက် အရေးပါနေခဲ့သည်။ စွမ်းအားရှင်များ၏ အကြမ်းဖက်လှုပ်ရှားမှုများကိုလည်း သက်ဆိုင်ရာအခန်းများတွင် ဆက်လက်ဖော်ပြသွားပါမည်။

## *ပြည်သူ့စစ်များ၊  လုံခြုံရေးတပ်ဖွဲ့များ*

စစ်အာဏာရှင်ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ခိုင်ဖြိုးအသင်းကို တပ်မတော်နှင့်အတူ အမြဲလက်တွဲပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေသည့် တစ်ခုတည်းသော အမျိုးသားရေးအင်အားစုဖြစ်သည်ဟု ချီးကျူးပြောဆိုခဲ့ပြီး သင်တန်းသားများကို  စစ်ရေးပြ၊ စစ်နည်းဗျူဟာများနှင့် လက်နက်ကိုင်သင်တန်းများ ပို့ချပေးမည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။[၁၄၄] ၂၀၀၂ ခုနှစ်တွင်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ညွှန်ကြားချက်ဖြင့် "ပြည်သူ့စစ်မဟာဗျူဟာ လက်တွေ့အသုံးချလက်စွဲ" ဟု ခေါင်းစဉ်ပေးထားသော စာစောင်များကို ထုတ်ဝေခဲ့သည်။ ထိုလက်စွဲစာစောင်တွင် ပြင်ပမှ ကျူးကျော်ဝင်ရောက်မှုဖြစ်ပွားပါက လူထုထဲမှ ပြည်ခိုင်ဖြိုးအသင်းဝင်များအား ရွေးချယ်သင်တန်းပေး၍ ပြည်သူ့စစ်များအဖြစ်ဖွဲ့စည်းရမည်ဟု ဖော်ပြထားသည်။[၁၄၅]

၁၉၉၇ ခုနှစ်၊ ဇူလိုင်လ အစောပိုင်းကာလတွင် ပြည်ခိုင်ဖြိုးနာယကအဖွဲ့ဝင် ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ခိုင်ဖြိုးအသင်းအား 'အမျိုးသားကာကွယ်ရေးအရံတပ်ဖွဲ့' ဟု ရည်ညွှန်း ပြောဆိုခဲ့ပြီး ပြည်ခိုင်ဖြိုးအသင်း၏ ပြည်တွင်းလုံခြုံရေးအခန်းကဏ္ဍအား အသိအမှတ်ပြုခဲ့သည်။[၁၄၆]

ပြည်ပကျူးကျော်မှုများကို ခုခံကာကွယ်ရန်ဟု အကြောင်းပြကာ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များအား လေတပ်နှင့်ရေတပ်ဆိုင်ရာသင်တန်းများအပါအဝင် အခြေခံစစ်သင်တန်းများကို ပို့ချပေးခဲ့သည်။ ထို့ပြင် ပြည်သူ့စစ်များကိုလည်း နိုင်ငံတဝှမ်း ဖွဲ့စည်းခဲ့သည်။ သို့သော်လည်း ပြည်ခိုင်ဖြိုးအသင်းဝင်များနှင့် ရွာသူရွာသားများကို အခြေခံစစ်ပညာများ သင်ကြားပေးပြီး ပြည်သူ့စစ်များဖွဲ့စည်းရန် ခွင့်ပြုထားခြင်းဖြင့် နိုင်ငံအတွင်း၌ ပေါ်ပေါက်လာမည့် မည်သည့်ဆူပူလှုပ်ရှားမှုမျိုးကိုမဆို ၎င်းတို့အနေဖြင့် တိုက်ရိုက် ဝင်ရောက်ကိုင်တွယ်ခြင်းမပြုရပဲ ပြည်သူအချင်းအချင်း ထိပ်တိုက်ရင်ဆိုင် အင်အားသုံး အကြမ်းဖက်စေခြင်းဖြင့် လွယ်ကူစွာနှိမ်နင်းနိုင်မည်ဟု အာဏာပိုင်များက ယူဆခဲ့သည်။ အခြားတစ်ဘက်တွင်ကား ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များနှင့် ရွာသူရွာသားများကို အခြေခံစစ်သင်တန်းများ တစထက်တစ တိုးမြှင့်ပေးနေခြင်းသည် မြန်မာနိုင်ငံအတွင်း တည်ငြိမ်ရေးထက် ပိုမိုဆိုးရွားသော အကြမ်းဖက်မှုများဆီသို့ ပို၍ ဦးတည်လာစေခဲ့သည်။ ပြည်သူ့စစ်များကို ပြည်တွင်းအတိုက်အခံ နိုင်ငံရေးအင်အားစုများအား အကြမ်းဖက် ဖြိုခွင်းရန်အတွက်သာမကပဲ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများကို တိုက်ခိုက်ချေမှုန်းရာတွင်လည်း အသုံးပြုခဲ့သည်။ ဥပမာအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် အက်စ်အက်စ်အေ၊ ကေအင်န်ယူတို့နှင့် တိုက်ပွဲများဖြစ်ပွားပါက အဆိုပါပြည်သူ့စစ်များကို အရံတပ်ဖွဲ့များအဖြစ် အသုံးပြုခဲ့သည်။[၁၄၇]

မြန်မာစစ်အာဏာပိုင်များသည် ဇူလိုင်လ ၂၁ ရက်နေ့ကို ပြည်ပရန်ကာကွယ်ရေး ပြည်သူ့စစ်များ စတင်လေ့ကျင့်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်သူ့စစ်သင်တန်းများကို ပို့ချခဲ့သည်။ အဆိုပါ စစ်သင်တန်းများသို့ ပြည်ခိုင်ဖြိုး၊ ပြည်သူလူထု၊ ဝန်ထမ်းများနှင့် စစ်တပ်၊ ရဲတပ် မိသားစုအသိုင်းအဝိုင်းများပါမကျန် မတက်မနေရ တက်ရောက်ကြရသည်။ အထူးသဖြင့် ဤသင်တန်းများကို စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုး၊ စွမ်းအားရှင်အဖွဲ့နှင့် မြို့နယ်အာဏာပိုင်များက ကြီးကြပ်ခဲ့သည်။[၁၄၈]

၂၀၀၇ ခုနှစ်၊ မတ်လပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနလက်အောက် ရန်ကုန်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းရှိ ခြေလျင်တပ်ရင်းတပ်ဖွဲ့များမှ ရဲဘော်များ၏ ဇနီးများနှင့်မှီခိုသူ အသက် (၁၈)နှစ်ပြည့်ပြီးသူအားလုံး စစ်တပ်အတွင်း စစ်သင်တန်း မတက်မနေရ တက်ကြရသည်။ သင်တန်းများတွင် လက်နက်ငယ် ဖြုတ်ခြင်း၊ တပ်ခြင်း၊ တိုက်ချွတ်ခြင်း သင်္ခန်းစာများအပါအဝင် တိုက်ခိုက်ရေးနှင့် စစ်ရေးပြ သင်္ခန်းစာများကို သင်ကြားကြရသည်။[၁၄၉] အလားတူ ရှမ်းပြည်နယ်အတွင်း၌လည်း အရှေ့မြောက်တိုင်း စစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များအလိုက် မိသားစုအိမ်ထောင်သည်များနှင့် သားသမီးများကို ကာကွယ်ရေးအရံ အင်အားစုအဖြစ် စနစ်တကျဖွဲ့စည်းပြီး လက်နက်ကိုယ်စီဖြင့် စစ်သင်တန်းများ လေ့ကျင့်ပေးခဲ့သည်။[၁၅၀]

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင်လည်း ရန်ကုန်တိုင်း၊ အလုံမြို့နယ်တွင် စက်ရုံဝန်ထမ်းများကို ပြည်သူ့စစ်သင်တန်းများ တက်ရောက်ခိုင်းခဲ့သည်။ ရပ်ကွက်ပေါင်းစုံ ပါဝင်သည့် သင်တန်းသား ၂၀၀ အတွက် သင်တန်းနေရာ ၅ နေရာကို အမှတ် (၄) သစ်စက်ဝန်းနှင့် အထက (၄)အပါအဝင် အခြားစာသင်ကျောင်း ၃ ခု၌ ပြုလုပ်ခဲ့သည်။ ထိုသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးက

မိမိနိုင်ငံကို ကျူးကျော်တိုက်ခိုက်လာလျှင် ပြန်လည်တိုက်ခိုက်နိုင်အောင် သင်တန်းပေးရခြင်းဖြစ်ကြောင်း၊ ပြည်သူများကို လက်နက်ထုတ်ပေးသင့်လျှင် ထုတ်ပေးရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။[၁၅၁]

အလားတူစွာ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လနှင့် အောက်တိုဘာလများတွင်လည်း ရန်ကုန်တိုင်းမြို့နယ်အချို့တွင် ပြည်သူများကို အခြေခံစစ်သင်တန်းများနှင့် အဓိကရုဏ်းနှိမ်နင်းရေး သင်တန်းများကို အသုတ်လိုက်ခွဲ၍ ပို့ချပေးခဲ့သည်။ အောက်တိုဘာလအတွင်း၌ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဒေသခံပြည်သူ(၁၂၀)ခန့်ကို အခြေခံစစ်သင်တန်းများ ပို့ချခဲ့သည်။ သင်တန်းတက်ရောက်သူများကို တရက်လျှင် (၃၀၀၀)ကျပ်ပေးမည်ဟု အာဏာပိုင်များက ကတိပေးခဲ့ပြီး အများစုသည် ဆင်းရဲသားများနှင့် အလုပ်လက်မဲ့များ ဖြစ်ကြသည်။ ပြည်သူများသည် ဆန္ဒမပါပဲ စားဝတ်နေရေး အခက်အခဲများကြောင့် တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်ခဲ့ပြီး ယင်းစစ်သင်တန်းများ ပြုလုပ်နေခြင်းအပေါ် မြို့ခံပြည်သူများကလည်း စောဒကတက်ခဲ့ကြသည်။[၁၅၂]

မွန်ပြည်နယ်ရှိ မော်လမြိုင်၊ မုဒုံနှင့် သံဖြူဇရပ်မြို့နယ်များတွင် ပြည်သူလူထုအား အလားတူစစ်သင်တန်းများ ပို့ချခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် မွန်ပြည်နယ်ရှိ ပြည်ခိုင်ဖြိုးအသင်းအား ပြည်ခိုင်ဖြိုးတပ်မှူးတစ်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများမှ ခေါင်းဆောင်နှစ်ဦး၊ ပြည်ခိုင်ဖြိုး လူထုဆက်ဆံရေးအရာရှိနှစ်ဦးနှင့် အင်အားဆယ်ဦးစီ ပါဝင်သည့် တပ်စိပ်တစ်ခုစီကို ကြီးကြပ်ရသော တပ်စိပ်မှူး ၁၀ဦး ပါဝင်သည့် ပြည်သူ့စစ်တပ်ရင်းတစ်ခု ဖွဲ့စည်းရန် အမိန့်ပေးခဲ့သည်။ သင်တန်းသားအားလုံးသည် ကိုယ်ရေးရာဇဝင်နှင့်ပတ်သက်သည့် အချက် (၂၂)ချက်ပါ ပုံစံတစ်ခုကို ဖြည့်စွက်ရသည်။[၁၅၃] ထို့ပြင် ၂၀၀၇ ခုနှစ်၊ မတ်လအတွင်း၌ ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင် ခမရ (၆၅၆) လျှပ်စစ်အင်ဂျင်နီယာတပ် တပ်နယ်မှူးက ၂၀၀၇ ခုနှစ်သည် အရေးပါသောကာလဖြစ်၍ စစ်အစိုးရကို ဆန့်ကျင်ကန့်ကွက်သည့် လှုပ်ရှားမှုများဖြစ်ပေါ်လာလျှင် နှိမ်နင်းရန် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ တစ်ရပ်ကွက်လျှင် ပြည်ခိုင်ဖြိုးအဖွဲ့မှ (၁၅)ဦး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှ (၁၅)ဦး၊ စုစုပေါင်း (၃၀)ဦးကျ ပါဝင်မည့် လျှို့ဝှက်အဖွဲ့တစ်ခုကို ဖွဲ့စည်းထားရန် ညွှန်ကြားခဲ့သည်။[၁၅၄]

၂၀၀၃ ခုနှစ်တွင် မွန်ပြည်နယ်အတွင်းရှိ ပြည်ခိုင်ဖြိုးအသင်းဝင်များအား စစ်တပ်မှ အခြေခံစစ်သင်တန်း ပေးနေကြောင်းကို အစီရင်ခံစာတစ်ခု၌ ဖော်ပြခဲ့သည်။ အသက်(၁၈)နှစ်မှ (၄၀)နှစ်အတွင်း အမျိုးသားများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက ဤအခြေခံစစ်သင်တန်းများ တက်ရောက်ရန် စည်းရုံးစုဆောင်းခဲ့သည်။ ရွာသားများကို မတက်မနေရ ဆင့်ခေါ်ခဲ့ပြီး သင်တန်း၏ရည်ရွယ်ချက်ကိုလည်း ရှင်းလင်းပြောဆိုခဲ့ခြင်း မရှိပေ။ ရွာတစ်ရွာလျှင် လူအင်အား(၁၀၀၀)နီးပါးခန့်ကို အခြေခံစစ်သင်တန်း တက်ရောက်ရန် စေခိုင်းခဲ့သည်။ ရွာသားအများစုသည် ဤစစ်သင်တန်းများကို တက်ရောက်ရန် ဆန္ဒမရှိသည့်အတွက်ကြောင့် သင်တန်းအား ရှောင်ရှားနိုင်ရန် နည်းလမ်းများ ရှာကြံခဲ့ကြသည်။ သို့သော် တက်ရောက်ရန်ပျက်ကွက်ပါက အာဏာပိုင်များအား ငွေကျပ် (၁၀၀၀၀)မှ (၂၀၀၀၀)အထိ ပေးဆောင်ကြရသည်။[၁၅၅]

အလားတူစွာ ချင်းပြည်နယ်တွင်လည်း ဒေသခံချင်းတိုင်းရင်းသားများကို ပြည်ခိုင်ဖြိုး

အာဏာပိုင်များ၏ မတက်မနေရအမိန့်ဖြင့် အခြေခံစစ်သင်တန်းများကို နှစ်စဉ်ကျင်းပခဲ့သည်။ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လတွင် ချင်းပြည်နယ်တောင်ပိုင်း၊ မတူပီမြို့တွင် ကျေးရွာ(၁၀)ရွာမှ ဒေသခံရွာသား (၂၀၀) ကျော်ခန့်ကို အာဏာပိုင်များက မတက်မနေရအမိန့်ဖြင့် အခြေခံစစ်သင်တန်းများ ပို့ချခဲ့သည်။ တက်ရောက်ရန် ပျက်ကွက်ပါက ပြင်းထန်စွာ အပြစ်ပေးအရေးယူမည်ဟု အာဏာပိုင်များက အမိန့်ထုတ်ခဲ့သည်။ ဆိုးရွားသည့်အချက်မှာ သင်တန်းသားများအတွက် စားနပ်ရိက္ခာများကို အိမ်ထောင်စု (၁)စုလျှင် ဆန်(၂)ကီလိုနှင့် ကျပ်ငွေ(၁၀၀၀)ကို စားဝတ်နေရေး ကြပ်တည်းသည့်ကြားက တစ်ပတ်လျှင် (၁) ကြိမ် ထောက်ပံ့ပေးရသည်။[၁၅၆]

၂၀၀၇ ခုနှစ် မေလအတွင်း စစ်ကိုင်းတိုင်း၊ မုံရွာခရိုင် အရာတော်မြို့နယ်တွင် တစ်ရွာလျှင် တစ်ယောက်နှုန်း မတက်မနေရ စစ်သင်တန်းတက်ရန် အာဏာပိုင်များက အမိန့်ထုတ်ခဲ့သည်။ သင်တန်းသားများအတွက် စားစရိတ်အပါအဝင် အထွေထွေကုန်ကျစားရိတ်များအတွက် တစ်အိမ်ထောင်လျှင် ၁၀၀၀ ကျပ် ကောက်ခံခဲ့သည်။ တချိန်တည်း၌ပင် မန္တလေးတိုင်း၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းရှိ မြို့များတွင်လည်း ပြည်ခိုင်ဖြိုးအဖွဲ့ဝင်လူငယ်များကို စစ်သင်တန်းများ ပို့ချခဲ့သည်။[၁၅၇] ၂၀၀၃ ခုနှစ်၊ ဇူလိုင်လအတွင်း မကွေးတိုင်း၌လည်း ရဲနှင့် စစ်တပ်မိသားစုဝင်များကို မတက်မနေရ စစ်သင်တန်းပေးရန် ညွှန်ကြားခဲ့ပြီး ပြည်သူ့စစ်သင်တန်းအတွက် တစ်ရပ်ကွက်လျှင် လူ(၃၀)ဦး စုဆောင်းပေးရန် ပြည်ခိုင်ဖြိုး မြို့နယ်အာဏာပိုင်များက ညွှန်ကြားခဲ့သည်။[၁၅၈]

ထို့ပြင် ၂၀၀၅ ခုနှစ်၊ မတ်လအတွင်း ပဲခူးတိုင်း၊ ဖြူးမြို့နယ်တွင် မြို့နယ်လုံးကျွတ် ပြည်သူ့စစ်သင်တန်းများ ပို့ချခဲ့သည်။ ထိုအချိန်က မြို့နယ်အတွင်းရှိ လူငယ်များကို ပြည်သူ့စစ်သင်တန်း မတက်မနေရ အမိန့်ဖြင့် ဒေသခံအခြေစိုက်စစ်တပ် ခမရ ၃၀၆ တပ်ရင်းမှ ဦးဆောင်၍ ပြုလုပ်ခဲ့သည်။ တက်ရောက်ရန် ပျက်ကွက်သူများကို ဒဏ်ငွေရိုက်မည်ဟု အာဏာပိုင်များက ညွှန်ကြားခဲ့သည်။ သင်တန်းများသည် အနည်းဆုံး တစ်ပတ်ခန့်ကြာမြင့်သောကြောင့် ကိုယ်ပိုင်လုပ်ငန်းရှိသူများအတွက် အခက်အခဲများ တွေ့ခဲ့ကြရသည်။ အလားတူ ပဲခူးတိုင်းတွင် မြို့နယ်ပေါင်း ၂၈ မြို့နယ်ရှိပြီး အခြားမြို့နယ်များတွင်လည်း အလားတူ ပြည်သူ့စစ်သင်တန်းများ ပို့ချခဲ့သည်။[၁၅၉]

နိုင်ငံအတွင်း၌ ပြည်သူလူထုအား နည်းအမျိုးမျိုးဖြင့် စည်းရုံး၍ ပြည်သူ့စစ်များ ဖွဲ့စည်းနေခြင်းသည် စစ်အာဏာရှင်များ၏ အကျိုးစီးပွားများကို ကာကွယ်ပေးရန် ဖြစ်သည်။ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ၌ ရခိုင်ပြည်နယ်အတွင်းရှိ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မာန်အောင်မြို့နယ်များတွင် အနောက်ပိုင်းတိုင်းမှ ဒုဗိုလ်မှူးကြီး မောင်မောင်လွင် ဦးစီးပြီး အုပ်စုအလိုက် ဒေသခံပြည်သူများအား ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပေးခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်သည် တရုတ်နိုင်ငံအပါအဝင် နိုင်ငံခြား ကုမ္ပဏီအများအပြားမှ ရေနံနှင့် သဘာဝဓါတ်ငွေ့များ ရှာဖွေနေသော အဓိကနေရာတခု ဖြစ်သည်။ စစ်အစိုးရ၏ ဝင်ငွေရရှိရာ နေရာဖြစ်သောကြောင့် လုံခြုံရေးအရ အထူးအရေးကြီးသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပမှ စစ်အစိုးရဆန့်ကျင်ရေးသမားများက နည်းမျိုးစုံဖြင့် အန္တရာယ်ပေးလာမည်ကို စိုးရိမ်သဖြင့် ပြည်သူလူထုအား စည်းရုံး၍ ပြည်သူ့စစ်များ ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။[၁၆၀] ထို့ပြင် ၂၀၀၅ ခုနှစ် ကာလတွင်းလည်း ရခိုင်ကမ်းလွန်ပင်လယ်ပြင်တွင် ဂတ်(စ်)တူးဖော်ရေးလုပ်ငန်းများကို ကာကွယ်စောင့်

ရှောက်ရန်အတွက် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်အတွင်းရှိ ကျွန်းသာယာနှင့် နံ့သာကျွန်းများတွင် စစ်စခန်းများကို အာဏာပိုင်များက အခိုင်အမာ တိုးချဲ့တည်ဆောက်ခဲ့သည်။ ထို့ပြင် ကျေးရွာအလိုက် ပြည်ခိုင်ဖြိုးအဖွဲ့များကိုလည်း ဖွဲ့စည်းပေးခဲ့သည်။ အာဏာပိုင်များအနေဖြင့် ဤသို့အင်အားတိုးချဲ့နေမှု ကို ပင်လယ်ရေကြောင်းလုံခြုံရေးအတွက်ဟု အကြောင်းပြခဲ့သည်။[၁၆၁]

အလားတူစွာ ၂၀၀ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဒုဗိုလ်မှူးကြီး မောင်မောင်လွင် ဦးစီးသည့် အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နှင့် နယ်နမိတ်ချင်းဆက်စပ်နေသည့် မောင်းတောနှင့် ဘူးသီးတောင် မြို့နယ်အတွင်းရှိ ကျေးရွာများမှ တစ်ရွာလျှင် ရွာသား ၃၀ ဦးစီ စုဆောင်း၍ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းခဲ့သည်။ ထိုမြို့နယ်များအတွင်း၌ ပြည်သူအင်အား ၁၀၀၀ ခန့်ပါဝင်သည့် ပြည်သူ့စစ်အဖွဲ့ကို ဖွဲ့စည်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယင်းအရေအတွက်ထဲမှ ၂၀၀ ခန့်ကို အမာခံပြည်သူ့စစ်များအဖြစ် ဖွဲ့စည်းရန်ရည်ရွယ်ခဲ့ပြီး ၈၀၀ ခန့်ကို အရံပြည်သူ့စစ်များအဖြစ် ထားရှိရန် စီစဉ်ခဲ့သည်။[၁၆၂] ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလအတွင်း၌ မောင်းတောမြို့နယ်တွင် အဓိကရုဏ်းနှိမ်နင်းရေးသင်တန်းနှင့် စွမ်းအားရှင်သင်တန်းဟု အမည်တပ်ထားသည့် သင်တန်း(၂)ခုကိုလည်း ကျိုးကန်းပြင်ရှိ နယ်စပ်ကြီးကြပ်ရေး ဗဟိုကော်မတီဌာနချုပ်နှင့် သီရိမင်္ဂလာခန်းမတွင် ပြုလုပ်ခဲ့သည်။ ထိုသင်တန်းများတွင် အများစုမှာ စစ်အစိုးရလက်ကိုင်တုတ် စွမ်းအားရှင်များ၊ ဒေသခံများနှင့် အစိုးရဝန်ထမ်းများအပါအဝင် စုစုပေါင်းလူဦးရေ (၂၀၀)နီးပါးခန့် ပါဝင်ခဲ့သည်။ အစိုးရဝန်ထမ်းများကို အတင်းအဓမ္မ တက်ရောက်ခိုင်းခဲ့ပြီး မတက်ရောက်ပါက အလုပ်မှထုတ်ပစ်မည်ဟု အာဏာပိုင်များက ခြိမ်းခြောက်ခဲ့သည်။[၁၆၃]

## ***ထောက်လှမ်းရေးနှင့် သတင်းပေးများ***

ထောက်လှမ်းရေးလုပ်ငန်းများ၊ သတင်းပေးလုပ်ငန်းများ၊ လုံခြုံရေးလုပ်ငန်းများ လုပ်ဆောင်ရန်နှင့် အထူးသဖြင့် အတိုက်အခံအဖွဲ့ဝင်များအား ဖမ်းဆီးရန် ပြည်ခိုင်ဖြိုးအသင်းသည် စစ်ထောက်လှမ်းရေး၊ ရဲ၊ မီးသတ် အပါအဝင် နယ်ခြားစောင့်တပ်ဖွဲ့များနှင့် မကြာခဏ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပြည်ခိုင်ဖြိုးအဖွဲ့ဝင် အများအပြားကိုလည်း ထောက်လှမ်းရေးနှင့် သတင်းစုဆောင်းရေး နည်းပညာများကို သင်ကြာပို့ချပေးခဲ့သည့်အပြင် သတင်းစာသင်တန်းများကိုလည်း သင်ကြားပို့ချပေးခဲ့သည်။ ပြည်ခိုင်ဖြိုးသတင်းစုဆောင်းရေးတပ်ဖွဲ့ကို ပြည်ခိုင်ဖြိုး ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် က တာဝန်ခံကွပ်ကဲခဲ့သည်။[၁၆၄] မည်သို့ပင်ဖြစ်စေ သတင်းစုဆောင်းရေး၊ ထောက်လှမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ပတ်သက်နေသည့် ပြည်ခိုင်ဖြိုးအသင်း၏အခန်းကဏ္ဍသည် နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီမှုမရှိဘဲ တရားမျှတစွာ ဥပဒေပြုနိုင်ရေးအတွက် အန္တရာယ်တစ်ရပ် ဖြစ်ခဲ့သည်။

ပြည်ခိုင်ဖြိုးအသင်းသည် စစ်ဘက်ဆိုင်ရာလုံခြုံရေးအဖွဲ့၊ စ သုံးလုံးအဖွဲ့တို့နှင့်အတူ ထောက်လှမ်းရေးတာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ရန်အတွက် ပြည်သူ့ဆက်ဆံရေးဌာနကို ဖွဲ့စည်း ခဲ့သည်။ အောက်ခြေအဆင့်မှ ဗဟိုအဆင့်အထိ ပြည်သူ့ဆက်ဆံရေးဌာနထဲတွင် ထောက်လှမ်းရေး ဌာနခွဲဟူ၍ အဆင့်ဆင့် ဖွဲ့စည်းထားသည်။ ပြည်သူ့ဆက်ဆံရေးဟု အမည်ပေးထားသည့်

အဖွဲ့သည် ပြည်သူများ၏ စစ်အစိုးရအပေါ် သဘောထားအခြေအနေ၊ စားဝတ်နေရေးနှင့်ပတ်သက်၍ ရင်ဆိုင်နေ ရသည့်အခြေအနေ၊ ကုန်ဈေးနှုန်းသတင်း စသည်များကို ထောက်လှမ်းပြီး နေ့စဉ် အထက် အဆင့်ဆင့်ကို အစီရင်ခံတင်ပြရသည်။ စစ်အစိုးရ၏ ထောက်လှမ်းရေးဌာနများတွင် ယေဘူယျ အားဖြင့် လက်နက်ကိုင်အုပ်စုများနှင့် လုံခြုံရေးဆိုင်ရာ ထောက်လှမ်းရေးကိစ္စများကို စစ်ဖက်ဆိုင်ရာ လုံခြုံရေးအဖွဲ့က ဆောင်ရွက်ပြီး နိုင်ငံရေးဆိုင်ရာ၊ ဝန်ထမ်းရေးရာနှင့် စီးပွားရေးဆိုင်ရာ ထောက်လှမ်း ရေးကိစ္စများကို စ သုံးလုံးအဖွဲ့ကဆောင်ရွက်၍ ပြည်သူလူထုအတွင်း ထောက်လှမ်းရေးလုပ်ငန်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ခေါ်) ပြည်ခိုင်ဖြိုးအဖွဲ့က ဆောင်ရွက်ခဲ့သည်။[၁၆၅]

မွန်ပြည်နယ်၊ ပေါင်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလ တွင် ထုတ်ဝေသည့် "ဝါဒဖြန့်ချိရေးစစ်ပွဲဘာသာရပ်"အမည်ရှိ စာတမ်းတစ်ခုတွင် စိတ်ဓာတ်စစ်ဆင် ရေးနှင့် ဒီမိုကရေစီအင်အားစုများအား ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ရေး နည်းလမ်းများကို အသေးစိတ် ထည့်သွင်းဖော်ပြခဲ့သည်။[၁၆၆] ၂၀၀၀ ခုနှစ်တွင်လည်း အလားတူ မြို့နယ်ရဲတပ်ဖွဲ့မှ လက်ထောက်ရဲ အရာရှိတစ်ဦးဖြစ်သူ ကျင်သိန်း က ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များအား သင်တန်းတစ်ခုသို့ တက်ရောက်ခိုင်း ခဲ့သည်။ ထိုသင်တန်းသည် စိတ်ဓါတ်စစ်ဆင်ရေးကို အထူးအလေးအနက်ထားပြီး စစ်တပ်နှင့် ဒေသ စည်းရုံးလှုံ့ဆော်သူများအတွက် သတင်းပေးများအဖြစ် ဆောင်ရွက်ရန် အသင်းဝင်လူငယ်များကို စုဆောင်းထားသော သင်တန်းဖြစ်သည်။[၁၆၇]

၂၀၀၅ ခုနှစ်၊ ဇွန်လတွင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များအား ပြင်ပကမ္ဘာသို့ သတင်းပေါက်ကြား မှု မရှိစေရန် စောင့်ကြပ်ရမည်ဟု ညွှန်ကြားချက်တစ်စောင်ထုတ်ပြန်၍ သတိပေးခဲ့သည်။ ပြည်ပနိုင်ငံ များမှ သတင်းထုတ်ပြန်မှုများအား စနစ်တကျတုံ့ပြန်ရန်နှင့် ဝါဒဖြန့်ချိရေးလုပ်ငန်းများ လုပ်ဆောင်ရန် အတွက် သတင်းနှင့်ပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်း၍ ထိုညွှန်ကြားချက်အား အကောင်အထည်ဖော်ခဲ့ သည်။[၁၆၈] ၂၀၀၇ ခုနှစ်၊ ဧပြီလပိုင်းတွင်လည်း ရန်ကုန်တိုင်း မြို့နယ်များရှိ ရပ်ကွက်များမှ တစ်ရပ်ကွက် လျှင် (၃)ဦးနှုန်း လူ့ရွေးချယ်၍ သတင်းပို့၊ သတင်းယူသင်တန်းနှင့် လုံခြုံရေးသင်တန်းများကို ပို့ချရန် ပြင်ဆင်ခဲ့သည်။

၂၀၀၆ ခုနှစ်၊ မေလအစောပိုင်း၌ ပြည်ခိုင်ဖြိုးအတွက် သတင်းစာသင်တန်းများ ကျင်းပခဲ့ သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားတွင်လည်း ပြည်ခိုင်ဖြိုးတွဲဘက်အတွင်းရေးမှူး ဦးဇော်မင်းက နည်း ပညာကွာဟမှုကို အခွင့်ကောင်းယူပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသည့် ပြည်ပမီဒီယာများ ကို တန်ပြန်တိုက်ခိုက်ရာတွင် ပြည်ခိုင်ဖြိုးအဖွဲ့က ဦးစားပေးလုပ်ဆောင်သွားရမည်ဟု ပြောဆိုခဲ့ သည်။[၁၆၉] ထို့ပြင် ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)နေ့ရက်၊ အင်္ဂါနေ့ထုတ် မြန်မာ့အလင်းသတင်း စာတွင် မီးရထားဝန်ကြီးလည်းဖြစ် ပြည်ခိုင်ဖြိုးဗဟိုအလုပ်အမှုဆောင်လည်းဖြစ်သူ ဦးအောင်မင်းက နအဖစစ်အစိုးရနှင့် ၎င်းတို့၏အစီအစဉ်များကို ထောက်ပံ့ပေးရန်ဖွဲ့စည်းထားသည့် ပြည်ခိုင်ဖြိုးအသင်း ၏ ဝါဒဖြန့်ချိရေးလုပ်ငန်း သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်ဆောင်ရွက် နိုင်ရန် ရည်ရွယ်ပြီး ပြည်ခိုင်ဖြိုးအသင်းအတွက် သတင်းစာသင်တန်းဖွင့် လှစ်ရခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ သည်။[၁၇၀] ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များကို ပို့ချနေသော သတင်းစာသင်တန်းများသည် ပြည်ပမီဒီယာများ

ကို တန်ပြန်တိုက်ခိုက်မည့် ရည်ရွယ်ချက်အပြင် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရေးအတွက် ရည်ရွယ်၍ လုပ်ဆောင်ခဲ့သော သင်တန်းများလည်း ဖြစ်ပေသည်။

ထောက်လှမ်းရေးအကြီးအကဲ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ၎င်း၏နောက်လိုက် ထောက်လှမ်းရေးအဖွဲ့ဝင်များအား ဖြုတ်ထုတ်ဖယ်ရှားပြီးသည့်နောက်ပိုင်းတွင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် ပြန်လည်အသစ်ဖွဲ့စည်းလိုက်သော စစ်ထောက်လှမ်းရေးယန္တ ရားများတွင် ပိုမို ပါဝင်ပတ်သက်မှုရှိလာခဲ့သည်။ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ဆန္ဒအလျောက် ပါဝင်ပတ်သက်ခြင်းမဟုတ်ပဲ ပြည်ခိုင်ဖြိုး အာဏာပိုင် စစ်အစိုးရ၏ ဖိအားများနှင့် မက်လုံးများကြောင့်ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

သာဓကအားဖြင့် ပဲခူးတိုင်းအတွင်းရှိ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များကို စစ်ထောက်လှမ်းရေးကပေးသည့် သင်တန်းများကို မတက်မနေရဟု ပြည်ခိုင်ဖြိုးအာဏာပိုင်များက အမိန့်ထုတ်ခဲ့သည်။ ထိုသို့ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များကို သင်တန်းများတက်ခိုင်းရာတွင် စီးပွားရေးလုပ်ငန်း လုပ်ပိုင်ခွင့်ပါမစ်၊ ရင်နှီးမြုပ်နှံငွေများနှင့် ရာထူးတိုးမြှင့်ခြင်း၊ စသဖြင့် မက်လုံးများပေးခဲ့သည်။ အဖွဲ့ဝင်များအနေဖြင့် သင်တန်းများကို တက်ရောက်ရန် ဆန္ဒမရှိသော်လည်း ၎င်းတို့၏ လုံခြုံရေး၊ မိသားစုစားဝတ်နေရေးများနှင့် ခရီးသွားရေး လွယ်ကူချောမွေ့စေရေးအတွက် တက်ရောက်ခဲ့ရသည်ဟု ဆိုသည်။ သင်တန်းမတက်ရောက်ပါက အသင်းဝင်အဖြစ်မှ မောင်းထုတ်ခံရခြင်း၊ စီးပွားလုပ်ငန်းများ လုပ်ကိုင်ခွင့်မရအောင် နည်းအမျိုးမျိုးဖြင့် အနှောက်အယှက်ပေးခြင်းနှင့် ခရီးသွားလာရေးအခက်အခဲများ ကြုံတွေ့ရမည်ဖြစ်သည်။[၁၇၁]

ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များအနေဖြင့် အလေးအနက်ထား တာဝန်ယူထားရသော အခြားလုပ်ငန်းတစ်ခုမှာ အတိုက်အခံအင်အားစုများအား စောင့်ကြည့်၍ ၎င်းတို့မှ လုပ်ဆောင်သည့် မည်သည့် လှုပ်ရှားမှုမျိုးကိုမဆို ခြိမ်းခြောက်ခြင်းနှင့် အနှောက်အယှက်ပေးခြင်း လုပ်ငန်းဖြစ်သည်။ အထူးသဖြင့် ဒီပဲယင်းလူသတ်ပွဲနောက်ပိုင်းတွင် ပြည်ခိုင်ဖြိုးအသင်းဝင်အချို့နှင့် ဒေသခံအာဏာပိုင်များသည် NLD ဆိုင်းဘုတ်များကို လိုက်လံဖြုတ်ချခြင်း၊ အတိုက်အခံအဖွဲ့ဝင်များ၏ နေအိမ်များကို ဧည့်သည်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ညနက်သန်းခေါင်အချိန်တွင် ပုံမှန် ဧည့်စာရင်း လာရောက်စစ်ဆေးခြင်း၊ အနှောက်အယှက်ပေးခြင်းများ ပိုမိုလုပ်ဆောင်လာခဲ့သည်။[၁၇၂] ၂၀၀၂ ခုနှစ်တွင်လည်း မွန်ပြည်နယ်အတွင်းရှိ ပြည်ခိုင်ဖြိုးအစည်းအဝေးတစ်ခုတွင် ဗိုလ်ချုပ် အုန်းမြင့်က "NLD ပါတီ၏ လှုပ်ရှားမှုများအား အနီးကပ်လေ့လာစောင့်ကြည့်ရန်၊ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမှ အဆိုပါလုပ်ဆောင်ချက်အား မပြောကြားရန်"စသည့်ဖြင့် တက်ရောက်လာသော ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များအား ညွှန်ကြားသွားခဲ့သည်။[၁၇၃]

ပြည်ခိုင်ဖြိုးအသင်းဝင်များကို အတိုက်အခံအင်အားစုများအား စောင့်ကြည့်စစ်ဆေးရန်အတွက် အသုံးပြုရုံသာမက၊ အစိုးရအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာရန်အတွက်လည်း အသုံးပြုခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြုလုပ်သော ပြည်ခိုင်ဖြိုး အစည်းအဝေးတစ်ခုတွင် တက်ရောက်လာသော အသင်းဝင်များအား "မြို့နယ်အတွင်းရှိ ဌာနပေါင်းစုံမှ ဝန်ထမ်းများ အပါအဝင်၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့၏ အခြေအနေများကိုပါ စောင့်ကြည့်အကဲခတ်၍ ဌာနချုပ်သို့ အစီရင်ခံရန်" အာဏာပိုင်များက ညွှန်ကြားခဲ့သည်။[၁၇၄]

ထို့ပြင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် ဗဟိုခေါင်းဆောင်များ၏ ညွှန်ကြားချက်အရ မဟုတ်မမှန်လုပ်ကြံသည့် သတင်းအစီရင်ခံစာများကိုလည်း ဖန်တီးလုပ်ဆောင်ရသည်။ ဥပမာအားဖြင့် ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလပိုင်းက ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ မင်းကိုနိုင်နှင့် အခြားကျောင်းသား ၅ ယောက်ကို လုပ်ကြံတရားစွဲဆိုနိုင်ရန် ပြင်ဆင်ခဲ့သည်။ ကျောင်းသားခေါင်းဆောင်များက ပြည်ပငွေကြေးအထောက်အပံ့များဖြင့် ပြည်တွင်းနိုင်ငံရေးတပ်ပေါင်းစုကြီးတစ်ရပ် ဖွဲ့စည်းရန် စီစဉ်နေသည်ဆိုသည့်အချက်ကို ပေါ်လွင်အောင်ရေးသား၍ သတင်းပို့ကြရန် ပြည်ခိုင်ဖြိုးတာဝန်ခံများဖြစ်သော ဝန်ကြီး ဦးသောင်း၊ ဦးအောင်သောင်းနှင့် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တို့က ၎င်းတို့၏ ပြည်ခိုင်ဖြိုး ထောက်လှမ်းရေးသတင်းပေးများကို ညွှန်ကြားခဲ့သည်။[၁၇၅]

စာသင်ကျောင်းများတွင်လည်း ပြည်ခိုင်ဖြိုးအသင်းဝင်ဆရာ၊ ဆရာမများသည် အာဏာပိုင်များ၏ တာဝန်ပေးစေခိုင်းချက်အရ သတင်းပေးများအဖြစ် လုပ်ဆောင်ရသည်။ ဥပမာအားဖြင့် ကျောင်းသူ၊ ကျောင်းသားများအကြားတွင် စည်းရုံးလှုပ်ရှားမှုများနှင့် ဆူပူမှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်သဖြင့် ပြည်ခိုင်ဖြိုးအသင်းဝင် ကျောင်းဆရာ၊ ဆရာမများက ၎င်းတို့တာဝန်ယူရသော ကျောင်းသူ၊ ကျောင်းသားများ၏ အခြေအနေများကို စောင့်ကြည့်၍ ထူးခြားသောလှုပ်ရှားမှု တစုံတရာရှိပါက အထက်သို့ အစီရင်ခံတင်ပြရသည်။ ကျောင်းဝန်းထဲတွင် လက်ကမ်းစာစောင်များ၊ ထုတ်ပြန်ကြေညာချက်များ၊ ကဗျာစာအုပ်များနှင့် စတစ်ကာများကို ဖြန့်ဝေခြင်း၊ အာဏာပိုင်များကို ဆန့်ကျင်သည့် ကြွေးကြော်သံများ သို့မဟုတ် သင်္ကေတအမှတ်အသားများ ရေးသားထားခြင်း၊ နေ့ထူးနေ့ရက်များကို ကျင်းပခြင်း စသဖြင့် စီစဉ်လှုပ်ရှားမှုများရှိပါက ပြည်ခိုင်ဖြိုးကျောင်းဆရာ၊ ဆရာမများက အာဏာပိုင်များကို သတင်းပို့ရသည်။[၁၇၆]

## *လူသားမဆန်စွာ အကြမ်းဖက်ရိုက်နှက်မှုများ*

စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအသင်းသည် အမည်နာမအမျိုးမျိုးဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပတ်သက်ခဲ့သည်။ ဒေသခံများနှင့် အသင်းဝင်များကို အသုံးပြု၍ အတိုက်အခံပါတီဝင်များနှင့် ငြိမ်းချမ်းစွာဆန္ဒပြသူများကို နည်းအမျိုးမျိုးဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် NLD ပါတီဝင်များနှင့် ၎င်းတို့အား ထောက်ခံသောသူများကို အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် ရန်ကုန်မြို့ ကုက္ကိုင်းလမ်းဆုံတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များကို လူစုလူဝေးနှင့် တိုက်ခိုက်မှု၊ ၂၀၀၃ ခုနှစ်၊ မေလ ၃၀ တွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းအရေးအခင်းနှင့် အင်္ဂါနေ့တိုင်းပြုလုပ်သည့် ဒေါ်အောင်ဆန်စုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲများတွင် အကြမ်းဖက်မှု၊ စသဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများစွာတွင် အဓိက ပါဝင်ပတ်သက်ခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ငြိမ်းချမ်းစွာဆန္ဒပြခဲ့သော ရဟန်းရှင်လူပြည်သူများကို ရက်စက်စွာ ချေမှုန်းခဲ့ရာတွင်လည်း ပြည်ခိုင်ဖြိုးအသင်းအနေဖြင့် အသွင်အမျိုးမျိုးဖြင့် ပါဝင်ပတ်သက်ခဲ့သည်ကို ရှင်းလင်းစွာ တွေ့မြင်ခဲ့ရ

သည်။

စစ်အစိုးရအနေဖြင့် ၎င်းတို့၏ဆန့်ကျင်ဘက် အတိုက်အခံအင်အားစုများနှင့် ဒီမိုကရေစီရေး ထောက်ခံအားပေးသူများကို နှိမ်နင်းရာတွင် ဖမ်းဆီးထောင်ချရုံဖြင့် လုံလောက်သည်ဟု ယူဆဟန်မရှိ၍ အကြမ်းဖက်ချေမှုန်းသောနည်းလမ်းများကို ပိုမိုအသုံးပြုခဲ့သည်မှာ ယုံမှားသံသယရှိစရာမလိုပေ။ ယေဘူယျအားဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများသည် ပြည်ခိုင်ဖြိုးထိပ်ပိုင်းခေါင်းဆောင်များမှ အောက်ခြေပိုင်း ဒေသခံပြည်ခိုင်ဖြိုးအဖွဲ့ဝင်များထံသို့ တိုက်ရိုက်ညွှန်ကြားသော အစီအစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ခြင်းသာ ဖြစ်သည်။ သို့သော်လည်း နေရာအများစုတွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုများသည် အထူးသဖြင့် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်လူငယ်များကို အာဏာပိုင်များက လူမိုက်ဆန်ဆန် ရမ်းကားပြုမူရန် ခွင့်ပြုထားမှု၏ နောက်ဆက်တွဲ အကျိုးရလာဒ်များ ဖြစ်သည်။ ထိုလူငယ်များသည် မိမိကိုယ်ကို ဒေသခံလူထုအပေါ် သြဇာအာဏာရှိသည်ဟု ယူဆထားပြီး ဖြစ်ပေါ်လာသည့် အကြမ်းဖက်လုပ်ရပ်များအတွက် အပြစ်မရှိဟု အထင်ရောက်ကာ စိတ်ကြီးဝင်နေသူများဖြစ်သည်။ ထို့ပြင် အာဏာပိုင်များက အကြမ်းဖက်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ခြင်းမရှိသည့်အပြင် သူရဲကောင်းများအဖြစ် ဆုများပေးအပ်ခြင်း၊ ရာထူးများတိုးမြှင့်ပေးခြင်း စသဖြင့် မက်လုံးများပေးနေခြင်းသည် မရှိဆင်းရဲသားများ၊ လောဘရမ္မက် သားကောင်များနှင့် လူရမ်းကားများအတွက် အကြမ်းဖက်မှုများကို ပိုမိုကျူးလွန်းလာစေရန် အခွင့်ကောင်းတစ်ခု ဖြစ်စေခဲ့ သည်။

၂၀၀၆ ခုနှစ်၊ မတ်လအတွင်း ဖြစ်ပွားခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသက်နိုင်ဦး အသတ်ခံရမှုသည် ဥပမာတစ်ခု ဖြစ်သည်။ ၎င်းသည် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်တွင် ပြည်ခိုင်ဖြိုးအသင်းဝင်လူငယ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရက်ရက်စက်စက် အကြမ်းဖက်တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ အကြမ်းဖက်ရိုက်နှက်မှုတွင် ပါဝင်ပတ်သက်ခဲ့သူများကို တစ်စုံတရာ အရေးယူအပြစ်ပေးခြင်း မပြုလုပ်သည့်အပြင် မြို့နယ်ရဲအုပ်မှ ၎င်းတို့အား ကျပ်ငွေ (၂၀၀၀) ကျော်ပေး၍ ကျွေးမွေးဧည့်ခံခဲ့သည်။ ထို့ပြင် ယင်းကိစ္စနှင့်ပတ်သက်၍ မည်သူ့ကိုမှ မပြောပါဟု လက်မှတ်ရေးထိုးခိုင်းခဲ့သည်။[၁၇၇] ဆိုးရွားသည်မှာ အာဏာပိုင်များက ရန်ကုန်စည်ပင်သာယာမှ ထုတ်ဝေသည့် မြို့တော်သတင်းစာများတွင် ကိုသက်နိုင်ဦးသည် အရက်မူးရမ်းကားနေသည့်အတွက် တာဝန်သိရဲနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းထိန်းသိမ်းရန် ကြိုးစားခဲ့ကြောင်း၊ ဖမ်းဆီးမခံသည့်အတွက် တာဝန်သိ ဆိုက်ကားသမားများက ဝိုင်းဝန်းရိုက်နှက် ဖမ်းဆီးပေးခဲ့ခြင်းဖြစ်ကြောင်းကို မဖြစ်မနေ ထည့်သွင်းဖော်ပြပေးရန် ညွှန်ကြားခဲ့သည်။[၁၇၈] နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသက်နိုင်ဦး၏ ဖြစ်စဉ်ကို လေ့လာကြည့်လျှင် အကြမ်းဖက်တိုက်ခိုက်မှုသည် အာဏာပိုင်များက ကြိုတင်စီစဉ်ပြီး စနစ်တကျ လုပ်ကြံသတ်ဖြတ်ခဲ့သည်မှာ ထင်ရှားနေသည်။ တချိန်တည်း၌ပင် အာဏာပိုင်များ၏ မင်းမဲ့စရိုက်ဆန်ဆန် ရက်စက်ကြမ်းကြုတ်မှုများကိုလည်း မြန်မာပြည်သူများနှင့် ကမ္ဘာကသိအောင် မီးမောင်းထိုးပြခဲ့သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ထွန်းကားရေးအတွက် တစိုက်မတ်မတ် လုပ်ဆောင်နေပါသည်ဟု စစ်အာဏာပိုင်များက မြန်မာအသိုင်းအဝိုင်းနှင့် နိုင်ငံတကာကို အသံကောင်းဟစ်နေခဲ့သော်လည်း တကယ့်လက်တွေ့တွင် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ထွန်းကားလာရေးအတွက်

ကြိုးပမ်းအားထုတ်နေသူများအပေါ် အာဏာပိုင်များသည် ၎င်းတို့၏ လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးနှင့် သစ္စာခံများကိုအသုံးပြု၍ နည်းအမျိုးမျိုးဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဥပမာအားဖြင့် ၂၀၀၇ ခုနှစ်၊ ဧပြီလအတွင်း၌ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးဆွေးနွေးမှုများ ပြုလုပ်ပေးနေသည့် HRDP (ခေါ်) လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့မှ အဖွဲ့ဝင်အချို့ကို ပြည်ခိုင်ဖြိုး လူရမ်းကားများက အကြမ်းဖက် တိုက်ခိုက်ခဲ့သည်။ ရန်ကုန်အခြေစိုက် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့မှ ဦးမြင့်အေး၊ ကိုမောင်မောင်လေး၊ ကိုတင်မောင်ဦးနှင့် ကိုရှင်ကြည်တို့သည် ဒေသခံအဖွဲ့ဝင်များနှင့်အတူ ဟင်္သာတမြို့နယ်အတွင်းရှိ အင်္ဂပိုကျေးရွာနှင့် အုတ်ပုံကျေးရွာများမှ ဒေသခံပြည်သူများနှင့် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲများ ပြုလုပ်ပြီးအပြန်တွင် အုတ်ပုံကျေးရွာထိပ်တွင် အသင့်စောင့်နေသော ဟင်္သာတမြို့နယ်ပြည်ခိုင်ဖြိုးအတွင်းရေးမှူး ဦးညွန့်ဦး ဦးဆောင်သည့် လူရမ်းကား (၁၀၀) ကျော်ခန့်က ဝါးရင်းတုတ်များ၊ လေးဂွများဖြင့် မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။

လုပ်ကြံမှုမဖြစ်ပွားမီ တစ်ရက်အလိုတွင် ရဲသတင်းအထူးတပ်ဖွဲ့မှ ရဲအရာရှိ နေလင်းစိုး၊ ဒုရဲအုပ် သန်းထိုက်နှင့် မြို့နယ်ပြည်ခိုင်ဖြိုးအတွင်းရေးမှူး ဦးညွန့်ဦးတို့ ကြိုတင်ရောက်ရှိနေခဲ့ပြီး လူ့အခွင့်အရေး လှုပ်ရှားသူများအဖွဲ့ကို ရွာအထွက်တွင် စောင့်ကြိုတိုက်ခိုက်ရန် အသေးစိတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ဤအဖြစ်အပျက်သည် အာဏာပိုင်များနှင့် မြို့နယ်ပြည်ခိုင်ဖြိုးတို့ အစီအစဉ်တကျ ပူပေါင်းကြံစည်သော လုပ်ကြံမှုတခုဖြစ်ပြီး၊ မေ (၃၀)တွင် ဖြစ်ပွားခဲ့သော ဒီပဲယင်း လူသတ်ပွဲပုံစံနှင့် တထပ်တည်း ဖြစ်နေသည်။ အာဏာပိုင်များသည် အဓိကအကြမ်းဖက်ကျူးလွန်သူများကို အရေးယူအပြစ်ပေးခြင်း များ ပြုလုပ်မည့်အစား အကြမ်းဖက်ရိုက်နှက်ခံရသူများနှင့် အကူအညီပေးသူများကို ပုဒ်မ(၅၀၅/ခ) နိုင်ငံတော်အား အကြည်ညိုပျက်အောင် လုပ်ဆောင်မှု၊ ပုဒ်မ (၅၀၅/ဂ) လူစုလူဝေးနှင့် ဆူပူမှုဖြစ်အောင် လှုံ့ဆော်မှုများဖြင့် ပြန်လည်တရားစွဲခြင်းများ ပြုလုပ်ခဲ့သည်။[၁၇၉] တစ်ချိန်တည်း၌ပင် စစ်အစိုးရ အာဏာပိုင်များသည် အကြမ်းဖက်ကျူးလွန်သူများကို သွေးထိုးမြှောက်ပင့်ပေးခဲ့ပြီး အလားတူ အကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်လာအောင် လှုံ့ဆော်ခဲ့သည်။[၁၈၀]

တရားဥပဒေစိုးမိုးသည့် နိုင်ငံတိုင်းတွင် ပြဿနာများ၊ မှုခင်းများပေါ်ပေါက်လာတိုင်း သက်ဆိုင်ရာတာဝန်ရှိများက စနစ်တကျလေ့လာ၍ ကိုင်တွယ်ဖြေရှင်းလေ့ရှိသည်။ တရားဥပဒေစိုးမိုးမှု ဗလာနတ္ထိ မင်းမဲ့စရိုက်ဆန်ဆန်ဖြစ်နေသော မြန်မာနိုင်ငံတွင်ကား ထိုသို့မဟုတ်ပေ။ ဥပဒေသည် မြန်မာစစ်အာဏာရှင်များ၏အထက်တွင်သာမက ၎င်းတို့၏လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များ၏ အထက်တွင်လည်း ရှိနေပေသည်။ ပြဿနာတစ်ခုပေါ်ပေါက်လာတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက ကိုင်တွယ်ဖြေရှင်းရမည့်အစား သက်ဆိုင်မှုမရှိသော ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များက ဝင်ရောက်စွက်ဖက်နေကြသည်။ လူထုအား အာဏာပြရန်အတွက် အကြောင်းမရှိအကြောင်းရှာ၍ ဖမ်းဆီးနှိပ်စက်နေကြသည်။

၂၀၀၇ ခုနှစ်၊ မတ်လတွင် ရန်ကုန်မြို့နယ်၊ မြောက်ဥက္ကလာပရပ်ကွက်(၂)၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ရယက)ရုံးတွင် အာဏာပိုင်များနှင့် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ ဖမ်းဆီး

စစ်ဆေး၍ အကြမ်းဖက်ရိုက်နှက်မှုများကြောင့် နိဗ္ဗာန်လမ်းတွင်နေထိုင်သော ကိုနိုင်ဦးသည် ထိုရယက ရုံး၌ပင် သေဆုံးသွားခဲ့သည်။ ထိုသေဆုံးမှုကို ရပ်ကွက်အာဏာပိုင်များက အအေးမိဖျားနာ၍ သေဆုံးခဲ့ သည်ဟု အကြောင်းပြခဲ့သည်။ သို့သော်လည်း ဦးခေါင်း၏ဘယ်ဖက်ခြမ်းတွင် လက်ညိုးခန့်ရှိ အရိုက်ခံ ထားရသော ဒဏ်ရာအပါအဝင် အခြားပြင်းထန်သောဒဏ်ရာများကို ကြည့်ခြင်းအားဖြင့် အာဏာ ပိုင်များ၏ အကြောင်းပြချက်သည် ယုတ္တိမရှိကြောင်း သက်သေပြခဲ့သည်။[၁၈၁] အမှုမှန်ပေါ်ပေါက်လာမည် ကို စိုးရိမ်သည့်အတွက် အလောင်းကိုလည်း ဒေသခံအာဏာပိုင်များနှင့် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက ဖျောက်ဖျက်သည့်အနေဖြင့် ၎င်းမိဘများကို အသိမပေးဘဲ စောလျှင်စွာ သင်္ဂြိုလ်ခဲ့သည်။ ထို့ပြင် အမှုကို အမှန်အတိုင်း သက်သေထွက်ဆိုပေးမည့် မြောက်ဥက္ကလာပရပ်ကွက်(၂)နေ ကိုကျော်ကျော်နှင့် ကိုဇော်ဝင်း တို့ကိုလည်း အာဏာပိုင်များက လိုက်လံဖမ်းဆီးရန် ကြိုးစားခဲ့သည်။[၁၈၂] ဤအချက်များကို ခြုံငုံကြည့်မည်ဆိုပါက အာဏာပိုင်များ၏ လက်တွေ့လုပ်ရပ်များနှင့် ပြောဆိုချက်များသည် ပြဒါးတစ် လမ်း သံတစ်လမ်းဖြစ်နေပြီး ရိုးသားမှုမရှိပဲ ကိုနိုင်ဦး၏ သေဆုံးမှုသည် ပြည်ခိုင်ဖြိုး အာဏာပိုင်များ၏ မတရား ရိုက်နှက်မှုကြောင့်ဖြစ်သည်ဆိုသည်မှာ ပို၍ထင်ရှားနေသည်။

၂၀၀၆ ခုနှစ်၊ ဇွန်လတွင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် အိုးဘိုလမ်း ၁၂ ရပ်ကွက်တွင် ခဝါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသော မခင်မာလွင် ကို ကြည့်မြင်တိုင်မြို့နယ် ရဲစခန်း မှ စခန်းမှူး နေမျိုးက သူမအဝတ်လျှော်ပေးနေသည့်အိမ်တွင် ပစ္စည်းပျောက်ဆုံးမှုဖြင့် ဖမ်းဆီးခဲ့ပြီး မတရား ညှင်းပန်းနှိပ်စက်ခဲ့သည်။ သူမကို အခန်းပိတ်ပြီ မတရားညှင်းပန်းနှိပ်စက်ခဲ့သည့်အတွက် နားစည်ကွဲပြီး တကိုယ်လုံးတွင် ဒဏ်ရာအညိုအမဲများ ရရှိခဲ့သည်။ ထိုမျှမက အာဏာပိုင်များက မခင် မာလွင်ကို မဖွယ်မရာပင် ပြုမူဆက်ဆံခဲ့သည်။ နောက်ဆုံးတွင် အပြစ်မရှိမှန်းသိ၍ အိမ်သို့ ပြန်ပို့ပေးခဲ့ပြီး မြို့နယ်စခန်းမှူး၊ ပြည်ခိုင်ဖြိုးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့များက လျော်ကြေးငွေပေး၍ နှုတ်ပိတ်ရန် ကြိုးစားခဲ့သည်။[၁၈၃]

ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များက ကျူးလွန်သည့် အခြားသော အကြမ်းဖက်တိုက်ခိုက်မှု များလည်း ရှိသေးသည်။ ၂၀၀၇ ခုနှစ်၊ မတ်လအတွင်း၌လည်း ပဲခူးတိုင်း၊ ပြည်မြို့ စည်တော်မင်္ဂလာ ရပ်ကွက်တွင် နေထိုင်သည့် လူငယ်တစ်ဦးကို စစ်အစိုးရက အခွင့်အရေးပေးထားသည့် စွမ်းအားရှင် အဖွဲ့များက အာဏာပြ၍ ဝိုင်းဝန်းထိုးကြိတ်ခဲ့သည်။ ထိုလူငယ်ကို မူးယစ်ရမ်းကားသည်ဆိုသည့် စွဲချက် ဖြင့် မတရားထောင်ချခဲ့သည်။ အလားတူစွာ မကွေးမြို့၊ အောင်ဇေယျာရပ်ကွက်တွင် နေထိုင် သည့် ပြည်သူတစ်ဦးကိုလည်း မူးယစ်ရမ်းကားသည်ဆိုသည့် အကြောင်းပြချက်ဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူ များက ဖြေရှင်းရမည့်အစား စွမ်းအားရှင်များက ၎င်းတို့နှင့်မသက်ဆိုင်ပဲ ဝင်ရောက် ထိုးကြိတ်ခဲ့ သည်။[၁၈၄]

အတိုက်အခံအဖွဲ့ဝင်များသည်လည်း စစ်အစိုးရလက်ကိုင်တုတ်များ၏ ရမ်းကားတိုက်ခိုက်မှု များကို ခံနေရသည်။ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လတွင် NLD ပါတီဝင်တစ်ဦးဖြစ်သူ ကိုကျော်စိုးအား စမ်း ချောင်းမြို့နယ်တွင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင် သုံးဦးမှ တုတ်ဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့သည်။ ထိုသို့ ရိုက်နှက် တိုက်ခိုက်မှုကြောင့် ကိုကျော်စိုး၏ နားစည်တစ်ဖက် ပေါက်ပြဲသွားခဲ့ပြီး အသံအာရုံကြော ထိခိုက်ပျက်စီး

သွားခဲ့သည်။ ရိုက်နှက်တိုက်ခိုက်သူများအား ရဲစခန်းသို့ ဖမ်းဆီးပို့ဆောင်ခဲ့သော်လည်း ပြည်ခိုင်ဖြိုး ခေါင်းဆောင်တစ်ဦးနှင့် အစိုးရသတင်းပေးတစ်ဦးမှ ရဲအားလာဘ်ပေးခဲ့သဖြင့် စွဲချက်မတင်ဘဲ ပြန်လွှတ်ပေးခဲ့သည်။[၁၈၅]

အလားတူစွာ NLD ပါတီဝင်တစ်ဦးဖြစ်သူ ကိုသန့်ဇင်မျိုးသည် ပြည်ခိုင်ဖြိုး အသင်းဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ အချိန်အတော်ကြာ အနှောက်အယှက်ပေးနေခြင်းကို ခံခဲ့ရသူဖြစ်သည်။ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လတွင် ၎င်း၏နေအိမ်အနီးတဝိုက်တွင် ယောင်ပေပေလုပ်နေသော လူစိမ်းတစ်ဦးအား ဖမ်းဆီး၍ နယ်မြေခံရဲစခန်းသို့ ပို့ဆောင်ခဲ့ရာ ထိုလူစိမ်းမှာ မီးသတ်တပ်ဖွဲ့ဝင် သတင်းပေးတစ်ဦးဖြစ်နေသည်။ ထိုကိစ္စဖြစ်ပွားပြီးနောက် ကိုသန့်ဇင်မျိုးမှာ ပြည်ခိုင်ဖြိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းရိုက်နှက်ခြင်းကို ခံခဲ့ရသည်။[၁၈၆]

၂၀၀၇ ခုနှစ် ဇွန်လအတွင်း၌ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားလွှတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပြီးပြန်လာသော မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်နှင့် အဖွဲ့ကို ပြည်ခိုင်ဖြိုးအဖွဲ့များက ဟန့်တားနှောက်ယှက်ခဲ့သည်။ ထို့ပြင် စစ်အစိုးရသစ္စာခံ လူရမ်းကားတစ်ဦးက သံလက်သီးစွပ်ပြီး ဦးသန်းလွင်၏ မျက်နှာကို ပြင်းထန်စွာ ဝင်ရောက်ထိုးနှက်ခဲ့သည်။ ဦးသန်းလွင်သည် ဆေးရုံတွင် ဆေးကုသမှု ခံယူခဲ့ရသည်။[၁၈၇] အတိုက်အခံအဖွဲ့များကို စစ်အစိုးရလက်ကိုင်တုတ်များက ရမ်းကားတိုက် ခိုက်နှောက်ယှက်နေမှုများကို သက်ဆိုင်ရာအခန်းများတွင် ဆက်လက်ဖော်ပြသွားမည်။

ပြည်ခိုင်ဖြိုးအဖွဲ့ဝင် လူရမ်းကားများသည် ကျောင်းသား၊ ကျောင်းသူများပါမကျန် တရားလက်မဲ့ အကြမ်းဖက်တိုက်ခိုက်မှုများကို ကျူးလွန်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လတွင် ပဲခူးတိုင်း ပြည်တက္ကသိုလ် ဓါတုဗေဒပထမနှစ် ကျောင်းသားတစ်ဦးဖြစ်သူ မောင်ရဲနိုင်ကို မြို့နယ်ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက ပြည်မြို့ ဒေါနခြံရပ်ကွက်ရှိ ယုဇနဘော်ဒါဆောင်သို့အပြန်တွင် အကြောင်းမဲ့ မတရားရိုက်နှက်ခဲ့သည်။[၁၈၈] ထို့အတူ ၂၀၀၄ ခုနှစ်တွင် ပြည်တက္ကသိုလ်မှ ကျောင်းသားနှစ်ဦးအား ပြည်ခိုင်ဖြိုးအဖွဲ့ဝင် လူရမ်းကားတစ်စုမှ တိုက်ခိုက်ခဲ့သဖြင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှု ခံယူခဲ့ရသည်။[၁၈၉] ရခိုင်ပြည်နယ်မှ အစ္စလာမ်ဘာသာဝင် ကျောင်းသားတစ်ဦးဖြစ်သူ ရာရှစ်ဒူဟယ် (Rashid Duhal)ကိုလည်း ၂၀၀၅ ခုနှစ်၊ ဩဂုတ်လတွင် လူရမ်းကားတစ်စုမှ ဝိုင်းဝန်း ရိုက်နှက်ခဲ့သည်။ ထိုလူရမ်းကားများမှာ ပြည်ခိုင်ဖြိုး အသင်းဝင်များဖြစ်သည်ဟု ယုံကြည်ရကြောင်းနှင့် ဗုဒ္ဓဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များ အကြား ပဋိပက္ခများဖြစ်ပွားစေရန် ထိုကျောင်းသားအား တိုက်ခိုက်ခဲ့သည်ဟု ယူဆရကြောင်း မျက်မြင်သက်သေတစ်ဦးမှ ထုတ်ဖော်ပြောဆိုခဲ့သည်။ ရာရှစ်ဒူဟယ်သည် အရိုက်နှက်ခံရပြီးသုံးရက်အကြာတွင် ရရှိခဲ့သည့်ဒဏ်ရာများဖြင့်ပင် သေဆုံးခဲ့သည်။[၁၉၀]

ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် အကြမ်းဖက်တိုက်ခိုက်မှုများအပြင် ၎င်းတို့ပါဝင်ပတ်သက်ခဲ့သော ကိစ္စရပ်များအတွက် တရားဥပဒေရင်ဆိုင်ရခြင်း သို့မဟုတ် အပြစ်ပေးခံရခြင်းများမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိနေကြသည်။ တရားဥပဒေကို လက်တစ်လုံးကြား လုပ်ဆောင်နေကြသည်။ ထို့ကြောင့် အခြားသူများအတွက် ထိခိုက်နစ်နာစေသည့်အရာများသည် ၎င်းအတွက် အရေးမကြီးဘဲ အသေး

အမှားကိစ္စတခုမျှသာ ဖြစ်နေသည်။ ဥပမာအားဖြင့် ကားတိုက်မှုကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သူ တစ်ဦးအား ထိုကားတိုက်မှုကျူးလွန်သော ဒေသခံပြည်ခိုင်ဖြိုးအတွင်းရေးမှူးက တရားစွဲဆိုခြင်း မပြုစေရန် ခြိမ်းခြောက်ခဲ့သည်။[၁၉၁] အလားတူစွာ ပြဿနာတခုခုပေါ်ပေါက်လာတိုင်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဥပဒေလမ်းကြောင်းအရ တာဝန်ယူဖြေရှင်းရမည့်အစား တာဝန်ပိုင်းအရ သက်ဆိုင်မှုမရှိသည့် ပြည်ခိုင်ဖြိုးအဖွဲ့များ၊ စွမ်းအားရှင်များက ပါဝင်ပတ်သက်နေသည်ကိုလည်း တွေ့ရသည်။ ၂၀၀၇ ခုနှစ် ဧပြီလအတွင်း၌ မန္တလေးမြို့၊ အောင်မြေသာဇံရပ်ကွက်တွင် နေထိုင်သော အသက် (၂၄)နှစ်အရွယ် လူငယ်တစ်ဦးကို ဆိုင်ကယ်လမ်း ပြောင်းပြန်မောင်းခဲ့သည့်အတွက် ယာဉ်စည်းကမ်းဥပဒေအရ အရေးယူဆောင်ရွက်ရမည့်အစား ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက မင်းမဲ့ဆန်ဆန် ရိုက်နှက်ခဲ့သည်။ ထို့ကြောင့် ထိုလူငယ်သည် ဒဏ်ရာပြင်းထန်စွာရရှိပြီး ဆေးရုံတက် ကုသမှုခံယူခဲ့ရသည်။[၁၉၂]

## *ဘာသာရေးပဋိပက္ခများ ပေါ်ပေါက်လာအောင် ဖန်တီးလုပ်ဆောင်ခြင်း*

မြန်မာပြည်သည် ဘာသာရေးလွတ်လပ်ခွင့် အလွန်နည်းပါးပြီး ကန့်သတ်ချုပ်ချယ်မှုများသော နိုင်ငံတစ်ခုဖြစ်သည်။ ပြည်ခိုင်ဖြိုး (ခေါ်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် မြန်မာပြည်အတွင်းရှိ မတူကွဲပြားသော ဘာသာရေးအုပ်စုများအတွင်း အထူးသဖြင့် ခရစ်ယာန်ဘာသာဝင်များနှင့် အစ္စလာလမ်ဘာသာဝင်များအား အနှောက်အယှက်ပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပိုမိုပြုလုပ်လာခဲ့သည်။ နိုင်ငံအတွင်း ဘာသာရေးပဋိပက္ခများဖြစ်ပေါ်လာအောင် ဗုဒ္ဓဘာသာဝင်များနှင့် အခြားဘာသာဝင်များအကြား ပေါ်ပေါက်လာနိုင်သည့် မုန်းတီးမှုများကို အခွင့်ကောင်းယူ အသုံးချနေသည်။ နိုင်ငံအတွင်း ဘာသာရေးပဋိပက္ခများ ဖြစ်ပေါ်လာပါက စစ်အစိုးရသာလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ထိန်းသိမ်းနိုင်သည်ဆိုသည့်အကြောင်းပြချက်ဖြင့် စစ်တပ်အာဏာတည်မြဲအောင် ဖန်တီးလုပ်ဆောင်ခဲ့သည်။ အစ္စလာမ်ဘာသာဝင်များသည် အကြမ်းဖက်မှုများ ဖြစ်ပွားလာအောင် လှုံ့ဆော်သူများဟု စစ်အစိုးရ၏ အဓိကပစ်မှတ်ထားခြင်းခံရသော အုပ်စုဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် ပြည်ခိုင်ဖြိုးအသင်းသည် NLD အဖွဲ့ဝင် အစ္စလာမ်များအား အဓိကပစ်မှတ်ထား၍ NLD ပါတီအား အနှောင့်အယှက်ပေးမည့် ဗျူဟာတစ်ရပ်အား စတင်အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါအစီအစဉ်မှာ အစ္စလာမ်ဘာသာဝင် NLD အဖွဲ့ဝင်များအား အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပေးရန် တောင်းဆိုထားသော စာရွက်စာတမ်းများကို NLD ပါတီမှ ဖြန့်ဝေသည်ဟု ယုံမှားသံသယရှိအောင် လုပ်ဆောင်ရန်၊ ၎င်းတို့အနေဖြင့် နုတ်ထွက်ပေးရန် ငြင်းဆန်သည့်အခါ ၎င်းတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ဖျက်ဆီးခြင်း၊ လိုအပ်လျှင် အခြေအနေမတည်မငြိမ်ဖြစ်အောင် အဓိကရုဏ်းများ ဖန်တီးပြီး ဖြစ်ပေါ်လာသည့်ပြဿနာများကို အကြောင်းပြု၍ NLD ပါတီအား အပြစ်ပုံချရန်တို့ ဖြစ်သည်။[၁၉၃]

စစ်အစိုးရလက်ကိုင်တုတ်များသည် နိုင်ငံအတွင်း ဘာသာရေးပဋိပက္ခများ ပေါ်ပေါက်လာစေရန်ရည်ရွယ်ချက်ဖြင့် အစ္စလာမ်ဘာသာရေးနှင့် သက်ဆိုင်သောနေရာများကို ဖျက်ဆီးခဲ့သည်။ သာဓကအားဖြင့် ၂၀၀၁ ခုနှစ်၊ မတ်လတွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်ရှိ မွတ်ဆလင် ဘုရားရှိခိုး

ကျောင်း (၄)ခုကို သံဃာအတုများ၊ ခလရ (၃၄)မှ စစ်သားများအပါအဝင် ပြည်ခိုင်ဖြိုး အဖွဲ့ဝင် ၅၀၀ နီးပါးခန့်က မွတ်ဆလင်ဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်၍ ဖျက်ဆီးခဲ့သည်။[၁၉၄] ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ရှိ အစ္စလာမ် ဘာသာဝင်များ နေထိုင်သော ကျေးရွာတစ်ခုအား မီးရှို့ဖျက်ဆီးသည်။ ထို့ပြင် အစ္စလာမ်ဘာသာဝင် ကျောင်းသား (၃၂)ယောက်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အိမ်ခြေ (၄၂)လုံး၊ ဗလီတစ်ခုနှင့် အခြား ဘာသာရေးအဆောက်အအုံတစ်ခုလည်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။[၁၉၅] ထို့ပြင် ၂၀၀၅ ခုနှစ်၊ ဇွန်လတွင် ပြည်ခိုင်ဖြိုးခေါင်းဆောင်များ၏ ညွှန်ကြားချက်ဖြင့် မန္တလေးတိုင်းအတွင်းရှိ ဟိန္ဒူဘုရားရှိခိုးကျောင်း တစ်ခုကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဤဘုရားကျောင်းသည် ဒေသခံရွာသူ၊ ရွာသားများက ၎င်းတို့ ကိုယ်ပိုင် ငွေကြေးဖြင့် တည်ဆောက်ထားသော ဘာသာရေးအဆောက်အဦးတစ်ခု ဖြစ်သည်။[၁၉၆]

## ရွှေဝါရောင်တော်လှန်ရေး

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံရေးတည်ငြိမ်မှုနှင့် ကောင်းမွန်သော စီးပွားရေးစီမံခန့်ခွဲမှုပေါ်တွင် များစွာမူတည်နေသည်။ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည့် စစ်တပ်ကအာဏာသိမ်းခဲ့ချိန်မှစ၍ မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေသည် တဖြည်းဖြည်းပြိုလဲလာကာ ပြည်သူများအနေဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် အခြေခံလိုအပ်ချက် ပြည့်မီရန်ပင် ခက်ခဲလာခဲ့သည်။ မြန်မာနိုင်ငံတွင် သဘာဝသယံဇာတ ကြွယ်ဝသော်ငြားလည်း ဆင်းရဲမွဲတေမှုများ ဖိစီးနေခဲ့သည်။ တချိန်က ကောင်းမွန်တိုးတက်နေသော မြန်မာနိုင်ငံ၏စီးပွားရေးသည် စစ်အာဏာရှင် လက်တဆုပ်စာတို့၏ မှားယွင်းသောစီမံခန့်ခွဲမှုများကြောင့် လည်းကောင်း၊ အတောမသတ် များပြားလှသော လာဘ်ပေးလာဘ်ယူမှုများကြောင့် လည်းကောင်း၊ ဆွေမျိုးကောင်းစားရေးစိတ်ဓါတ်များကြောင့် လည်းကောင်း၊ များပြားလှသော စစ်အသုံးစားရိတ်များကြောင့် လည်းကောင်း ဆယ်စုနှစ်များအတွင်း ယိုယွင်းပျက်စီးလာခဲ့သည်။ ပြည်သူလူထုများအနေဖြင့် အဓမ္မလုပ်အားပေး စေခိုင်းမှုများ၊ စည်းစနစ်မရှိသော အခွန်များကောက်ခံမှု၊ ငွေညှစ်မှုများ၊ အဓမ္မပြောင်းရွှေ့မှုများနှင့် မြေယာသိမ်းဆည်းမှုများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ၎င်းတို့၏နေ့စဉ်ဘဝများမှာ လွန်စွာမှပင် ခက်ခဲကြပ်တည်းလာခဲ့သည်။[၁၉၇] စီးပွားရေးကြပ်တည်းမှုများအပါအဝင် အထွေထွေ မွန်းကြပ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ပြည်တွင်းမငြိမ်မသက်မှုများကိုလည်း စစ်အာဏာပိုင်များက အပြုသဘောအားဖြင့် နည်းမှန်လမ်းမှန်ဖြေရှင်းပေးရန် မကြိုးစားခဲ့ပေ။ ဆိုးရွားသည်မှာ ပြည်တွင်းမငြိမ်မသက်မှုများ ပေါ်ပေါက်လာတိုင်း မြန်မာ့အတိုက်အခံအင်အားစုများနှင့် ပြည်ပနိုင်ငံများကိုသာ လက်ညိုးထိုး အပြစ်ပုံချလေ့ရှိပြီး ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုနေသည့် ရဟန်းရှင်လူပြည်သူများကို ရက်ရက်စက်စက် အကြမ်းဖက်ဖြိုခွင်းခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စစ်အစိုးရ၏ လောင်စာဆီဈေးနှုန်းများ အဆမတန်တိုးမြှင့်မှုများကြောင့် လောင်စာဆီဈေးနှုန်းကျဆင်းရေး ငြိမ်းချမ်းစွာဆန္ဒပြပွဲများ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြစ်ပွားခဲ့သည်။ ထိုလူထုဆန္ဒပြပွဲကြီးသည် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်

များ အပါအဝင် ပြည်သူလူထုအင်အား ဒါဇင်နှင့်ချီ၍ ငြိမ်ချမ်းစွာဆန္ဒပြခဲ့ရာမှ တဖြည်းဖြည်း ကြီးထွားလာခဲ့ခြင်းဖြစ်သည်။ စစ်အာဏာပိုင်များသည် ဆန္ဒပြပွဲငယ်များ အင်အားကြီးထွားမလာအောင် စွမ်းအားရှင်နှင့် ရဲ လက်နက်ကိုင်များကိုအသုံးပြု၍ လှုပ်ရှားမှုများအားလုံးကို အင်အားသုံး ဖြိုခွင်းစေခဲ့သည်။ ဤလူထုဆန္ဒဖော်ထုတ်ပွဲများတွင် ရဟန်းသံဃာတော်များသည် ရှေ့ဆုံးမှ ဦးဆောင်ပါဝင်ခဲ့ကြသည်။ ရဟန်းသံဃာတော်များသည် ရှေးကာလများကပင် နိုင်ငံတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး ကိစ္စရပ်များတွင် ပြည်သူလူထုနှင့်အတူ ပါဝင်ပတ်သက်ခဲ့သည့်သာဓကများ ရှိခဲ့သည်။ မြန်မာနိုင်ငံ၏ ကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှုသမိုင်းများတွင် သံဃာတော်များက တစိတ်တပိုင်းအားဖြင့် ဦးဆောင်စတင်ခဲ့ကြသည်။ ထို့ပြင် နအဖအာဏာပိုင်များက ဆန္ဒဖော်ထုတ်ခဲ့ကြသည့် သံဃာတော်အပါး(၃၀၀)ခန့်ကို အတင်းအကြပ် သင်္ဃန်းများချွတ်လဲ၍ ဖမ်းဆီးထောင်ချခဲ့သည့် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးတွင်လည်း သံဃာတော်များ၏ ပါဝင်ပက်သက်မှုများကို အထင်အရှား တွေ့မြင်ခဲ့ရသည်။[၁၉၈]

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပခုက္ကူမြို့မှ မေတ္တာပို့ ဆုတောင်း၍ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့သော ရဟန်းသံဃာတော်များကို စစ်အာဏာပိုင်များ၏ လက်ကိုင်တုတ်များဖြစ်သည့် စစ်တပ်၊ ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်အဖွဲ့များက ကြိုးကွင်းဖြင့် ဖမ်းဆီးခြင်း၊ ဓါတ်တိုင်တွင် ကြိုးဖြင့်တုတ်၍ ပါးရိုက်ခြင်း၊ ခြေထောက်ဖြင့်ကန်ခြင်း စသည့်လုပ်ရပ်များအပြင် သံဃာတော်တစ်ပါး ပျံလွန်တော်မူသည်အထိ ပြင်းထန်စွာ အကြမ်းဖက် ရိုက်နှက်ခဲ့သည်။[၁၉၉] ဤကဲ့သို့ သံဃာတော်များအပေါ် ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်များသည် မြန်မာနိုင်ငံတဝှမ်းရှိ ရဟန်းသံဃာတော်များအပါအဝင် ဗုဒ္ဓဘာသာကို ယုံကြည်လေးစား အားကိုးအားထားပြုနေသော မြန်မာပြည်သူလူထုအား ဒေါသမီးများ တောက်လောင်စေခဲ့သည်။ ထို့ပြင် ဆန္ဒပြတောင်းဆိုမှုများသည်လည်း သာမန် လောင်စာဆီဈေးနှုန်း ကျဆင်းရေး တောင်းဆိုမှုမှသည် အကြီးမားဆုံးသော နိုင်ငံရေးနှင့်ဆိုင်သော တောင်းဆိုမှုများဆီသို့ အသွင်ပြောင်းသွားခဲ့သည်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် အသစ်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုမှ စစ်အာဏာပိုင်များထံ အချက်(၄)ချက်ပါသော တောင်းဆိုချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ ထိုတောင်းဆိုချက်ထဲတွင် (၁) နအဖစစ်အစိုးရမှ သံဃာတော်များကို ပြေငြိမ်းခွင့်လွှတ်သည်အထိ ဝန်ချတောင်းပန်ပေးရန်၊ (၂) လက်ရှိမြင့်တက်နေသော ကုန်ဈေးနှုန်း၊ ဆန်၊ ဆီ ဈေးနှုန်းများ ချက်ချင်းလျှော့ချပေးရန်၊ (၃) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးနှင့် ဆန္ဒပြပွဲများတွင် ဖမ်းဆီးခံထားရသူများကို ချက်ချင်းပြန်လွှတ်ပေးရန်၊ (၄) လူထု၏ အခက်အခဲအကြပ်အတည်းများကို ဖြေရှင်းရန်အတွက် နအဖစစ်အစိုးရမှ ဒီမိုကရေစီအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး ချက်ခြင်းပြုလုပ်ပေးရန်တို့ ဖြစ်သည်။ ဤအချက် (၄) ချက်ပါ တောင်းဆိုချက်များကို စစ်အာဏာပိုင်များအနေဖြင့် စက်တင်ဘာလ ၁၇ ရက်နေ့ (စစ်တပ်မှ အာဏာသိမ်းယူခဲ့သည့် စက်တင်ဘာလ ၁၈ ရက်နေ့မတိုင်မီ) နောက်ဆုံးထား၍ ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ပြီး သတ်မှတ်ရက်အတွင်း လိုက်လျောဆောင်ရွက်မှုမပြုပါက မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးမှ ဦးဆောင်၍ နအဖစစ်အာဏာပိုင်များအား ပတ္တနိက္ကုဇနကံဆောင် သပိတ်

မှောက်သွားမည်ဟု အသိပေးကျေညာခဲ့သည်။[၂၀၀]

သို့သော်လည်း မြန်မာစစ်အာဏာပိုင်များအနေဖြင့် သံဃာတော်များ၏ တောင်းဆိုချက်များကို တစုံတရာတုန့်ပြန်မှု မပြုခဲ့သည့်အပြင် ဆန္ဒပြပွဲများ ထပ်မံပေါ်ပေါက်လာပါက ဖြိုခွဲနှိမ်နင်းရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များကို တပ်လှန့်ခဲ့သည်။ သံဃာတော်များ၏ တောင်းဆိုချက် (၄) ရပ် ထုတ်ပြန်သည့်နေ့၌ပင် နအဖပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လူထုဆန္ဒပြပွဲ ဖြိုခွဲရေးလမ်းညွှန်မှုဝါဒကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တယက)၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ပယက)နှင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မယက) အတွင်းရေးမှူးများကို အသိပေးညွှန်ကြားခဲ့သည်။ ထိုဖြိုခွဲရေးလမ်းညွှန်မှုဝါဒတွင် သံဃာထုကို သံဃာထုဖြင့်၊ အလုပ်သမားများကို အလုပ်ရှင်များဖြင့်၊ ကျောင်းသားများကို ဆရာ၊မိဘများဖြင့် ထိန်းသိမ်းရန်ပါရှိပြီး အကယ်၍ ထိန်းသိမ်း၍မရပဲ အခြေအနေ ပိုဆိုးလာပါက စွမ်းအားရှင်များကို ထိရောက်စွာအသုံးချနိုင်ရေး စီစဥ်ဆောင်ရွက်ထားရန် ညွှန်ကြားခဲ့သည်။[၂၀၁]

တချိန်တည်း၌ပင် ပြည်ခိုင်ဖြိုးနာယက စစ်အာဏာပိုင်များသည် ဆန္ဒပြပွဲများဖြစ်ပေါ်လာပါက စီစဥ်ထားသည့်အတိုင်း ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များနှင့် စွမ်းအားရှင်များကို အသုံးချရန် အဓိကရုဏ်းနှိမ်နင်းရေးသင်တန်းများကို နိုင်ငံနှင့်အဝှမ်း စနစ်တကျ ဆက်တိုက်ပို့ချခဲ့သည်။ သင်တန်းတွင် အဓိကရုဏ်း ဖြစ်ပွားနေချိန်အတွင်း လူစုခွဲနည်း၊ ကားပေါ်ဆွဲတင်နည်း၊ လူရိုက်နည်း၊ ချုပ်ကိုင်နည်း စသဖြင့် ပြည်ခိုင်ဖြိုးဗဟိုက ဦးစီး၍ သင်ကြားပို့ချပေးခဲ့သည်။[၂၀၂] လူထုဆန္ဒပြပွဲများကို အကြမ်းဖက် နှိပ်ကွပ်ရန် ကျဘမ်းအလုပ်သမားများ၊ အလုပ်လက်မဲ့များကိုလည်း တစ်နေ့လျှင် ကျပ်ငွေ ၂၀၀၀ မှ ၂၅၀၀ အထိ ပေးကမ်းခဲ့သည့်အပြင် အခြားစားနပ်ရိက္ခာများကိုပါ ထောက်ပံ့၍ အသုံးချခဲ့သည်။[၂၀၃] အာဏာပိုင်များအနေဖြင့် လူထုဆန္ဒဖော်ထုတ်ပွဲများကို ၎င်းတို့ကိုယ်တိုင် တိုက်ရိုက် အကြမ်းဖက်ဖြိုခွင်းမှုများ ရှိခဲ့သလို ဆန္ဒပြသူများကို တိုက်ရိုက်ဖမ်းဆီးနှိပ်ကွပ်ခြင်းမဟုတ်ပဲ လက်ကိုင်တုတ်များဖြစ်သည့် ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များကိုအသုံးပြု၍ ပြည်သူအချင်းချင်း ရန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားသည့်ပုံစံဖန်တီးပြီးမှ ဝင်ရောက်ဖမ်းဆီးမှုများလည်း ရှိခဲ့သည်။

စက်တင်ဘာလအတွင်း ရဟန်းသံဃာတော်များဦးဆောင်သည့် ဆန္ဒပြလှုပ်ရှားမှုများသည် တစ်ပြည်လုံးသို့ပြန့်နှံ့လာခဲ့ရာ စက်တင်ဘာ (၁၇)ရက်မှ (၃၀)ရက်အထိ တိုင်းနှင့်ပြည်နယ် (၁၇)ခုတွင် ဆန္ဒပြပွဲပေါင်း (၃၄၉)ကြိမ် ဖြစ်ပွားခဲ့သည်။[၂၀၄] ဤဆန္ဒပြပွဲများကို စစ်တပ်၊ လုံထိန်းရဲ၊ စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များက လူသားမဆန်စွာ အကြမ်းဖက်တိုက်ခိုက်ခဲ့သည်။ စုစုပေါင်း လူဦးရေ ၃၀၀၀ မှ ၄၀၀၀ အကြား ဖမ်းဆီးစစ်ဆေးခြင်းခံခဲ့ရသည်။ ဖမ်းဆီးမှုအများစုကို ဥပဒေအထောက်အကူပြုအဖွဲ့အစည်းများမဟုတ်သည့် စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်အဖွဲ့များက အဓိကဆောင်ရွက်ခဲ့သည်။ ရဟန်းတော်များအပါအဝင် ပြည်သူလူထု (၃၁) ဦး သေဆုံးခဲ့ပြီး၊ (၇၄)ဦး ပျောက်ဆုံးခဲ့သည်။[၂၀၅] သို့သော်လည်း မြန်မာစစ်အစိုးရကမူ စက်တင်ဘာ အရေးအခင်းကာလအတွင်း သေဆုံးသူအရေအတွက် (၁၀)ဦးနှင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် အရေ

အတွက် (၁၉၂၇)ဦးသာ ထုတ်ဖော်ပြောဆိုခဲ့သည်။[၂၀၆]

သြဂုတ်၊ စက်တင်ဘာ အရေးအခင်းကာလအတွင်းနှင့် နောက်ပိုင်းကာလများတွင် စစ်အစိုးရက အားပေးအားမြှောက်လုပ်နေသော ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များ၏ လုပ်ရပ်များကို လေ့လာကြည့်လျှင် စက်ဆုပ်ဖွယ်ရာ တွေ့မြင်ရသည်။ စက်တင်ဘာလ ၂၆ ရက်နေ့ ညသန်းခေါင်ယံအချိန်တွင် စစ်တပ်၊ ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်အဖွဲ့များသည် တောင်ဥက္ကလာပမြို့နယ်ရှိ ငွေကြာယံ ဘုန်းတော်ကြီးကျောင်းကို ဝင်ရောက်စီးနင်းပြီး ကျောင်းတိုက်ကိုဖျက်ဆီးခဲ့သည့်အပြင် သံဃာတော်များကိုပါ ရိုက်နှက်ဖမ်းဆီးသွားခဲ့သည်။[၂၀၇] ငွေကြာယံ ကျောင်းတိုက် အကြမ်းဖက်မှုတွင် အဓိကပါဝင်ခဲ့သည့် စွမ်းအားရှင်ခေါင်းဆောင်အချို့မှာ အမည်နာမအားဖြင့် တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၂) ရပ်ကွက်ရှိ ဦးလှထွန်း[၂၀၈] နှင့် မရန်းကုန်းမြို့နယ်တွင် နေထိုင်သူ ဘိုးစူး(ခ)ကြည့်မြင်တိုင်(ခ)သိန်းဇော်တို့ ဖြစ်သည်။ ဘိုးစူးသည် ငွေကြာယံကျောင်းတိုက် ဝင်ရောက်စီးနင်းမှုတွင် ထိပ်ဆုံးက ပါဝင်ခဲ့သည်။ ဘုန်းကြီးများကို ရက်စက်စွာ အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီး ဘုန်းကြီးကျောင်းရှိ သေတ္တာများထဲမှ ဘုန်းကြီးကျောင်းပညာရေးကိစ္စများအတွက် ရည်စူးလှူဒါန်းထားသည့် ကျပ်ငွေ သိန်း(၂၀)ခန့်ကိုပါ ယူဆောင်သွားခဲ့သည်။[၂၀၉]

ထို့ပြင် နိုဝင်ဘာလအတွင်း ရန်ကုန်တိုင်း၊ ဒဂုန်မြို့သစ်အရှေ့ပိုင်း အောင်ဓမ္မပါလ ဘုန်းတော်ကြီးကျောင်းကို အင်အား ၁၀၀ ကျော်ခန့်ရှိ ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်အဖွဲ့များ ဝင်ရောက်စီးနင်းပြီး ဘုန်းတော်ကြီးတစ်ပါးကို အတင်းအဓမ္မ ရိုက်နှက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ထိုမျှမက ဘုန်းကြီးကျောင်းရှိ သေတ္တာသော့ကို ဖျက်ဆီးပြီး ကထိန်ပွဲအတွက် ရည်စူးလက်ခံထားသည့် အလှူငွေကျပ်(၇) သိန်းကျော်ကိုပါ ယူဆောင်သွားခဲ့သည်။[၂၁၀] သဃ်န်းကျွန်းမြို့နယ်ရှိ အိတ်ချ်အိုင်ဗွီ အေ့ဒ်စ် ဝေဒနာရှင်များကို ကူညီဆောင်ရွက်ပေးနေသည့် မဂ္ဂင်ကျောင်းတိုက်ကိုလည်း ရဲချုပ် ခင်ရီ က တရားဥပဒေစိုးမိုးရေးကို ထိခိုက်သည့်အတွက်ကြောင့်ဟု စွပ်စွဲကာ ကျောင်းထိုင်ဆရာတော်ကို ဖမ်းဆီးပြီး ကျောင်းကို အတင်းအဓမ္မ ချိတ်ပိတ်ခဲ့သည်။ ထို့ပြင် သံဃာတော်များနှင့် အိတ်ချ်အိုင်ဗွီ အေ့ဒ်စ် ဝေဒနာရှင်များကိုလည်း ကျောင်းမှမောင်းထုတ်ခဲ့သည်။[၂၁၁]

လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များသည် ဆန္ဒပြပွဲအတွင်းပါဝင်ခဲ့သည့် အမျိုးသမီးများအပါအဝင် ပြည်သူလူထုကိုလည်း ရိုက်နှက်ဖမ်းဆီးခြင်း၊ ရိုင်းစိုင်းစွာ ပြုမူဆက်ဆံခြင်းများ ပြုလုပ်ခဲ့သည်။[၂၁၂] ထို့ပြင် ဆန္ဒပြပြည်သူများထံမှ အဖိုးတန်ပစ္စည်းများကိုလည်း မတရားလုယက်၊ သိမ်းယူခဲ့ကြသည်။ သာဓကအားဖြင့် စက်တင်ဘာ ၂၆၊ ၂၇ ရက်များတွင် ဆူးလေဘုရားအနီးတွင် ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်အဖွဲ့များက မြို့တော်ခန်းမထဲသို့ ရိုက်နှက်ဖမ်းဆီး ခေါ်ဆောင်ကာ ရွှေဆွဲကြိုး (၅)ကုံးနှင့် အခြားအဖိုးတန်ပစ္စည်းများကို မတရား သိမ်းယူခဲ့သည်။ ထိုလုပ်ရပ်များသည် ဥပဒေမဲ့လုပ်ရပ်များဖြစ်ပြီး လူ့အခွင့်အရေးကို ပေါ်ပေါ်ထင်ထင် ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကလည်း ထိုလုပ်ရပ်အပေါ် ကျေညာချက်ထုတ်ပြန်၍ ပြင်းထန်စွာ ကန့်ကွက်ခဲ့သည်။[၂၁၃]

စစ်အာဏာပိုင်များသည် သြဂုတ်နှင့် စက်တင်ဘာအကြမ်းဖက်တိုက်ခိုက်မှုများတွင် ကိုယ်

ထိလက်ရောက် ပါဝင်ပတ်သက်ခဲ့သည့် ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များကို တစုံတရာ အပြစ်ပေး အရေးယူခြင်းများ မပြုလုပ်သည့်အပြင် ဆုလာဘ်များပေး၍ သူကောင်းပြုခဲ့သည်။ ဆန္ဒပြသူများကို အကြမ်းဖက်ဖြိုခွင်းရာ၌ ခိုင်းစေသမျှ လုပ်ဆောင်ပေးခဲ့ကြသော ပြည်ခိုင်ဖြိုးခေါင်းဆောင်များကို စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်းက စက်မှု(၁)ဝန်ကြီးဌာနမှ ထုတ်လုပ်သော မော်တော်ဆိုင်ကယ်များနှင့် စက်ပစ္စည်းများ ချပေးပြီး ကုမ္ပဏီများဖွင့်ပေးသည်အထိ အခွင့်အရေးများပေး၍ သူကောင်းပြုခဲ့သည်။[၂၄] ရန်ကုန်ဆန္ဒပြပွဲများအတွင်း ပါဝင်ပတ်သက်ခဲ့သည့် စွမ်းအားရှင်များထဲမှ အခြေအနေမဲ့ စွမ်းအားရှင် (၅၀၀)ဦးကို အာဏာပိုင်များက ရန်ကုန်မြို့စည်ပင်သာယာရေးကော်မတီတွင် နေ့စား ဝန်ထမ်းများအဖြစ် အလုပ်ခန့်ခဲ့သည်။[၂၅] ထို့ပြင် အရေးအခင်းကာလအတွင်း အင်းစိန် ဂျီတီအိုင် ဝင်းအတွင်း ဖမ်းဆီးထားသည့်သံဃာတော်များကို ညှင်းပန်းနှိပ်စက်ခဲ့ရာတွင် ပါဝင်ခဲ့သည့် အစိုးရ လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များကိုလည်း မြို့နယ်ပြည်ခိုင်ဖြိုးအသင်းက သူရဲကောင်း တံဆိပ်များ ပေးအပ်ခဲ့သည်။[၂၆] ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် လွတ်လပ်ရေးနေ့ နအဖစစ်အစိုးရက ထုတ်ပြန်ခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းခံရသူများတွင် လည်း စွမ်းအားရှင်များအပါအဝင် စက်တင်ဘာသံဃာ့အရေးအခင်းကြီးအား ဖိနှိပ်ဖြိုခွဲသူ အများ အပြားပါဝင်ခဲ့သည်။ လူမှုထူးချွန်တံဆိပ် ပထမအဆင့် (၁၀၂)ဦး ရွေးချယ်ပေးအပ်ခဲ့ရာတွင် သံဃာ အရေးအခင်းနှင့် ဆက်စပ်သူ (၇၀)ဦးခန့်ပါဝင်ပြီး ၎င်းတို့အနက် စွမ်းအားရှင် (၃၀)ခန့် ပါဝင်သည်။[၂၇]

## *လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ လှုပ်ရှားမှုများတွင် ဟန့်တားနှောက်ယှက်မှုများ*

စစ်အာဏာရှင်များလက်ထက် မြန်မာနိုင်ငံတွင် ဝတ်ပြုဆုတောင်းပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် တမျိုးသားလုံးအတွက် အသက်ပေးလှူသွားခဲ့သော နိုင်ငံ့ခေါင်းဆောင်များ၏ အောက်မေ့ဖွယ်ရာ အခမ်းအနားများအပါအဝင် နေ့ထူးနေ့မြတ် အခမ်းအနားများကို လွတ်လပ်စွာကျင်းပခွင့် မရရှိကြပေ။ ခွင့်ပြုချက်မရရှိဘဲ ကျင်းပပါက သက်ဆိုင်ရာအာဏာပိုင်များက ၎င်းတို့၏လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များကို အသုံးပြု၍ တားဆီးနှောက်ယှက်မှုများ ပြုလုပ်ခဲ့သည်။

ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ် NLD မှ ကျင်းပမည့် ၅၉ နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဒေသခံအာဏာပိုင်များ၊ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များနှင့် စွမ်းအားရှင်များက အင်အား သုံး၍ တားဆီးပိတ်ပင်ခဲ့သည်။ ထိုမျှမက အခမ်းအနားကျင်းပမည့်နေရာတွင် ချိတ်ဆွဲထားသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကိုပါ ဖြုတ်ချရန် အမိန့်ပေးခဲ့သည်။ NLD အဖွဲ့ဝင်များက ဖြုတ်ချရန် ငြင်းဆန်ခဲ့သည့်အခါ လက်နက်များကိုင်ဆောင်ထားသော ပြည်ခိုင်ဖြိုးနှင့် စွမ်းအားရှင်များက အင် အားသုံး၍ ကိုယ်တိုင်လာရောက် ဖြုတ်ချသွားခဲ့သည်။ အခမ်းအနားသို့ ထောက်ခံအားပေးသူများနှင့် NLD အဖွဲ့ဝင်များ မတက်ရောက်နိုင်အောင် ကုန်းလမ်း၊ ရေလမ်းများကိုလည်း အာဏာပိုင်များက ပိတ်ပင်ခဲ့သည်။ လွတ်လပ်ရေးနေ့အခမ်းအနား ဦးဆောင်ကျင်းပသူ NLD အဖွဲ့ဝင် ဦးအောင်ခင်ဘိုနှင့် အချို့ကိုလည်း ဖမ်းဆီးစစ်ဆေးခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနေ့ အခမ်းအနား

များကို အာဏာပိုင်အဖွဲ့မှလွဲ၍ မည်သည့်နိုင်ငံရေးပါတီများကိုမှ ပြုလုပ်ခွင့်မပေးခဲ့ပေ။[၂၁၈]

ဇွန်လ ၁၉ သည် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ဖြစ်ပြီး နှစ်စဉ် ပြည်တွင်းပြည်ပနေရာအတော်များများတွင် မွေးနေ့အခမ်းအနားများ ကျင်းပပြုလုပ်ကြသည်။ ပြည်ပနေရာများတွင် အခမ်းအနားများကို လွတ်လပ်စွာ ကျင်းပခွင့်ရရှိသော်လည်း ပြည်တွင်း၌ ထိုကဲ့သို့ ကျင်းပခွင့်မရပဲ စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ၏ ဟန့်တားနှောက်ယှက်မှုများကို ရင်ဆိုင်နေရဆဲ ဖြစ်သည်။ ဥပမာအားဖြင့် မကွေးတိုင်း၊ အောင်လံမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ကျင်းပခဲ့သောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များကို ပြည်ခိုင်ဖြိုးအဖွဲ့များက လောက်လေးဂွများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့ပြင် အဖွဲ့ချုပ်အဖွဲ့ဝင်များ၏ မော်တော်ဆိုင်ကယ်ဘီးများကိုလည်း ဖောက်ပစ်ခဲ့သည်။ အလားတူစွာ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့တွင် အင်န်အယ်လ်ဒီအဖွဲ့ဝင်များ အခမ်းအနားကျင်းပနေသည့်အိမ်ကို စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအဖွဲ့များက လောက်လေးဂွများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အခမ်းအနား ပြီးစီးသည့်အခါတွင်လည်း NLD အဖွဲ့ဝင်များသွားရာ လမ်းတလျှောက်တွင် သံမှိုများပစ်ချ၍ ဆိုင်ကယ်ဘီးများ ပေါက်ပြဲအောင်ပြုလုပ်၍ နှောက်ယှက်ခဲ့သည်။ ရန်ကုန်တိုင်း မြို့နယ်အချို့အပါအဝင် အခြားမြို့နယ်အတော်များများတွင် အလားတူ ရမ်းကားနှောက်ယှက်မှုများ ပြုလုပ်ခဲ့ကြသည်။[၂၁၉]

ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် ဘာသာရေးအခန်းအနားများ၊ ဝတ်ပြုဆုတောင်းပွဲများတွင်လူများကိုငှားရမ်း၍ အစီအစဉ်တကျ ဆက်တိုက်နှောက်ယှက်မှုများ ပြုလုပ်ခဲ့သည်။ ရန်ကုန်တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များသည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် နေ့မှစ၍ အပါတ်စဉ် အင်္ဂါနေ့ ဝတ်ပြုဆုတောင်းပွဲများကို ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည်။ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် ဝတ်ပြုဆုတောင်းသူများကို ဘုရားပေါ်သို့ တက်ခွင့်မရအောင် တားဆီးပိတ်ပင်ခြင်း၊ အမျဝေသောအခါ အော်ဟစ်နှောက်ယှက်ခြင်းများ၊ တန်ပြန်ဆုတောင်းခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် ဝတ်ပြုဆုတောင်းသူများကို ကိုယ်ထိလက်ရောက် ကျူးလွန်သည်အထိ အနှောက်အယှက်ပေးခဲ့သည်။

ဘုရားပေါ်တွင် ဝတ်ပြုဆုတောင်းသူများကို နှောက်ယှက်ရာတွင် စစ်အစိုးရလက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအဖွဲ့သည် အထူးသဖြင့် တရားမဝင်အနှိပ်ခန်းများမှ အနှိပ်သမများ၊ ရပ်ကွက်အတွင်း လိုင်စင်မဲ့ အရက်ရောင်းသူများ၊ ချဲထီရောင်းသူများ စသဖြင့် တရားမဝင်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူများကို အလှည့်ကျ ခေါ်ယူအသုံးပြုခဲ့သည်။ ဘုရားပေါ်သို့တက်လာသူအချို့ကို လိုအပ်လျှင် တားဆီးရမည်ဖြစ်ပြီး ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကိုယ့်ကိုယ်ကို ပြည်သူဟုပြောဆိုရမည်ဖြစ်ကြောင်း၊ သတင်းပေါက်ကြားပါက ပြင်းပြင်းထန်ထန် အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ ၎င်းတို့အား ကြီးကြပ်သည့် ပြည်ခိုင်ဖြိုးတာဝန်ခံများက မှာကြားခဲ့သည်။[၂၂၀]

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွှေတိဂုံဘုရားပေါ်တွင် အပါတ်စဉ်အင်္ဂါနေ့ ဝတ်ပြုဆုတောင်းသူများကို ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များနှင့် ဘုရားတာဝန်ကျ ရဲများက အကြမ်းဖက်ရိုက်နှက်မှုများ၊ ဘုရားခြေတော်ရင်းတွင် အော်ဟစ်နှောက်ယှက်မှုများ ပြုလုပ်ခဲ့သည်။ ဝတ်ပြုဆုတောင်းသူ အဖွဲ့ဝင်

လူငယ်တဦးကိုလည်း အကြမ်းဖက် ရိုက်နှက်ခဲ့သည်။[၂၂၁] မေလပိုင်းတွင်လည်း ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားသို့ အင်န်အယ်လ်ဒီအဖွဲ့ဝင်များ သွားရောက်ဝတ်ပြု ဆုတောင်းနေစဉ် စစ်အစိုးရ လက်ကိုင်တုတ်များက တန်ပြန်ဆုတောင်းမှုများပြုလုပ်ကာ အနှောက်အယှက်ပေးခဲ့သည်။ ယင်းလက်ကိုင်တုတ်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ခင်ပွန်း မိုက်ကယ်အဲရစ်တို့၏ နှစ်ယောက်တွဲပုံပါ တီရှပ်များဝတ်ဆင်ပြီး အင်န်အယ်လ်ဒီအဖွဲ့ဝင် ဝတ်ပြုဆုတောင်းနေသူများဘေး၌ ထိုင်၍ "ပြည်ပအားကိုးပုဆိန်ရိုး အလိုမရှိ၊ မြန်မာပြည်ကို မြန်မာတိုင်းရင်းသားတွေသာ အုပ်ချုပ်ရပါလို၏၊ မြန်မာပြည်မှာ အဆိုးမြင်ဝါဒီတွေ ကင်းရှင်းရပါလို၏" စသဖြင့် အသံကျယ်လောင်စွာ အော်ဟစ်၍ တန်ပြန် အနှောက်အယှက်ပေးခဲ့သည်။ ထိုမျှသာမက ဝတ်ပြုဆုတောင်းအပြီး ဘုရားပေါ်မှပြန်ဆင်းချိန်တွင်လည်း ဘုရားစောင်းတန်းတွင် ထိုလူအုပ်စုများက အင်န်အယ်လ်ဒီအဖွဲ့ဝင်များကို အဓမ္မဆွဲခေါ်သဖြင့် ရှုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်အထိ အခြေအနေဆိုးရွားခဲ့သည်။[၂၂၂] အလားတူစွာ မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ် အင်န်အယ်လ်ဒီ စည်းရုံးရေးကော်မတီအဖွဲ့ဝင်များ နောင်ခမ်းကြီးကျေးရွာရှိ နောင်ခမ်းကြီးဘုရားပေါ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် ဆုတောင်းနေချိန်တွင်လည်း ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များနှင့် စွမ်းအားရှင်များက တံမြက်စည်းများဖြင့် နံရံများနှင့် ကြမ်းခင်းများကို ရိုက်နှက်၍ ယုတ်မာကြမ်းတမ်းစွာ နှောက်ယှက်ခဲ့သည်။[၂၂၃]

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ၌ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း ဦးနု ကွယ်လွန်သည့် (၁)နှစ်ပြည့်မြောက် အထိမ်းအမှတ် အခမ်းအနားတစ်ခုကို ကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားသို့ တက်ရောက်လာသောလူထုအတွင်းသို့ အနီရောင်လက်မောင်းပတ်များ ဝတ်ဆင်ထားသော ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များကို စိမ့်ဝင် ထိုးဖေါက်စေပြီး ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားသည့်အခါ ခရမ်းချဉ်သီးများဖြင့် ပစ်ပေါက်ရန် အာဏာပိုင်များက ညွှန်ကြားခဲ့သည်။ ၁၉၉၆ ခုနှစ် ဧပြီလ မြန်မာ့နှစ်သစ်ကူးနေ့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ သွားရာလမ်းများအား တားဆီးပိတ်ဆို့ထားခဲ့ပြီး၊ လမ်းပေါ်ရှိ အတားအဆီးများကို ကျော်ဖြတ်လာသည့် NLD ပါတီဝင်များအား ရိုက်နှက်မည်ဟု ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက ခြိမ်းခြောက်ခဲ့ကြသည်။ ထိုနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် ပဲခူးမြို့ရှိ နာမည်ကြီး ဘုရားတစ်ဆူအား သွားရောက်ဖူးမျှော်မည်ဟု သတင်းများထွက်ပေါ်ခဲ့ရာ၊ အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်ကို လမ်းမှစောင့်ကြိုတိုက်ခိုက်ရန် ပြည်ခိုင်ဖြိုးအသင်းဝင်များကို တာဝန်ပေးစေလွှတ်ခဲ့သည်။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် ထိုဘုရားသို့သွားရောက်ခဲ့ခြင်း မရှိသဖြင့် အစီအစဉ် ပျက်ခဲ့ရသည်။[၂၂၄]

## *ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ချုပ်၏ စည်းရုံးရေးခရီးစဉ်အတွင်း ဟန့်တားနှောက်ယှက်မှုများ*

နအဖစစ်အာဏာပိုင်များသည် ၎င်းတို့၏လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအဖွဲ့များကို အသုံးပြု၍ NLD ပါတီနှင့် ပါတီအထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား အနှောင့်အယှက်ပေး

ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခြင်းများကို ပြုလုပ်ရန် အဆက်မပြတ် ကြိုးပမ်းနေခဲ့သည်။ ၁၉၈၈ ခုနှစ်မှ အစပြု၍ ဒေါ်အောင်ဆန်းစုကြည်အား ပါတီမှနုတ်ထွက်ပေးရန်နှင့် NLD ပါတီအား ဖျက်သိမ်းပေးရန် စစ်အစိုးရမှ တိုက်ရိုက် ဖိအားပေး တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း စစ်အစိုးရသည် ထိုအတိုက်အခံအင်အားစုများကို တိုက်ခိုက်နှိမ်နင်းရာတွင် ၎င်းတို့ ဦးဆောင်ဦးရွက်ပြုနေသော ပြည်ခိုင်ဖြိုးအသင်းကို လက်ကိုင်တုတ်အဖြစ် အသုံးပြုခဲ့သည်။ ဤသို့ဖြင့် NLD ပါတီအား တိုက်ရိုက်တိုက်ခိုက်နေသူအဖြစ်မှ ဖြေးညှင်းစွာ ပျောက်ကွယ်သွားအောင် ကြိုးပမ်းခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ စစ်အစိုးရသည် ဖြစ်ပေါ်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုများအတွက် အဓိကကြိုးကိုင်စီစဉ်ညွှန်ကြားနေသူ ဖြစ်သည့်အတွက်ကြောင့် ပြည်ခိုင်ဖြိုးအသင်းမှ ဒေါ်အောင်ဆန်းစုကြည်၊ NLD ပါတီ၊ အခြားသောအတိုက်အခံအဖွဲ့အစည်းများနှင့် ဒီမိုကရေစီရေး ထောက်ခံအားပေးသူများအပေါ် ကျူးလွန်သော ပြစ်မှုအားလုံးသည် နအဖစစ်အစိုးရ၏ ကျူးလွန်မှုများသာဖြစ်ပေသည်။

နအဖစစ်အစိုးရမှ အတိုက်အခံအင်အားစုများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက် ကျူးလွန်နေခြင်း၏ ရည်ရွယ်ချက်သည် အဆိုပါအင်အားစုများမှ အလားတူ အကြမ်းဖက်သော နည်းဖြင့် တုံ့ပြန်မှုကိုရရှိရန်ပင် ဖြစ်သည်။ အကယ်၍ NLD ပါတီမှ အလားတူ အကြမ်းဖက်တုံ့ပြန်မှုများ ပြုလုပ်လာပါက စစ်အစိုးရသည် တိုင်းပြည်မတည်မငြိမ်ဖြစ်ခြင်းမှ ကာကွယ်ရန်ဟုဆိုကာ NLD ပါတီအား အမြစ်ဖြတ်ချေမှုန်းရန်အတွက် အကြောင်းပြချက်တစ်ခု ရရှိလာမည်ဖြစ်သည်။ သို့သော်လည်း အတိုက်အခံအဖွဲ့များအနေဖြင့် အကြမ်းမဖက် နှလုံးရည်တိုက်ပွဲများကိုသာ အဓိကထား ဆင်နွှဲလာသည့်အတွက်ကြောင့် စစ်အစိုးရမျှော်လင့်ထားသည့် အမြစ်ပြတ်ချေမှုန်ရေး နည်းဗျူဟာသည် မအောင်မြင်ခဲ့ပေ။

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြား NLD ပါတီဝင်များ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တန်းအား သံချောင်းများ၊ အုတ်ခဲများဖြင့် တိုက်ခိုက်ရန်အတွက် ပြည်ခိုင်ဖြိုးအဖွဲ့ဝင် တစ်ဦးစီလျှင် ငွေကျပ် (၅၀၀၀)စီ ပေးခဲ့သည်။ ထိုတိုက်ခိုက်မှု မတိုင်မီက အစိုးရဝန်ကြီးတစ်ဦးဖြစ်သူ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းစိန်က ဒေါ်အောင်ဆန်းစုကြည်အား သတ်ပစ်သင့်သည်ဟု ပြည်ခိုင်ဖြိုးအစည်းအဝေးပွဲတစ်ခုတွင် အသင်းဝင်များအား ပြောကြားခဲ့သည်။ ၎င်းက "နိုင်ငံရေးဆူပူအုံကြွမှုတွေကို ဖန်တီးနေတဲ့ အောင်ဆန်းစုကြည်ကို ရှင်းပစ်ရမယ်။ 'ရှင်းပစ်ရမယ်' ဆိုတဲ့ အဓိပ္ပါယ်ကို မင်းတို့နားလည်ကြလား။ သူ့ကို သတ်ပစ်ရမယ်လို့ ပြောတာ။ မင်းတို့ သူ့ကိုသတ်ပစ်ဖို့ သတ္တိရောရှိရဲ့လား။"ဟု အဆိုပါအစည်းဝေးတွင် ကြိမ်းဝါးခဲ့သည်။[၂၅]

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ၂၀၀၂ ခုနှစ်၊ မေလ(၆) ရက်နေ့တွင် (၁၉)လကြာ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာခဲ့ပြီးနောက် တိုင်းနှင့်ပြည်နယ် (၁၂)ခုရှိ စုစုပေါင်း (၁၂၅)မြို့နယ်သို့ စည်းရုံးရေးခရီးစဉ်များ သွားရောက်ခဲ့သည်။ သွားရောက်လိုသည့်နေရာသို့ ချွင်းချက်မရှိ လွတ်လပ်စွာသွားလာနိုင်ခွင့်ရှိကြောင်း နအဖစစ်အစိုးရမှ သဘောတူထားခဲ့သော်လည်း လက်တွေ့တွင်မူ အာဏာပိုင်များ၏ နည်းအမျိုးမျိုးဖြင့် နှောက်ယှက်ဟန့်တားမှုများမှာ တစထက်တစ တိုးတက်များပြားလာသည်ကို တွေ့ကြုံခဲ့ရသည်။[၂၆] ဒေါ်အောင်ဆန်း

စုကြည်နှင့် အဖွဲ့ချုပ် အဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ်၊ မေလ(၆)ရက်နေ့မှ မေလ (၃၀)ရက်နေ့အထိ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် စည်းရုံးရေးခရီးစဉ်များအတွင်း ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ၏ တားဆီး နှောက်ယှက်မှုများစွာကို ရင်ဆိုင်ခဲ့ရသည်။

စည်းရုံးရေးခရီးထွက်နေသည့် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို နှောက်ယှက်ရာတွင် ပုဂ္ဂိုလ်ရေးအရ စော်ကားတိုက်ခိုက် ရေးသားထားသော စာရွက်စာတမ်းများနှင့် အဖွဲ့ချုပ်နှင့် သူမကို သရော်လှောင်ပြောင်ထားသည့် ကာတွန်းပုံများကိုလည်း အာဏာပိုင်များက ကြိုတင်ဖြန့်ဝေမှုများ ပြုလုပ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် လိုက်ပါလာသော မော်တော်ယဉ်တန်း ခရီးမဆက်နိုင်စေရန် ကားလမ်းများတွင် သံဆူးကြိုးများ၊ သစ်လုံးများ၊ ကျောက်တုံးများ၊ ကုန်တင်ကားကြီးများဖြင့် ပိတ်ဆို့ထားခြင်း၊ တံတားများတွင် ကားသွားရာဘီးလမ်းပျဉ်ချပ်များကို ခွာထားပြီး တံတားကို သစ်သားတန်းများရိုက်၍ ပိတ်ဆို့ထားခြင်း၊ ကားလမ်းပေါ် ဖြတ်၍ မြောင်းတူးပိတ်ဆို့ထားခြင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်လူထု တွေ့ဆုံရာအနီးတဝိုက်တွင် တရားမဟောနိုင်အောင် အနှောက်အယှက်ပေးသည့် အနေဖြင့် အားကောင်းသော အသံချဲ့စက်များသုံးပြီး သီချင်းများ၊ ပရိတ်တရားများကို ဆူညံစွာဖွင့်ခြင်း၊ လူအုပ်ထဲသို့ မော်တော်ကားမောင်းဝင်ခြင်းများ ပြုလုပ်ပြီး ပြည်ခိုင်ဖြိုး အဖွဲ့များက အနှောက်အယှက်အမျိုးမျိုး ပေးခဲ့သည်။

အစိုးရဝန်ထမ်းများအပါအဝင် ဒေသခံလူထုကို ဒေါ်အောင်ဆန်းစုကြည်အား မကြိုဆိုရန် ခြိမ်းခြောက်မှုများလည်း ပြုလုပ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို လက်ခံကြိုဆိုသော အစိုးရဝန်ထမ်းများကို အာဏာပိုင်များက ထိရောက်စွာ အပြစ်ပေးအရေးယူခဲ့သည်။ ဥပမာအားဖြင့် ချင်းပြည်နယ် ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုနှုတ်ဆက်ခဲ့သည့် ပညာရေးဝန်ထမ်းတစ်ဦးကို အာဏာပိုင်များက အလုပ်မှထုတ်ပစ်ခဲ့သည်။ မကွေးတိုင်း၊ ကံမမြို့နယ်အတွင်းရှိ အမက ကျောင်းဆရာမတစ်ဦးဖြစ်သူ ဒေါ်ခင်မိုးဝင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုခဲ့သည့်အတွက် မြို့နယ်ပညာရေးမှူးက အလုပ်မှထုတ်ပစ်ရန် ပြင်ဆင်ခဲ့ပြီး ကျောင်းဆက်မတက်ရန် တားမြစ်ခဲ့သည်။[၂၂၇] ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူးနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအေးသာအောင်၏ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း၌ ထောက်ခံအားပေးခဲ့သူ ပြည်ခိုင်ဖြိုးအတွင်းရေးမှူးတစ်ဦးနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌတစ်ဦးကို အာဏာပိုင်များက ရာထူးမှ ဖြုတ်ပစ်လိုက်သည့်သာဓကလည်း ရှိခဲ့သည်။[၂၂၈]

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည် လာရောက်စဉ်ကာလအတွင်း စာသင်ကျောင်းများနှင့် ဈေးဆိုင်များအားလုံးကို ပိတ်ထားရန်၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများကို ပိတ်ထားရန် အာဏာပိုင်များက ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ ဧပြီလပိုင်းက ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ မကွေးတိုင်း၊ ကျောက်ထုသို့ ရောက်လာချိန်တွင် ကျောင်းသူကျောင်းသားများက ကြိုဆိုမည်ကို စိုးရိမ်သည့်အတွက် စာသင်ကျောင်းများကို အာဏာပိုင်များက ပိတ်ပစ်ခဲ့သည်။ ထို့ပြင် ကလေးမြို့အလွန် ထုံမာရွာ အရောက်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ရောက်လာခါနီးမှ အာဏာပိုင်များက ကျောင်းဝင်းတံခါးကြီးကို ပိတ်ချိန်မဟုတ်ပဲ ပိတ်ပစ်ခဲ့သည်။[၂၂၉] လမ်းတလျှောက်ရှိ

ဓါတ်ဆီနှင့် ဒီဇယ်ရောင်းသည့် ဆိုင်များကိုလည်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ရောင်းချခြင်း မပြုရန် သတိပေးတားမြစ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ်အချို့နှင့်ပတ်သတ်၍ တစေ့တစောင်းလေ့လာကြည့်မည်ဆိုလျှင် စည်းရုံးရေးခရီးစဉ်အများစုသည် အာဏာပိုင်များနှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်ပြီး စတင်ခဲ့သော်လည်း အာဏာပိုင်များနှင့် ၎င်းတို့၏လက်ကိုင်တုတ် ပြည်ခိုင်ဖြိုး အဖွဲ့များက မင်းမဲ့စရိုက်ဆန်ဆန် ပြုမူလုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရသည်။

၂၀၀၃ ခုနှစ်၊ ဧပြီလအတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ပါတီစည်းရုံးရေးအတွက် ချင်းပြည်နယ်သို့ သွားရောက်ခဲ့သည်။ သို့ရာတွင် မကွေးတိုင်းအတွင်း လမ်းတလျှောက်ရှိ အောင်လံ၊ တောင်တွင်း၊ မင်းဘူးမြို့များနှင့် ပွင့်ဖြူမြို့အဝင်များတွင် စစ်အစိုးရ၏ လက်ကိုင်တုတ် ပြည်ခိုင်ဖြိုး အဖွဲ့များက နည်းအမျိုးမျိုးဖြင့် အနှောက်အယှက်ပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ရောက်ရှိလာချိန်တွင် ရန်သူမျိုးငါးပါး မီးဘေးတာဝန် သီချင်းများကို လော်စပီကာများဖြင့် အသံကုန်ဖွင့်ခြင်း၊ အရပ်သူအရပ်သားများကို ပရိတ်ရွတ်ဖတ်ရန် လှုံ့ဆော်ခြင်းများပြုလုပ်၍ အနှောက်အယှက်မျိုးစုံ ပေးခဲ့ကြသည်။[၂၄၀]

၂၀၀၃ ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ အင်းတော်မြို့အဝင် နန့်သဲကျေးရွာသို့ ရောက်ရှိချိန်၌ မုံရွာခရိုင်၊ ပြည်ခိုင်ဖြိုးအတွင်းရေးမှူး ဦးဌေးအောင် ဦးစီးသည့် အင်အား (၇၀) ခန့်ရှိ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသည် အစိမ်းရောင်ပိတ်စပေါ်တွင် စာလုံးအဖြူဖြင့် "ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးအမြင်ဝါဒီများအား ဆန့်ကျင်ကြ" ဟူသော စာတမ်းများချိတ်ဆွဲပြီး ဆန့်ကျင်နှောက်ယှက်ခဲ့ သည်ကို ကြုံတွေ့ခဲ့ရသည်။ မေလ(၁၁)ရက်နေ့ နေ့လည်(၁၂) နာရီ၊ ကသာမြို့အဝင်ဂိတ်သို့ ရောက်ရှိ ချိန်တွင်လည်း အင်အား (၁၅၀)ခန့်ရှိ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက ဟန့်တားနှောက်ယှက်မှုများ ပြုလုပ်ခဲ့ သည်။ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက ဆက်မသွားရန် ပိတ်ပင်ဟန့်တား နှောက်ယှက်နေသည်ကို တာဝန်ရှိ သူ အာဏာပိုင်များက ကြားဝင်ဖြန်ဖြေဆောင်ရွက်ပေးရမည့်အစား ဒေါ်အောင်ဆန်းစုကြည်အား ပြန်လှည့်သွားရန် ဖိအားပေးခဲ့သည်။[၂၄၁]

ထို့ပြင် ၂၀၀၃ ခုနှစ်၊ မေလ (၂၉)ရက် ညနေ (၆)နာရီကျော်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် မန္တလေးမှတဆင့် စစ်ကိုင်းတိုင်း၊ မုံရွာမြို့သို့ စည်းရုံးရေးခရီး သွားရောက်ခဲ့သည်။ ဒေါ်အောင် ဆန်းစုကြည်နှင့်အဖွဲ့ မုံရွာသို့ ရောက်ရှိလာချိန်တွင် အာဏာပိုင်များက ဟန့်တားနှောက်ယှက်ရန် ကြိုတင်စီစဉ်ခဲ့သော်လည်း မုံရွာလူထုက သောင်းနှင့်ချီ၍ ကြိုဆိုခဲ့ကြသည်။ ပြည်ခိုင်ဖြိုး ခေါင်းဆောင် များသည် ဒေါ်အောင်ဆန်းစုကြည် မလာခင်ကတည်းက မုံရွာမြို့တွင် သူမ၏ မကောင်းကြောင်းများကို လူငယ်များအား သင်တန်းပို့ချခဲ့သည်။ ပြည်ခိုင်ဖြိုးလူငယ်များ အပါအဝင် စစ်သားလူငယ်လေးများကို ပြည်ခိုင်ဖြိုးဝတ်စုံများဖြင့် ဒေါ်အောင်ဆန်းစုကြည်ဆန့်ကျင်ရေး သင်တန်းများ ပို့ချပေးခဲ့သည်။ သို့သော် လည်း လူငယ်အတော်များများသည် အာဏာပိုင်များ၏ ပို့ချစေခိုင်းချက်များကို လုပ်ဆောင်ရန် ဆန္ဒ မရှိသောကြောင့် ထွက်ပြေးခဲ့ကြသည်။ အချို့လူငယ်များမှာ ဒေါ်အောင်ဆန်းစုကြည်ကို ဆန့်ကျင် နှောက်ယှက်ရမည့်အစား လက်အုပ်ချီ၍ပင် ကန်တော့ခဲ့ကြသည်။[၂၄၂]

၂၀၀၃ ခုနှစ်၊ မေလ(၁၂)ရက်နေ့ည (၈)နာရီခွဲခန့်တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မန်ရှက်ကျေးရွာ အဝင်လမ်းထိပ်တွင် အင်အား(၁၀၀)ခန့်ရှိ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ၏ နှောက်ယှက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ မေလ(၁၃) ရက်နေ့ ဖားကန့်မြို့သို့မရောက်မီ နမ့်မစစ် ကျေးရွာအဝင်တွင် ပြည်ခိုင်ဖြိုး အဖွဲ့ဝင်များက "ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုအမြင်ဝါဒီများအား ဆန့်ကျင်ကြ" စာသားများ ပါရှိသည့် ဆိုင်းဘုတ်များကိုကိုင်ဆောင်၍ အသံတိတ် ဆန္ဒပြနှောက်ယှက်ခဲ့သည်။ မေလ(၁၅)ရက်နေ့ နံနက် (၄)နာရီခွဲခန့်တွင် နမ္မတီးလမ်းအတိုင်း ထွက်ခွာလာရာ ကောင်းရာရွာ အရောက်တွင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များက" ပြည်ပအားကိုးပုဆိန်ရိုး–အလိုမရှိ" "အဆိုးမြင်ဝါဒီများအား–အလိုမရှိ" "တိုးတက်မှုဖျက်ဆီးသူ–အလိုမရှိ" "တည်ငြိမ်အေးချမ်းရေးကိုဖျက်ဆီးသူ–အလိုမရှိ" စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒပြနှောက်ယှက်ခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ၂၀၀၃ ခုနှစ်၊ မေလ(၁၆)ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ မြစ်ကြီးနားမြို့အဝင် နန်းကွေ့ တံတားအနီးတွင် ပြည်ခိုင်ဖြိုးအဖွဲ့ဝင် (၃၀၀) ခန့်က လမ်းဘေးဝဲယာမှ "ပြည်ပအားကိုး ပုဆိန်ရိုး၊ ပြည်နယ် အေးချမ်းသာယာရေးကို နှောက်ယှက်ဖျက်ဆီးသူများအား–ဆန့်ကျင်ကြ၊" "အမျိုးသာသနာ ခိုးယူဖျက်ဆီးသူများအား–ဆန့်ကျင်ကြ၊ ချေမှုန်းကြ" စသဖြင့် ရေးသားထားသော ပိုစတာများနှင့် အဝတ်နဖူးစည်းများကို ကိုင်ဆောင်လျက် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်သွားမည့်လမ်း၌ ပိတ်ဆို့ဟန့်တား ဆူပူ နှောက်ယှက်ခဲ့သည်။ မေလ(၁၈)ရက်နေ့တွင် ဝိုင်းမော်မြို့သို့ ခရီးဆက်လက်ထွက်ခွာခဲ့ရာ ဝိုင်းမော်မြို့အဝင် နောင်တာလေရွာ နတ်စင်အနီးတွင် ပြည်ခိုင်ဖြိုး အင်အား(၂၀)ခန့်က တားဆီးနှောက်ယှက်ခဲ့သည်။ ၂၀၀၃ ခုနှစ် မေလ (၂၀)ရက်နေ့ ဗန်းမော်မြို့အဝင် သုံးမိုင် ရွာသို့ ရောက်ရှိလာချိန်တွင်လည်း တုတ်၊ ဓါးများ ကိုင်ဆောင်ထားသူ ပြည်ခိုင်ဖြိုးအဖွဲ့ဝင် (၃၀၀) ကျော်ခန့်က လိုင်စင်နံပါတ်ပြား မပါသော ကားများနှင့် ဆိုင်ကယ်များကို အသုံးပြုပြီး၊ ဥပဒေကို ပြောင်ကျကျချိုးဖောက်၍ ကန့်ကွက်ဆန္ဒပြနှောက်ယှက်ခဲ့သည်။[၂၃၃]

ထို့အပြင် ကချင်ပြည်နယ်၊ ရွှေကူမြို့အဝင်တွင်လည်း ပြည်ခိုင်ဖြိုးအင်အား ၃၀၀ ခန့်က ပိုစတာများ၊ ကြွေးကြော်သံများဖြင့် ဟန့်တားနှောက်ယှက်ခဲ့သည်။ ထိုကဲ့သို့ ဆန့်ကျင်နှောက်ယှက်သူ အများစုသည် ရပ်ကွက်ထဲရှိ ဆင်းရဲနွမ်းပါးသူများဖြစ်ပြီး ပြည်ခိုင်ဖြိုးအာဏာပိုင်များက ထမင်းကျွေးမွေးခြင်း၊ ငွေကြေးအနည်းငယ်ပေးခြင်းများ လုပ်ဆောင်၍ ခေါ်ယူလာခဲ့သော ဆင်းရဲသားများ ဖြစ်ကြသည်။ ထူးခြားချက်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ်စည်းရုံးရေးခရီးစဉ်များတွင် ဟန့်တားနှောက်ယှက်ခဲ့သော အုပ်စုများသည် တဖွဲ့တည်းမှဖြစ်နေကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် မိုးကောင်းတွင် နှောက်ယှက်ခဲ့သူများသည် မြစ်ကြီးနားမြို့အဝင် ဆန့်ကျင်နှောက်ယှက်ပွဲများတွင် ပြန်လည်ပါဝင် ခဲ့သည်ကို တွေ့ရှိရသည်။[၂၃၄]

၂၀၀၃ ခုနှစ်၊ မေလ(၂၅)ရက်နေ့တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့မှ ကြပ်ပြင်မြို့မသို့ ဝင်ရောက်ပြီး ဆက်လက်ထွက်ခွာခဲ့ရာ ကသဲအုပ်စု၊ ဘိုကုန်းရပ် အရောက်တွင် အင်အား (၄၀၀) ကျော်ခန့်ရှိ ပြည်ခိုင်ဖြိုးအဖွဲ့များ၏ ကန့်ကွက်ဆန္ဒပြခြင်းကို ခံခဲ့ရသည်။ ညနေ (၇)နာရီခန့်တွင် စဉ့်ကူးမြို့အနီး

ကျည်တောက်ပေါက်ကျေးရွာနှင့် နွယ်ရုံကျေးရွာအရောက်တွင် ဆီဒင်ကား(၁၁)စီး၊ ဒိုင်နာ(၄)စီး၊ ဟိုင်းလပ် (၁၅)စီး၌ စီးနင်းလိုက်ပါသူများနှင့် စုစုပေါင်းအင်အား(၅၀၀)ကျော်ခန့်ရှိ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ၏ တားဆီးနှောက်ယှက်ခြင်းကို ထပ်မံကြုံတွေ့ခဲ့ရသည်။ ၎င်းတို့ကို အမရပူရ၊ မတ္တရာ၊ ကျောက်ဆည်နှင့် မန္တလေးမြို့များမှ ခေါ်ဆောင်လာခြင်းဖြစ်ပြီး နွယ်ရုံကျေးရွာ (ရွှေတွင်း)မှ အလုပ်သမား (ကျင်းသား) များကို တရက်လိုက်ပါဆန္ဒပြလျှင် ထမင်းကျွေးပြီး အရက်လည်း အဝတိုက်သည့်အပြင် နေ့တွက်လုပ်အားခအဖြစ် (၅၀၀)မှ (၁၀၀၀)ကျပ်အထိပေး၍ ခေါ်ဆောင်ခဲ့သည်။[၂၃၅] ၂၀၀၇ ခုနှစ်၊ ဧပြီလတွင်လည်း မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်နှင့်အဖွဲ့ စည်တိုင်းခံကျေးရွာနှင့် ကျောက်တံတားကျေးရွာများသို့ စည်းရုံးရေးခရီးထွက်သည့်အချိန်တွင်လည်း နယ်မြေခံ ပြည်ခိုင်ဖြိုးအဖွဲ့ခေါင်းဆောင် ကိုအောင်မြင့်ဌေးနှင့် ကိုမြင့်ဦးတို့က ဝိုင်းဝန်းရိုက်နှက်ရန် ကြံစည်အားထုတ်ခဲ့သည်။[၂၃၆]

ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်နေ့မှ (၂၄) ရက်နေ့အထိ ရခိုင်ပြည်နယ်ခရီးစဉ်နှင့် ဧရာဝတီတိုင်းခရီးစဉ်များတွင်လည်း စစ်အစိုးရ၏ အစီအမံဖြင့် ဒေသခံအာဏာပိုင်များ၊ ရဲတပ်ဖွဲ့၊ ပြည်ခိုင်ဖြိုးအဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအစရှိသည့် စစ်အာဏာရှင် လက်ကိုင်တုတ်အဖွဲ့အစည်းများက သေးသိမ်ယုတ်ညံ့သည့် အတားအဆီးအနှောက်အယှက်အမျိုးမျိုးကို လမ်းခရီးတစ်လျှောက်လုံး ပြုလုပ်ခဲ့သည်။[၂၃၇] ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏အဖွဲ့ချုပ် ရခိုင်ပြည်နယ် စည်းရုံးရေးခရီးစဉ်အတွင်း မြောက်ဦးမြို့အရောက်တွင်လည်း ဒေသခံအာဏာပိုင်များက ခြိမ်းခြောက်အကျပ်ကိုင် တားမြစ်မှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း ပြည်သူလူထု (၂)သောင်းကျော်က လမ်းမများပေါ်ထွက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။ ထိုမြင်ကွင်းကြောင့် အာဏာပိုင်များ တုန်လှုပ်သွားခဲ့ပြီး လုံထိန်းရဲတပ်ဖွဲ့များ၊ မီးသတ်ပိုက်များဖြင့် အင်အားသုံး၍ အကြမ်းဖက် လူစုခွဲခဲ့သည်။ မီးသတ်ပိုက်များဖြင့် လူစုခွဲနေစဉ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မီးသတ်ကားပေါ်တက်ပြီး "ဒီကိစ္စ ကျမကြောင့်ဖြစ်တာ၊ ကျမလာတာ လူထုနဲ့တွေ့ဖို့လာတာ၊ ဒီမိုကရေစီလုပ်တယ်ဆိုတာ လူထုက ပထမပဲ၊ လူထုအတွက် လုပ်ရမယ်၊ ဒါ့ကြောင့် လူထုကို တွေ့ရမယ်၊ နိုင်ငံရေးအဖွဲ့တွေလိုပဲ ရဲတို့၊ မီးသတ်တို့ ဆိုတာလည်း လူထုကို အထောက်အကူပေးရမယ်။ အခုလို လူထုကို အထောက်အကူမပေးပဲ နိုင်ထက်စီးနင်းလုပ်နေတာကို ကျမ မကြည့်နိုင်ဘူး၊ မလုပ်ပါနဲ့။"ဟု တားမြစ်ခဲ့သဖြင့် ရဲနှင့် မီးသတ်တို့ ရပ်တန့်သွားခဲ့သည်။ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ကို မော်တော်ကား ငှားရမ်းအကူအညီပေးခဲ့သူ ၂ ဦးကိုလည်း ပြည်ခိုင်ဖြိုးအတွင်းရေးမှူး ဦးစိုးနိုင်၏ အမိန့်ဖြင့် လိုင်းကားလိုင်စင်များ ပိတ်ပင်ခဲ့သည်။[၂၃၈]

ပြည်ခိုင်ဖြိုးအဖွဲ့နှင့် အာဏာပိုင်များသည် ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ်များအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ကျူးလွန်ခဲ့ရာ ၎င်းတို့အထဲတွင် စက်ဆုပ်ရွံရှာဖွယ်ရာအကောင်းဆုံး အကြမ်းဖက်မှုမှာ ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ဒီပဲယင်းအကြမ်းဖက်မှုပင် ဖြစ်သည်။ ထိုဒီပဲယင်း လူသတ်မှုမတိုင်မီက ဒေါ်အောင်ဆန်းစုကြည်သည် မိန့်ခွန်းပြောကြားရန်၊ NLD ရုံးခွဲများ ဖွင့်လှစ်ရန်နှင့် စည်းရုံးရေးလုပ်ငန်းများအတွက် ပြည်တွင်းနေရာဒေသ

အတော်များများသို့ ခရီးထွက်ခဲ့ချိန်တွင် ပြည်ခိုင်ဖြိုးတို့၏ ဟန့်တားနှောက်ယှက်မှုအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ပြည်နယ်ဒေသအသီးသီးသို့ သူမ၏ခရီးစဉ် မစတင်မီကပင် ပြည်ခိုင်ဖြိုး ခေါင်းဆောင်များနှင့် ဗဟိုကော်မတီဝင်များသည် ပြည်ခိုင်ဖြိုး နာယကများ၊ ဒေသခံတပ်မှူးများ၏ ခွင့်ပြုချက်ဖြင့် အဆိုပါဒေသများသို့ ကြိုတင်သွားရောက်၍ NLD အား ဟန့်တားနှောက်ယှက်ရန် အတွက် စီမံကိန်းများချမှတ်ရန် လျှို့ဝှက်အစည်းအဝေးပွဲများ ကျင်းပခဲ့ကြသည်။ အထူးသဖြင့် ဒီပဲယင်း လူသတ်ပွဲကြီးသို့ ဦးတည်သွားမည့်ခရီးစဉ်များအတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ပါတီသည် လမ်းဘေးတလျှောက်တွင် စုရုံးထားသော လူအုပ်ကြီးများ၏ ဟန့်တားနှောက်ယှက် တိုက်ခိုက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ဤလူအုပ်ကြီးများသည် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီကို ရှုတ်ချထားသော ပိုစတာများ၊ ဆောင်ပုဒ်များကို ကိုင်ဆောင်ထားပြီး၊ ကြွေးကြော်သံများဟစ်ကြွေး၍ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီဝင်များ လိုက်ပါလာသော မော်တော်ယာဉ်တန်းအား အနှောက်အယှက်ပေး တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ပြည်နယ်အာဏာပိုင်အချို့နှင့် ပြည်ခိုင်ဖြိုး အဖွဲ့ဝင်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမအား ထောက်ခံအားပေးသူများလိုက်ပါလာသော ယာဉ်တန်းအား ဒီပဲယင်းမြို့အနီးတွင် ခြုံခိုတိုက်ခိုက်ခဲ့သည်။ NLD ပါတီဝင်အချို့မှာ လူမဆန်စွာ ရိုက်နှက်ခံခဲ့ရပြီး အများအပြား သေကြေဒဏ်ရာရရှိခဲ့သည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုတွင် ပြည်ခိုင်ဖြိုးအသင်းသည် တိုက်ရိုက်ပါဝင်ပတ်သက်နေရုံသာမက ရွာသားများအား ငွေကြေးထောက်ပံ့ခြင်း၊ သင်တန်းများပေးခြင်းဖြင့် ထိုအကြမ်းဖက်တိုက်ခိုက်မှုများတရွင် ပါဝင်ပတ်သက်ခဲ့သည်။ ဒီပဲယင်း တိုက်ခိုက်မှုအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်အား ခေတ္တထောင်သွင်းအကျဉ်းချခဲ့သည်။ ထို့နောက် သူမအား နေအိမ်အကျယ်ချုပ်ဖြင့် ဆက်လက်ထိမ်းသိမ်းခဲ့သည်။ ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှု မျက်မြင်သက်သေများကိုလည်း အဖြစ်မှန် ပေါ်ပေါက်လာမည်ကို စိုးရိမ်သဖြင့် အာဏာပိုင်များက ဖမ်းဆီးနှိပ်စက်ခဲ့သည်။

အခင်းဖြစ်ပွားပြီးနောက် ထိုလူသတ်မှုအား စုံစမ်းစစ်ဆေးရန်အတွက် မြန်မာ အတိုက်အခံအဖွဲ့အစည်းများအတွင်း ဒီပဲယင်းလုပ်ကြံမှု အရေးယူဆောင်ရွက်ရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မရှင်အနေဖြင့် ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုသည် ကြိုတင်ကြံစည်ထားသော တိုက် ခိုက်မှုတခုဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ ပြည်ခိုင်ဖြိုးအနေဖြင့် ပြည်သူ့စစ်သင်တန်းများပေးခြင်း၊ ကိုင်ဆောင်အသုံးပြုသော လက်နက်များအား ဂရုတစိုက် ရွေးချယ်ခဲ့ခြင်း၊ တိုက်ခိုက်မည့်နေရာနှင့် အချိန်ကာလအား စနစ်တကျ ပြင်ဆင်ခဲ့ခြင်း၊ လူအရေအတွက် ငါးထောင်ခန့်အား တိုက်ခိုက်မှုကျူးလွန်ရန်အတွက် စနစ်တကျ စည်းရုံးထားခြင်း၊ တိုက်ခိုက်ချေမှုန်းသည့် နည်းစနစ်များ၊ အမိန့်ပေးစနစ်များ၊ ဒဏ်ရာရရှိသူများနှင့် မျက်မြင်သက်သေများအား ဖမ်းဆီးထိန်းသိမ်းခြင်း၊ တိုက်ခိုက်မှုဖြစ်ပွားသည့်နေရာအား ပြန်လည်ပြင်ဆင်၍ သက်သေအထောက်အထားများအား စနစ်တကျ ဖျက်ဆီးခဲ့ခြင်း၊ တိုက်ခိုက်မှုများအား စစ်တပ်မှ ဗိုလ်မှူးတစ်ဦးနှင့် ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးတို့မှ အနီးကပ်ကြီးကြပ်ခဲ့ခြင်းတို့ကြောင့် ဒီပဲယင်းလူသတ်မှုသည် ကြိုတင်ကြံစည်ထားသော အကြမ်းဖက် တိုက်ခိုက်မှုဖြစ်သည်ကို ဖော်ထုတ်တွေ့ရှိခဲ့သည်။[၂၄၉]

ကော်မရှင်အစီရင်ခံစာအရ အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်ရန်အတွက် လူအင်အား ၅၀၀၀ နှင့် ကြိုတင်လေ့ကျင့်ခဲ့သည်။ လိုအပ်သည့်လူအင်အားကို စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်ရှိ မြို့နယ် (၈) မြို့နယ်နှင့် မုံရွာခရိုင်ရှိ မြို့နယ်များမှ ပြည်ခိုင်ဖြိုးအတွင်းရေးမှူးများက မိမိတို့မြို့နယ်များအတွင်းရှိ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များနှင့် ပြည်သူလူထုများကို စုဆောင်းခဲ့သည်။ ထိုသို့လူစုဆောင်းရာတွင် အခကြေးငွေများ ပေးခြင်းဖြင့်လည်းကောင်း၊ အတင်းအဓမ္မ ခြိမ်းခြောက်အကြပ်ကိုင်၍လည်းကောင်း စုဆောင်းခဲ့သည်။ စုဆောင်းရရှိခဲ့သူများကို သက်ဆိုင်ရာမြို့နယ်များအလိုက် စစ်ကိုင်းမြို့၊ အမှတ်(၂) အထက်တန်းကျောင်း၊ မုံရွာမြို့ အမှတ်(၂)နှင့် အမှတ်(၃) အထက်တန်းကျောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ဝင်း၊ ဒီပဲယင်းမြို့ အထက်တန်းကျောင်း စသည့်နေရာများတွင် စုဆောင်းထားရှိပြီး ထိုသူများကို အကြမ်းဖက် ရိုက်နှက်ဖြိုခွဲချေမှုန်းသည့် သင်တန်းများကို စနစ်တကျ ပေးခဲ့သည်။[၂၄၀] ထိုသင်တန်းများတွင် ဦးခေါင်းနှင့် ခါးဆစ်အထက်ပိုင်းတို့ကို ဒုတ်များနှင့်ရိုက်နှက်သည့်နည်းများကို သင်ကြားပေးခဲ့သည်။[၂၄၁]

ထို့ကြောင့် ဒီပဲယင်းအကြမ်းဖက်မှုသည် သတ်မှတ်ထားသော အရပ်သားများကိုသာ ဦးတည်၍ စနစ်တကျ စီစဉ်ကျူးလွန်ခဲ့ခြင်း၊ နိုင်ငံရေးနှင့်ပတ်သက်နေမှုကြောင့် ပစ်မှတ်ထား တိုက်ခိုက်ခံရခြင်း၊ အရပ်သားအားလုံးကို ခြိမ်းခြောက်ရန်အတွက် ထိုတိုက်ခိုက်မှုကို ကျူးလွန်ခဲ့ခြင်းတို့ကြောင့် ထိုလုပ်ကြံမှုသည် လူသားမျိုးနွယ်တခုလုံးကို ကျူးလွန်တိုက်ခိုက်ခဲ့သည့် ရာဇဝတ်မှုတခု ဖြစ်သည်။[၂၄၂] ယင်းတိုက်ခိုက်မှုသည် လူသားမဆန်သောရာဇဝတ်မှုဖြစ်ကြောင်းကို သက်သေ အထောက်အထားများက ဖော်ပြနေသော်လည်း ကုလသမဂ္ဂသည် ထိုဒီပဲယင်းတိုက်ခိုက်သတ်ဖြတ်မှုအား စုံစမ်းစစ်ဆေးရန်အတွက် လွတ်လပ်သည့်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခြင်း မရှိခဲ့ပေ။ အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ထိုတိုက်ခိုက်မှုအတွက် တာဝန်ရှိသော ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များနှင့် စစ်အစိုးရတို့မှာလည်း အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိနေကြသည်။

---

## အခန်း(၅)

## ပြည်ခိုင်ဖြိုးအသင်း၏ အနာဂတ်နိုင်ငံရေးစီမံချက်များ

နအဖစစ်အစိုးရသည် ပြည်ခိုင်ဖြိုးအသင်းအား ၎င်းတို့၏နေရာကိုဆက်ခံရန် လက်သပ်မွေးနေချိန်တွင် ပြည်ခိုင်ဖြိုးအသင်း၏ လူထုအပေါ်ဖိနှိပ်မှုများအပါအဝင် နအဖစစ်အစိုးရနှင့် ဆက်နွှယ်ပတ်သက်နေမှုများကို အလေးအနက်ထား စဉ်းစားရန် လိုအပ်ပေသည်။ ပြည်ခိုင်ဖြိုးအသင်းသည် ၁၉၉၃ ခုနှစ်က ပြည်ထဲရေးဝန်ကြီးဌာနတွင် လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် မှတ်ပုံတင်ခဲ့သော်လည်း နအဖစစ်အစိုရသည် အဆိုပါအသင်းအား နိုင်ငံရေးပါတီတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ရည်ရွယ်ဆောင်ရွက်နေသည်မှာ ထင်ရှားသည်။ အမျိုးသားညီလာခံတွင် ရေးဆွဲပြီးစီးခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက စစ်တပ်အား ပါလီမန်အမတ်နေရာ လေးပုံတစ်ပုံကို ပေးအပ်ထားသည်။ ကျန်ရှိသော အမတ်နေရာများကိုမူ နိုင်ငံရေးပါတီဖြစ်လာမည့် ပြည်ခိုင်ဖြိုးအသင်းအပါအဝင် အခြားနိုင်ငံရေးပါတီများက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြည်ခိုင်ဖြိုးအသင်းအနေဖြင့် ၎င်းတို့ကျင့်သုံးနေကျအတိုင်း၊အနှောက်ယှက်ပေး ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများပြုလုပ်၍ ကျန်ရှိသော အမတ်နေရာများအား ရယူမည်ဖြစ်သည်။ ဤနည်းဖြင့် နအဖစစ်အစိုးရသည် အနာဂတ်နိုင်ငံတော်တွင် ၎င်းတို့စိတ်တိုင်းကျ ခြယ်လှယ်နိုင်မည့် အမည်ခံ အရုပ်သားအစိုးရတစ်ခုအား ဖန်တီးရန် အခွင့်အလမ်းတစ်ရပ်ကို ရရှိမည်ဖြစ်သည်။

### *နိုင်ငံရေးအပြင်အဆင်*

၁၉၆၂ ခုနှစ် စစ်တပ်မှ အာဏာသိမ်းချိန်တွင် မြန်မာပြည်အား တော်လှန်ရေးကောင်စီက အုပ်ချုပ်ခဲ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်တွင် စစ်အစိုးရက နိုင်ငံရေးတောင်ပံတစ်ခုဖြစ်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ)ကို ဖွဲ့စည်းခဲ့ပြီး မြန်မာပြည်အား 'မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်' ဖြင့်အုပ်ချုပ်ရန် ကြိုးပမ်းခဲ့သည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲများ ကျင်းပသည့်အချိန်ကလည်း နဝတ စစ်အစိုးရက ပါလီမန်တွင် အမတ်နေရာရရှိရေးအတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ အဖွဲ့ဝင်များကိုအသုံးပြု၍ နိုင်ငံရေးတောင်ပံတစ်ခုဖြစ်သည့် တစည ခေါ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို ထူထောင်ခဲ့သည်။

သို့သော် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အပြတ်အသတ် အနိုင်ရရှိချိန်တွင် အာဏာလွှဲပြောင်းပေးရန် စစ်တပ်က ငြင်းဆိုခဲ့သည်။ ထို့ပြင် စစ်တပ်သည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသော ၎င်းတို့၏နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် တစညပါတီကို ဘေးဖယ်ထားလိုက်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့(နဝတ) ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)ကို ဖွဲ့စည်းခဲ့ပြီး အာဏာကို ဆက်လက်ချုပ်ကိုင်ထားခဲ့သည်။ စစ်အစိုးရသည် ၎င်းတို့အာဏာ တည်မြဲလာသည်နှင့်အမျှ လူထုစည်းရုံးလှုံ့ဆော်မှု လုပ်ငန်း

များ၏ အကျိုးရလဒ်များကို ကောင်းစွာနားလည် သဘောပေါက်လာခဲ့ပြီး ပြည်ခိုင်ဖြိုး (ခေါ်) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းထူထောင်ခဲ့သည်။ စတင်ဖွဲ့စည်းခဲ့စဉ်ကာလက အဆိုပါ အသင်းသည် မည်သည့်နိုင်ငံရေးပါတီနှင့်မျှ ပါဝင်ပတ်သက်မှုမရှိကြောင်း အတိအလင်း ဖော်ပြခဲ့သော်လည်း ယခုအခါ နအဖစစ်အစိုးရ၏ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအကောင်အထည် ဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် ပြည်ခိုင်ဖြိုးအသင်း၏ နိုင်ငံရေးအခန်းကဏ္ဍကိုပါ ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။

၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၃၀)ရက်နေ့မှစ၍ စစ်အစိုးရ၏ အတုအယောင် နိုင်ငံရေးလမ်းပြမြေပုံ စတင်ပေါ်ထွက်လာခဲ့သည်။ ထိုအချိန်မှစ၍ ပြည်ခိုင်ဖြိုး ကော်မတီအဆင့်ဆင့်ကို ရွေးကောက်ပွဲသစ်အတွက် စီမံချက်များရေးဆွဲပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။ ထိုညွှန်ကြားချက်များတွင် သက်ဆိုင်ရာနယ်မြေအလိုက် မဲပေးနိုင်သူအရေအတွက်ကို စာရင်းပြုစုရန်၊ မဲပေးနိုင်သူများအနက် ဆန့်ကျင်ဘက်ပါတီများအား မဲပေးနိုင်သူဦးရေကိုလည်း အနီးစပ်ဆုံး ခန့်မှန်းတင်ပြရန်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အလိုက် စည်းရုံးရေးကော်မတီများကို ကျစ်လစ်ခိုင်မာအောင် ဖွဲ့စည်းထားရန်၊ ရာစု၊ ထောင်စုအကွက်များ သတ်မှတ်ပြီး အသင်းဝင်အရေအတွက် တိုးမြင့်လာအောင် စည်းရုံးထားရန်၊ အသင်းဝင်များထဲမှ အမာခံအသင်းဝင်များနှင့် လက်ရွေးစင် အမာခံအသင်းဝင်များကို စီစစ်ရွေးချယ်၍ လေ့ကျင့်ပေးထားရန်၊ သက်ဆိုင်ရာဒေသအတွင်း နိုင်ငံရေးအခြေခိုင်မာရေးနှင့် စည်းရုံးလှုပ်ရှားမှုများ ကျယ်ပြန့်လာရေးအတွက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖေါ်ဆောင်ရန်၊ စည်းရုံးရေး ကျယ်ပြန့်စေရန်အတွက် ပြည်သူလူထုများဖြစ်သည့် ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အိုများ၊ လူငယ်များနှင့် အမျိုးသမီးများကို ဗဟိုမှလမ်းညွှန်ထားသည့် စည်းရုံးရေးမူဝါဒများနှင့်အညီ စည်းရုံးရေးစခန်းများတည်ဆောက်ပြီး ချဉ်းကပ်စည်းရုံးသွားကြရန် အသေးစိတ်ညွှန်ကြားခဲ့သည်။[၂၄၃]

၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြည်ခိုင်ဖြိုး အထွေထွေအတွင်းရေးမှူးဖြစ်သူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံရေးအခြေအနေနှင့် လူထုဆန္ဒအပေါ်မူတည်ပြီး ပြည်ခိုင်ဖြိုးအသင်းကြီးကို နိုင်ငံရေးပါတီတခုအဖြစ် ပြောင်းလဲဖွဲ့စည်းကောင်း ဖွဲ့စည်းနိုင်သည်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များအား အနာဂတ်ရွေးကောက်ပွဲများတွင် စစ်တပ်အတွက် သီးသန့် ဖယ်ရှားထားသော နေရာများမှအပ ကျန်ရှိနေသေးသော ပါလီမန်အမတ်နေရာများအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ထားရန် ညွှန်ကြားခဲ့သည်။ ပြည်ခိုင်ဖြိုးအသင်းအား နိုင်ငံရေးပါတီတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်သည်ဟု အရိပ်အမြွက်ပြောဆိုခဲ့သည်မှာ ယခုတစ်ကြိမ်တည်းသာလျှင် မဟုတ်ပေ။ ၂၀၀၃ ခုနှစ်ကလည်း မွန်ပြည်နယ်၌ ပြည်ခိုင်ဖြိုးအထွေထွေအတွင်းရေးမှူးက ပြည်ခိုင်ဖြိုးအသင်းသည် တရားဝင်နိုင်ငံရေးပါတီတစ်ခုအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းရန် အဆင်သင့်ဖြစ်နေကြောင်း ဖွင့်ဟပြောကြားခဲ့သည်။[၂၄၄]

ထို့ပြင် ၂၀၀၂ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဖြစ်သူ ဗိုလ်ချုပ်မောင်ဦးကလည်း “နိုင်ငံတော်

အစိုးရအနေနဲ့ အလွန်ကြီးမားတဲ့ စီးပွားရေးအကြပ်အတည်းတွေကို ရင်ဆိုင်နေရချိန်မှာ ပြည်ခိုင်ဖြိုး အသင်းရဲ့ စွမ်းအားနဲ့ အဲဒီအကြပ်အတည်းကို ဖြေရှင်းခဲ့တယ်။ အဲဒါကြောင့် မင်းတို့အနေနဲ့ နိုင်ငံရေးပြိုင်ပွဲတစ်ခုမှာ တခြားအဖွဲ့တွေကို ယှဉ်ပြိုင်နိုင်အောင်ကြိုးစားရမယ်။”ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။[၂၄၅]

## *ပြည်ခိုင်ဖြိုးနှင့် နိုင်ငံတကာအခြေအနေ*

နအဖစစ်ဗိုလ်ချုပ်များသည် ပြည်ခိုင်ဖြိုးအသင်းကို စစ်တပ်ပိုင် နိုင်ငံရေးပါတီတခုအဖြစ် နိုင်ငံတကာသို့ စတင်ပွဲထုတ်လာခဲ့သည်။ တချိန်တည်း၌ပင် ဒေသတွင်းနိုင်ငံများမှ နိုင်ငံရေးအရ ထောက်ခံအားပေးမှုများရရှိရန်လည်း ကြိုးပမ်းခဲ့သည်။ ပြည်ခိုင်ဖြိုးအသင်းကို စစ်တပ်ပိုင် နိုင်ငံရေးပါတီအဖြစ် ပထမဦးဆုံး လက်ခံအသိအမှတ်ပြုခဲ့သော နိုင်ငံသည် တရုတ်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်ခြင်းဖြင့် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ခိုင်ဖြိုးအသင်း တို့အကြား ပါတီချင်းရင်းနှီးမှု တည်ဆောက်ရန် ကြိုးပမ်းခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် တရုတ်ပြည်ကွန်မြူနစ်ပါတီသည် ဗိုလ်ချုပ်ဝင်းမြင့်အား နအဖအစိုးရ၏ ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးအနေဖြင့်မဟုတ်ဘဲ ပြည်ခိုင်ဖြိုးအသင်း၏ ဒုဥက္ကဋ္ဌအနေဖြင့် လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခဲ့သည်။ ထိုစဉ်က တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ခိုင်ဖြိုးအသင်းကြား ဆက်ဆံရေးတည်ဆောက်ရန်အတွက် ပဏာမ သဘောတူညီချက်တစ်ခုအား လက်မှတ်ရေးထိုးခဲ့သည်ဟု သုံးသပ်မှုများရှိခဲ့သည်။[၂၄၆] တရုတ်ပြည်ကွန်မြူနစ်ပါတီသည် ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလတွင် ဘေကျင်းမြို့၌ ကျင်းပခဲ့သော တတိယအကြိမ်မြောက် အာရှပါတီစုံ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ ပြည်ခိုင်ဖြိုးအသင်းအပါအဝင် နိုင်ငံပေါင်း (၃၅) နိုင်ငံမှ နိုင်ငံရေးပါတီပေါင်း (၈၄)ပါတီအား ဖိတ်ကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ ပြည်ခိုင်ဖြိုးအသင်း၏ အထွေထွေအတွင်းရေးမှူး (ဗိုလ်ချုပ်) ဦးဌေးဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်ခဲ့သည်ကို တရုတ်ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနများက တခမ်းတနား ထုတ်လွှင့်ပြသခဲ့သည်။ ပြည်ခိုင်ဖြိုးအသင်းသည် နှီးနှောဖလှယ်ပွဲကာလအတွင်း တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် ပါတီချင်းရင်းနှီးမှုတည်ဆောက်ခွင့်ရရှိရုံသာမက တက်ရောက်လာသော အခြားနိုင်ငံများမှ ပါတီများနှင့်လည်း ရင်းနှီးမှု တည်ဆောက်ခွင့်ရရှိအောင် တရုတ်ကွန်မြူနစ်ပါတီက စွမ်းဆောင်ပေးခဲ့သည်။[၂၄၇]

ပြည်ခိုင်ဖြိုးအသင်းသည် ဒေသတွင်းနိုင်ငံများမှ ထောက်ခံမှုကိုရရှိရန်အတွက် ကြိုးပမ်းအားထုတ်နေသည့်အပြင် ကွန်မြူနစ်ပါတီများ၏ ဖွဲ့စည်းတည်ဆောက်ပုံများကိုလည်း အတုယူရန် ကြိုးပမ်းခဲ့သည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီတို့၏ ဖွဲ့စည်းတည်ဆောက်ပုံများကိုလည်း လေ့လာခဲ့သည်။ ပြည်ခိုင်ဖြိုးအသင်း၏ နယကအဖွဲ့ဝင်တစ်ဦးလည်းဖြစ် ဒီပဲယင်း လူသတ်မှုအား နောက်ကွယ်မှ ကြိုးကိုင်စီစဉ်ခဲ့သူဟုလည်း ယုံကြည်ရသူ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး စိုးဝင်း (ကွယ်လွန်)သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဖွဲ့စည်းတည်ဆောက်ပုံအား လေ့လာရန်ရည်ရွယ်ချက်ဖြင့် ဗီယက်နမ်နိုင်ငံသို့ ၂၀၀၃ ခုနှစ်တွင် သွားရောက်

လည်ပတ်ခဲ့သည်။[၂၄၈]

ပြည်ခိုင်ဖြိုးအသင်း၏ ဖွဲ့စည်းတည်ဆောက်ပုံသည် အင်ဒိုနီးရှားနိုင်ငံ၌ သမ္မတဆူဟာတို လက်ထက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော ဂိုကာပါတီ(Golkar Party)နှင့် အလားသဏ္ဍာန် တူသည်။ ဂိုကာပါတီအား စတင်ဖွဲ့စည်းစဉ်အချိန်ကလည်း လူမှုဖူလုံရေးအသင်းအဖွဲ့တစ်ခုအဖြစ် အမှန်းတင်ခဲ့ ကြသည်။ သို့သော်လည်း ၁၉၇၁ ခုနှစ် အင်ဒိုနီးရှားရွေးကောက်ပွဲတွင် ဂိုကာပါတီအနေဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ပါလီမန်အမတ် နေရာအများစုကို ရရှိခဲ့သည်။[၂၄၉] မြန်မာစစ်အစိုးရသည်လည်း ဆူဟာတို လက်ထက် အင်ဒိုနီးရှားနိုင်ငံအား အတုယူ၍ စစ်အုပ်ချုပ်ရေး သက်ဆိုးရှည်စေရန် ကြိုးပမ်းခဲ့သည်။

ပြည်ခိုင်ဖြိုးအသင်းဝင်များသည် အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများသို့ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးများ သွားရောက်ခြင်းဖြင့် ပြည်ခိုင်ဖြိုးအသင်းသည် ပြည်ပထောက်ခံမှုများ ရရှိအောင် ကြိုးစားခဲ့သည်။ ပြည်ခိုင်ဖြိုးအသင်းဝင်များသည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပသော နိုင်ငံတကာ လူငယ်ဖွံ့ဖြိုးတိုးတက်မှု နှီးနှောဖလှယ်ရေး (Internationl Youth Development Exchange Programme) သို့ တက်ရောက်ခဲ့သည်။ ထို့ပြင် ဂျပန်နိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် ပြည်ခိုင်ဖြိုးအသင်းသို့ ဂျပန်ယန်းငွေ ၂၇ သန်း ထောက်ပံ့ပေးခဲ့သည်။[၂၅၀] ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပသော တတိယ အကြိမ်မြောက် အာရှပစိဖိတ်ဒေသ ကျူးဘားစည်းလုံးညီညွတ်ရေးညီလာခံ (Third Asia Pacific Regional Cuba Solidarity Conference in India)သို့လည်း ပြည်ခိုင်ဖြိုးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။[၂၅၁]

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်ခိုင်ဖြိုးအသင်းသည် ပထမဦးစွာ အာဆီယံနိုင်ငံများမှ သံရုံးတာဝန်ခံများနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် အခြား နိုင်ငံခြားသံရုံး တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။[၂၅၂] ၂၀၀၆ ခုနှစ်၊ မတ်လအတွင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆာရက်ဟာမစ် အယ်လ်ဘာ (Syed Hamid Albar)သည် အာဆီယံသံတမန်တစ်ဦးအနေဖြင့် မြန်မာ နိုင်ငံသို့ လာရောက်လည်ပတ်စဉ်က ပြည်ခိုင်ဖြိုးအသင်းနှင့် တွေ့ဆုံခဲ့သည်။[၂၅၃]

## *အမျိုးသားညီလာခံ*

စစ်အစိုးရသည် ၎င်းတို့စိတ်တိုင်းကျ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲရန်နှင့် အရပ်သားအစိုးရသို့ အာဏာလွှဲပြောင်းပေးရန်ဟုဆိုကာ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံအား စတင်ကျင်းပခဲ့သည်။ ထူးခြားသည်မှာ အမျိုးသားညီလာခံကျင်းပရန် ဆုံးဖြတ်ချက်ချပြီး ရက်သတ္တ ပတ်(၂)ပတ်အကြာတွင် ပြည်ခိုင်ဖြိုး ခေါ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအား ဖွဲ့စည်း တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ညီလာခံတွင်လည်း စစ်အစိုးရက လက်ရွေးစဉ် ရွေးချယ်ထားသော ပြည်ခိုင်ဖြိုးအဖွဲ့ဝင် အများအပြား ပါဝင်တက်ရောက်ခဲ့သည်။[၂၅၄] ဤသို့ဖြင့် စစ်အာဏာပိုင်များသည် အမျိုးသားညီလာခံ ဦးတည်ချက် (၆)ရပ်မှ တစ်ခုဖြစ်သည့် အနာဂတ်အမျိုးသားနိုင်ငံရေးတွင် တပ်မ တော်အနေဖြင့် ဦးဆောင်မှုအခန်းမှ ပါဝင်နိုင်ရေးဆိုသည့်အချက်ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၂၀၀၅ ခုနှစ်တွင် အမျိုးသားညီလာခံသို့တက်ရောက်လာသော တိုင်းရင်းသားလူမျိုးစုများတွင် ကိုယ်စားလှယ်အရေအတွက် (၆၃၃)ဦးမှာ ပြည်ခိုင်ဖြိုးအသင်းဝင်များဖြစ်၍ ညီလာခံတက်ရောက်သူ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၅၈)ရာခိုင်နှုန်း ရှိခဲ့သည်။[၂၅၅] မကွေးတိုင်းအတွင်းရှိ မြို့နယ်တစ်ခုတွင် အမျိုးသားညီလာခံသို့ တက်ရောက်သူကိုယ်စားလှယ် (၃) ဦးအနက် (၂)ဦးမှာ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များ ဖြစ်သည်။ အလားတူပင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည်လည်း ပြည်ခိုင်ဖြိုးအသင်းဝင်များ ဖြစ်သည်။[၂၅၆] ၎င်းတို့သည် ဥပဒေရေးရာကျွမ်းကျင်သူများ မဟုတ်သကဲ့သို့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များလည်း မဟုတ်ပေ။[၂၅၇] ထို့အပြင် အမျိုးသားညီလာခံသို့ တက်ရောက်မည့် ပြည်ခိုင်ဖြိုးကိုယ်စားလှယ်များကိုလည်း စစ်အစိုးရက ငွေကြေးအထောက်အပံ့များ ပေးခဲ့သည်။[၂၅၈] ထိုငွေကြေးအထောက်အပံ့များသည် မြန်မာပြည်ရှိ အိမ်ထောင်စုအသီးသီးမှ လိုက်လံကောက်ခံထားသော ပြည်သူလူထု၏ ငွေကြေးများသာ ဖြစ်သည်။[၂၅၉] ဤသို့ဖြင့် စစ်အစိုးရသည် ပြည်ခိုင်ဖြိုးအဖွဲ့ဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ငွေကြေးထောက်အပံ့များ၊ မက်လုံးများပေး၍ ညီလာခံတက်ရောက်ရန် ဆွဲဆောင်စည်းရုံးခဲ့သည်။ မက်လုံးပေးဆွဲဆောင်မှုများမပါပဲ ပြည်ခိုင်ဖြိုးအသင်းဝင်များအား စည်းရုံးနိုင်စွမ်းမရှိပေ။

အနာဂတ်ရွေးကောက်ပွဲများတွင် စစ်အစိုးရ၏ ကျောထောက်နောက်ခံအဖွဲ့ဖြစ်သည့် ပြည်ခိုင်ဖြိုးအသင်းဝင်က ရောက်ယှဉ်ပြိုင်နိုင်ရန် အဆင်သင့်ဖြစ်သည်အထိ အမျိုးသားညီလာခံအား (၁၄)နှစ်ကြာအောင် အချိန်ဆွဲ ကျင်းပပေးခဲ့သည်။ စစ်အစိုးရက တဖက်သက်ရေးဆွဲထားသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် တပ်မတော်(စစ်တပ်)အား လွှတ်တော်အမတ်နေရာ (၂၅)ရာခိုင်နှုန်းကို အလိုအလျောက်ပေးထားပြီး ကျန်ရှိသောနေရာများကိုမှ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည့် နိုင်ငံရေးပါတီများအတွက် ချန်လှပ်ထားခဲ့သည်။ အထူးသဖြင့် စစ်အစိုးရသည် ကျန်ရှိသော အမတ်နေရာများကို ၎င်းတို့၏လက်ကိုင်တုတ် ပြည်ခိုင်ဖြိုးအသင်းအား ဝင်ရောက်ယှဉ်ပြိုင်စေရန် စီစဉ်ထားပြီး နိုင်ငံတော်အာဏာတစ်ခုလုံးကို ပြန်လည်ချုပ်ကိုင်နိုင်ရန် အားထုတ်ခဲ့သည်။ သို့သော်လည်း ပြည်ခိုင်ဖြိုးအသင်းတွင် အခြေအနေအကြောင်းအမျိုးမျိုးဖြင့် အဖွဲ့ဝင် သန်းပေါင်းများစွာရှိနေသော်လည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးအရတက်ကြွမှုရှိသည့် အဖွဲ့ဝင်အရေအတွက်မှာ အလွန်နည်းပါးလှသည်။ ဤအချက်သည် စစ်အာဏာပိုင်များအား စိုးရိမ်မကင်းဖြစ်စေခဲ့သည်။[၂၆၀]

အနာဂါတ်ရွေးကောက်ပွဲများတွင် ပြည်ခိုင်ဖြိုးအသင်းက အနိုင်ရရှိပါက မြန်မာ့နိုင်ငံရေးသည် တစ်ပါတီအာဏာရှင်စနစ်သို့ ပြန်လည်ရောက်ရှိလာပြီး ပြည်သူလူထု၏ နေ့စဉ်ဘဝများသည်လည်း ပိုမိုဆိုးရွားလာမည် ဖြစ်သည်။ ထို့ပြင် တစ်ပါတီအာဏာရှင်အဖြစ် ပြန်လည်ပေါ်ထွက်လာမည့် နအဖစစ်အစိုးရသည် ပြည်ခိုင်ဖြိုးအသင်း၏အခန်းကဏ္ဍကို မြှင့်တင်ပေးရန်ကြိုးပမ်းပြီး တချိန်တည်း၌ NLD ပါတီအား အမြစ်ဖြတ်ချေမှုန်းရန် ကြိုးပမ်းမည်ဖြစ်ပေသည်။

---

# မှတ်စုများ

[၁] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် ရံပုံငွေရှာခြင်း၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)၊ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်။

[၂] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အခြေခံစည်းမျဉ်း၊ ၁၉၉၃ ခုနှစ် စက်တင်ဘာလ (၁၅)ရက်။

[၃] *Mobilization of the Mass: How Much of a Threat is the USDA?* L. Hancock. Burma Issues. 2003.

[၄] *Politics of Stability: Co-opting Burma's Civil Society Through the USDA*. V Coakley. Burma Issues Newsletter Vol. 8, No.10. October 1998.

[၅] *USDA Serving National Interests as it Represents the People*. Eint Dail. The Golden Land. 4 November 2005.

[၆] *The Union Solidarity and Development Association*. David Steinberg. Burma Debate. Vol. 4. Jan-Feb 1997.

[၇] မြန်မာ့အလင်းသတင်းစာ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်။

[၈] မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ၁၉၉၄ ခုနှစ်၊ စာ ၇၅။

[၉] အာဏာပိုင်တွေ ဒေသခံတွေကို ကြံ့ဖွံ့နဲ့ စွမ်းအားရှင်ထဲ အဓမ္မထည့်သွင်း၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၆)ရက်။

[၁၀] အင်န်ဒီဒီ အင်တာဗျူး၊ ၂၀၀၆ ခုနှစ် မေလ။

[၁၁] *SLORC Activities in Nyaunglebin Districe*. An Independent Report by the Karen Human Rights Group. 22 February 1994.

[၁၂] *Demoratic Voice of Burma*. 180302.

[၁၃] အင်န်ဒီဒီ အင်တာဗျူး၊ ၂၀၀၆ ခုနှစ် မေလ။

[၁၄] *USDA Membership on the Increase.* KAO WAO News No. 76. 9-24 September 2004.

[၁၅] *Exposing the Real USDA*. NCGUB Information Unit. NCGUB.

[၁၆] အင်န်ဒီဒီ အင်တာဗျူး၊ ၂၀၀၆ ခုနှစ် မေလ။

[၁၇] ၁၁၊၀၁၊၂၀၀၅ ရက်နေ့ ရွှေဟင်္သာခန်းမတွင် ကျင်းပပြုလုပ်သော ပြည်ခိုင်ဖြိုးအသင်း လစဉ်ပုံမှန်အစည်းအဝေးမှတ်တမ်းမှ ကောက်နုတ်ချက်။

[၁၈] နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဆောင်ရွက်ချက် သမိုင်းဝင်မှတ်တမ်း၊ တိုင်းကျိုးပြည်ပြု၊ တတိယတွဲ၊ ၁၉၉၅ ဧပြီလ (၁) မှ ၁၉၉၇ နိုဝင်ဘာ လ (၁၄)။

[၁၉] *New Light of Myanmar*. 12 February 2005.

[၂၀] အင်န်ဒီဒီ အင်တာဗျူး၊ ၂၀၀၆ ခုနှစ် မေလ။

[၂၁] *Burma's Myinggyan college students forced to join USDA*. Democratic Voice of Burma. 15 August 2006)

[၂၂] အင်န်ဒီဒီ အင်တာဗျူး၊ ၂၀၀၆ ခုနှစ် မေလ။

[၂၃] *Mandalay Students Tricked into Joining USDA Member.* Democratic Voice of Burma. 2004.

[၂၄] *ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်။*

[၂၅] *USDA Rises Again*. SHAN. 11 October 2003.

[၂၆] *အင်န်ဒီဒီ အင်တာဗျူး၊ ၂၀၀၆ ခုနှစ် မေလ။*

[၂၇] *နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁၉၉၅)၊* ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း။

[၂၈] *The Union Solidarity and Development Association*. David Steinberg. Burma Debate. Vol. 4, No.1. Jan-Feb. 1997.

[၂၉] *AB-NA 960429*. NDD Chronology 1996.

[၃၀] *Human Rights Year Book 1996: Burma*. NCGUB.Page-651.

[၃၁] *Mobilization of the Masses: How Much of a Threat is the USDA?* L.Hancock. Burma Issues.2003.

[၃၂] *နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ၊ ၁၉၉၅ ခုနှစ်၊* ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း။

[၃၃] *AB-NA 960317*. NDD Chronology 1996.

[၃၄] *USDA HQ's Business and Fundraising*. Inside Source. NDD. 2005.

[၃၅] *ကြံ့ဖွံ့အဖွဲ့ ဗွီဒီယိုထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်လာ၊ ခေတ်ပြိုင်ဂျာနယ်၊ ၂၀၀၆ ခုနှစ်* အောက်တိုဘာ ၁၆ ရက်။

[၃၆] *အင်န်ဒီဒီ အင်တာဗျူး၊ ၂၀၀၆ ခုနှစ် မေလ။*

[၃၇] *USDA as powerful as the Local Intelligence Services in Arakan*. BNI Weekly News. 24 November 2003.

[၃၈] *Oppression on NLD Members Continue in Rangoon Thone Gwa*. Democratic Voice of Burma. 10 December 2005.

[၃၉] *ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၈ ရက်။*

[၄၀] *Burma Pokokku USDA Secretary Uses Thugs to Cow People*. Democratic Voice of Burma. 5 November 2005.

[၄၁] *အင်န်ဒီဒီ အင်တာဗျူး၊ ၂၀၀၆ ခုနှစ် မေလ။*

[၄၂] *အင်န်ဒီဒီ ပြည်တွင်းသတင်း၊ ၂၀၀၇ ခုနှစ်။*

[၄၃] *USDA as powerful as the Local Intelligence Services in Arakan*. BNI Weekly News. 24 November 2004.

[၄၄] *Burmese Civil Servants Sacked for Signing NLD Petition*. Democratic Voice of Burma. 17 August 2004.

[၄၅] *ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးရေးစီမံချက်၊ တောင်ဥက္ကလာပမြို့နယ်၊* ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်။

[၄၆] *အဖွဲ့ချုပ်အဖွဲ့ဝင်များ နှုတ်ထွက်ရန် ကြံ့ဖွံ့အဖွဲ့ မက်လုံးပေးစည်းရုံး*၊ ၂၀၀၇ ခုနှစ်၊ မတ်လ ၂၈ ရက်။

[၄၇] *Burma's Forced Registration-the Final Onslaught?* The Irrawaddy. 01 December 1998.

[၄၈] *Opposition Resignations Cited in Myanmar.* The Associated Press. 6 May 2006.

[၄၉] *Inside Source*. NDD. 17 May 2006.

[၅၀] *PDC News commentary.* the Political Defiance Committee (PDC) of the National Council of the Union of Burma (NCUB). July 2007.

[၅၁] *USDA Members Enticing NLD Members to Quit Party at Shwebo*. Democratic Voice of Burma. 22 August 2006.

[၅၂] *Burma Junta's USDA Members Pressure NLD Members to Quit Party*. Democratic Voice of Burma. 4 November 2005

[၅၃] *Another NLD leader forced to resign by pressures from Burma junta*. Democratic Voice of Burma. 27 April 2006.

[၅၄] *Human Rights Yearbook 1999-2000: Burma*. Human Rights Documentation Unit. NCGUB. p. 247.

[၅၅] *Burma junta's USDA members pressure NLD members to quit party*. Democratic Voice of Burma. 04 November 2005.

[၅၆] *NLD Members Forced to Join USDA in Eastern Burma.* 19 August 2004.

[၅၇] *NLD Member Refused Teaching Job in Southern Burma*. Democractic Voice of Burma. 20 August 2004.

[၅၈] *NLD Member Pressured to Quit NLD in Mandalay Division, Burma*. 24 August 2004.

[၅၉] *အင်န်ဒီဒီ အင်တာဗျူး*၊ ၂၀၀၆ ခုနှစ် မတ်လ။

[၆၀] *Voice of Burma*. Issue No. 568. AUGUST 27, 2006

[၆၁] *အင်န်ဒီဒီ အင်တာဗျူး*၊ ၂၀၀၆ ခုနှစ် မတ်လ။

[၆၂] *USDA: The Organization Strengthening the Military Rule in Burma (Myanmar)*. The Mon Forum. April 2005.

[၆၃] *USDA Distrubs Formation of NLD Social Support Group*. Burma News International. 26 April 2004.

[၆၄] *NLD Probihited from Donating Rice to Flood-Hit Areas in Burma*. Democratic Voice of Burma. 21 August 2004.

[၆၅] *အင်န်ဒီဒီ အင်တာဗျူး*၊ ၂၀၀၆ ခုနှစ် မေလ။

[၆၆] *အောင်လံမြို့မှာ လူထုကို ကြံ့ဖွံ့ထဲ အတင်းဆွဲသွင်း*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်။

*အာဏာရူးစစ်အုပ်စုက နာရေးအဖွဲ့ကို ကြံ့ဖွတ်လက်အောက် သွတ်သွင်းရန် ကြိုးပမ်း*၊ Voice of Burma ၊၂၀၀၆ ခုနှစ် ဩဂုတ်လ (၂၂)ရက်။

[၆၇] အောင်လံမြို့မှာ လူထုကို ကြံ့ဖွံ့ထဲ အတင်းဆွဲသွင်း၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်။

[၆၈] အောင်မြင်နေသည့် ချောက်မြို့မှ နာရေးကူညီမှုလုပ်ငန်းကို ကြံ့ခိုင်ဖွံ့ဖြိုးရေး ဝင်ချယ်လှယ်၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်။

[၆၉] စေတနာအခမဲ့ဆိုသော ပြည်ခိုင်ဖြိုးဆေးခန်းတိုကင်ဖိုးကောက်နေ၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်။

[၇၀] ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅) မှ ကောက်နုတ်ဖော်ပြချက်။

[၇၁] စေတနာအခမဲ့ဆိုသော ပြည်ခိုင်ဖြိုးဆေးခန်း တိုကင်ဖိုးကောက်နေ၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်။

[၇၂] *Burma USDA members told to take control of local activities*. 9 September 2005.

[၇၃] ကြံ့ဖွံ့က အကျဉ်းသားများကို ဓါတ်ပုံရိုက်ပြီး မိသားစုကို ငွေထောက်ပံ့၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ (၆)ရက်။

[၇၄] နိုင်ငံရေးအကျဉ်းသားမိသားစုများကို အာဏာပိုင်များက ခြိမ်းခြောက်၊ ဒီမိုကရက်တစ်မြန်မာအသံ၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ (၂၃)ရက်။

[၇၅] *USDA Members Told to Take Control of Local Activities*. Democratic Voice of Burma. 9 September 2005.

[၇၆] *Red Cross Hopes to be Left Alone*. The Irrawaddy. 31 January 2006.

[၇၇] နယ်ခြားမဲ့ဆရာဝန်များအဖွဲ့ မြန်မာနိုင်ငံမှထွက်၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၆ ခုနှစ်၊ မတ်လ (၃၀)ရက်။

[၇၈] *Red Cross Hopes to Be Left Alone*. Irrawaddy. 31 January 2006.

မြန်မာအကျဉ်းထောင်များတွင် ဆေးဝါး ပြတ်လတ်နေပြီ၊ Voice of Burma ၊ ၂၀၀၆ ခုနှစ် မေလ (၄)ရက်။

နိုင်ငံတကာကြက်ခြေနီရုံးတွေပိတ်ဖို့ နအဖစစ်အုပ်စု အမိန့်ထုတ်၊ RFA၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ (၂၇)ရက်။

[၇၉] *ICRC Might Be Allowed to Inspect Burmese Prisons Freely Again*. Democratic Voice of Burma. 12 January 2006.

[၈၀] နိုင်ငံတကာကြက်ခြေနီရုံးတွေပိတ်ဖို့ နအဖစစ် အုပ်စု အမိန့်ထုတ်၊ RFA၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ (၂၇)ရက်။

[၈၁] အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီရုံးများ ပြန်ဖွင့်ခွင့်ရ၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ (၁၅)ရက်။

[၈၂] မြန်မာအကျဉ်းထောင်များတွင် ဆေးဝါးပြတ်လတ်နေပြီ၊ Voice of Burma ၊ ၂၀၀၆ ခုနှစ် မေလ (၄)ရက်။

[၈၃] *Voice of Burma* ၊ ၂၀၀၆ ခုနှစ် မေလ ၂၄ ရက်။

[၈၄] *ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊* ၂၀၀၅ ခုနှစ်။

[၈၅] *Monthly Human Rights Situation Report*. Mergui-Tavoy Information Department. KNU. October 2003.

[၈၆] *ညီလာခံထောက်ခံပွဲ မတက်မနေရ၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၁၃ ရက်။

[၈၇] *မြစ်ကြီးနားတွင် တန်ပြန်သပိတ်မှောက်ရန် နယ်မှ ဝန်ထမ်း၊ ကြံ့ဖွံ့တွေ ခေါ်ယူလူစု၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၂၉ ရက်။

[၈၈] နအဖ*ညီလာခံထောက်ခံပွဲကို ကချင်လူငယ်များကန့်ကွက်၊* မဇ္ဈိမသတင်းဌာန၊ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၈ ရက်။

[၈၉] *အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၀၄ခုနှစ်၊ မေ (၂၇)ရက်နေ့ရက်စွဲပါ ကြေငြာချက်အမှတ်–၆ (၅/၀၃)*။

[၉၀] *မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ၂၀၀၃ ခုနှစ်၊ မေလ (၂၉)ရက်နေ့ည၊ မုံရွာမြို့ဆိုင်းဘုတ်တင်ပွဲတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ*။

[၉၁] *Human Rights Yearbook 1999-2000: Burma*. Human Rights Documentation Unit. NCGUB. p. 247. 248.

[၉၂] *အင်န်ဒီဒီ အင်တာဗျူး၊* ၂၀၀၆ ခုနှစ် မတ်လ။

[၉၃] *ဘီဘီစီထံသို့ ပေးစာများ (၂)၊* ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်။

[၉၄] *တောင်တွင်းကြီးညီလာခံထောက်ခံပွဲအကြောင်း၊* MIZZIMA news ၊၂၀၀၇ ခုနှစ် အောက်တို ဘာ ၂ ရက်။

[၉၅] မန္တလေးတိုင်းက *မြို့နယ်နှစ်ခုတွင်လည်း ညီလာခံထောက်ခံပွဲ ပြုလုပ်၊* MIZZIMA news ၊၂၀၀၇ ခုနှစ် အောက်တိုဘာ ၃ ရက်။

[၉၆] *ပခုက္ကူသံဃာတော်များက မေတ္တာပို့ လမ်းလျှောက်ဆန္ဒပြပွဲကို ပြန်လည်စတင်ပြီ၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၃၁ ရက်။

[၉၇] *ညီလာခံထောက်ခံပွဲကိုသွား ကားတစီးမှောက်၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၉ ရက်။

[၉၈] *မကွေးမြို့ညီလာခံထောက်ခံပွဲ တက်ရောက်ရန် မြို့နယ်အချို့ အဓမ္မအခေါ်ခံရ၊* MIZZIMA News ၊၂၀၀၇ ခုနှစ် အောက်တိုဘာလ ၅ ရက်။

[၉၉] *ဘီဘီစီထံသို့ ပေးစာများ (၁)၊* ၁၉၉၄ ခုနှစ် ဖေ ဖော်ဝါရီလ (၂၁) ရက်။

[၁၀၀] *ညီလာခံထောက်ခံပွဲကိုသွား ကားတစ်စီးမှောက်၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၉ ရက်။

[၁၀၁] *စစ်အစိုးရညီလာခံထောက်ခံပွဲမှာ ကျောင်းသားလူငယ်များ မိုးမိပြီးဖျားနာ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်။

[၁၀၂] *Human Rights Year Book 1994: Burma*. NCGUB. Page-124.

[၁၀၃] *The Burmese Generals are Lying to the World*. Rhododendron News. Volume VI. No. V. September-October 2003. Chin Human Rights Organization. 20 October 2003.

[၁၀၄] *ညီလာခံထောက်ခံပွဲ မတက်မနေရ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၁၃ ရက်။

[၁၀၅] *မကွေးမြို့ညီလာခံ ထောက်ခံပွဲ တက်ရောက်ရန် မြို့နယ်အချို့ အဓမ္မအခေါ်ခံရ*၊ MIZZIMA News ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၅ ရက်။

[၁၀၆] *နမ့်ခမ်းဆန္ဒဖော်ထုတ်ပွဲ တအိမ်တယောက် မတက်မနေရ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်။

[၁၀၇] *နအဖရဲ့ နိုင်ငံရေးလမ်းပြမြေပုံထောက်ခံပွဲတွေ ပြည်နယ်နဲ့တိုင်းအသီးသီးမှာ ဆက်တိုက်ပြုလုပ်*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။

[၁၀၈] *SLORC Activities in Nyaunglebin District*. An Independent Report by the Karen Human Rights Group. 22 February 1994.

[၁၀၉] *မန္တလေးတိုင်းက မြို့နယ်နှစ်ခုတွင်လည်း ညီလာခံထောက်ခံပွဲ ပြုလုပ်*၊ MIZZIMA news ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၃ ရက်။

[၁၁၀] *Burma Human Rights Yearbook*. Human Rights Documentation Unit. NCGUB. 1994.

[၁၁၁] *Forced Backing for Road Map*. Irrawaddy. 22 September 2003.

[၁၁၂] *Sieg Heli, SPDC: Burma Junta Thugs Hold Mass Rallies for Military Rule*. Democratic Voice of Burma. 12 January 2006.

[၁၁၃] *ဗိုလ်ခင်ညွန့်ကို ထောက်ခံရန် လာဘ်ထိုးမြူဆွယ်*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်။

[၁၁၄] *ပဲခူးညီလာခံထောက်ခံပွဲ တအိမ်တယောက် အဓမ္မတက်ရောက်ခိုင်း၊ ဈေးဆိုင်များလည်း ပိတ်ရ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၆)ရက်။

[၁၁၅] *အတုအယောင်ထောက်ခံပွဲ ဘိုကလေးနှင် မြဝတီတွင်ပြုလုပ်*၊ ရိုးမ ၃၊ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၅ ရက်။

[၁၁၆] *ငွေကျပ် ၃၀၀၀ ရ၍ ဆန္ဒပြ*၊ Radio Free Aasia ၊၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်။

[၁၁၇] *မြန်မာ့အလင်းသတင်းစာ*၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်။

[၁၁၈] *နမ့်ခမ်းဆန္ဒ ဖော်ထုတ်ပွဲ တအိမ်တယောက် မတက်မနေရ*၊ ဒီမိုကရက်တစ်မြန်မာအသံ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်။

[၁၁၉] *အမေရိကန်အားကိုး ပုဆိန်ရိုးဆိုင်ဘုတ်များကို စီးပွားရေးကြော်ငြာများအပေါ်၌ တင်ထား*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၅ ရက်။

[၁၂၀] *ညောင်နှစ်ပင်ထောက်ခံပွဲများ ကျင်းပရန်စီစဉ်*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်။

[၁၂၁] *သန်းရွှေနာရေးပို့ရေး ဒို့အရေး အော်ခဲ့သူ ၃ ဦး အဖမ်းခံရ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်။

[၁၂၂] *တောင်တွင်းကြီးညီလာခံထောက်ခံပွဲအကြောင်း*၊ MIZZIMA news ၊၂၀၀၇ ခုနှစ် အောက်တိုဘာလ ၂ ရက်။

[၁၂၃] *Report Card, Burma*. 1 December 2001-31 March 2002. Altsean Burma. July 2002.

[၁၂၄] *The Burmese Military Intelligence Extorts Money from the Fish Boats for NGOs*. Narinjara News.

[၁၂၅] *ရေနံချောင်းမြို့နယ် ကြံ့ဖွံ့အဖွဲ့ဝင်တွေက ဒေသခံများအား မိုက်ကြေးခွဲ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ (၂၂)ရက်။

[၁၂၆] *ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ ၂၀၀၅ ခုနှစ်။*

[၁၂၇] *ရေနံချောင်းမြို့နယ် ကြံ့ဖွံ့အဖွဲ့ဝင်တွေက ဒေသခံများအား မိုက်ကြေးခွဲ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၄ ခုနှစ်၊ ဇွန်လ (၂၂) ရက်။

[၁၂၈] ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၃၀)ရက်။

[၁၂၉] *People's Land Confisc-ated for Sale in USDA Fund Drive.* BNI Weekly News. 15 December 2003.

[၁၃၀] *Burmese Authorities Misappropriates Money for Children's Education*. Demoratic Voice of Burma. 11 April 2005.

[၁၃၁] *အနေဖတို့ လေဘေးအကူအညီပေးမှုကို ဖြတ်စား၊ မကျေနပ်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ခင်ညွန့်ထံ တိုင်ကြားသူများအား ဖမ်းဆီး*၊ Narinjara News ၊၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၉)ရက်။

[၁၃၂] *ကြံ့ဖွံ့အဖွဲ့က ကျောင်းရံပုံငွေကို အလွဲသုံးစားလုပ်*၊ ရိုးမ–၃၊ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၆ ရက်။

[၁၃၃] *ရုံးဆောက်ရန် ငွေသိန်း(၅၀)ကို ချောက်ကြံ့ဖွံ့စည်းရုံးရေးမှူးနှင့်အဖွဲ့ ကိုယ်ကျိုးသုံး*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၄ အောက်တိုဘာ ၂၀၀၆။

[၁၃၄] *Crime Against Humanity: Dirty Politics on the Hands of the Burmese Junta*. Banya Hongsar. 18 June 2004.

[၁၃၅] *နိုင်ငံတကာအဖွဲ့အစည်းများကို လိမ်ညာလှည့်ဖြားရန် မွန်ပြည်နယ်၊ မုဒုံမြို့နယ်တွင် သင်တန်းပေး*၊ Voice of Burma ၊၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်။)

[၁၃၆] *ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်လုံး ကျွတ်အစည်းအဝေး (၂၀၀၇) တွင် ပြောကြားခဲ့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိန့်ခွန်းမှ ကောက်နှုတ်ချက်*၊ မြန်မာ့အလင်းသတင်းစာ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်။

[၁၃၇] *ပြည်ခိုင်ဖြိုးအသင်း၏ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့စွဲပါ တောင်ဥက္ကလာပစီမံချက်မှ ကောက်နုတ်ချက်*။

[၁၃၈] *နအဖက အဖွဲ့ချုပ်ဖြိုခွဲရေး နည်းဗျူဟာသစ်များချမှတ်*၊ ဒီမိုကရက်တစ်မြန်မာအသံ၊ ၂၀၀၅ ခုနှစ် ဧပြီလ ၂၀ ရက်။

[၁၃၉] *မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့် အရေးအထူးကိုယ်စားလှယ် မစ္စတာပီညဲရိုး၏ အစီရင်ခံစာ*၊၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်။)

[၁၄၀] *နအဖသတင်းစာရှင်းလင်းပွဲ (၇ /၂၀၀၆)*၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂ ရက်၊ မြန်မာ့အလင်းသတင်းစာ။

[၁၄၁] *အင်န်ဒီဒီ ပြည်တွင်းသတင်း*။

[၁၄၂] *စွမ်းအားရှင်များ ပြည်သူတို့ကို စောင့်ကြည့်မှုရပ်ဆိုင်း*၊ ခေတ်ပြိုင်ဂျာနယ်၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်။

[၁၄၃] *စွမ်းအားရှင်များ ပြည်သူတို့ကို စောင့်ကြည့်မှုရပ်ဆိုင်း*၊ ခေတ်ပြိုင်ဂျာနယ်၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်။

[၁၄၄] *The Union Solidarity and Development Association. David Steinberg*. Burma Debate. Vol.4, No.1. Jan-Feb. 1997. Quote from Gen. Than Shwe, 1996.

[၁၄၅] *Exposing the Real USDA*. NCGUB Information Unit. NCGUB.

[၁၄၆] *The USDA Factor: The Thuggish Civilian Wing of the Military Junta Must not Be Overlooked During Burma's Political Transition*. Min Zin. The Irrawaddy Vol.11, No.6. July 2003.

[၁၄၇] *ဖြူးမြို့နယ်လုံးကျွတ် ပြည်သူ့စစ်သင်တန်းပေး*၊ မဇ္ဈိမသတင်း၊ ၂၀၀၅ ခုနှစ် မတ်လ ၁၃ ရက်။

[၁၄၈] *ပြည်ပရန်ကာကွယ်ရန် တနိုင်ငံလုံးအတိုင်းအတာနဲ့ နအဖစစ်ဗိုလ်ချုပ်တွေက သင်တန်းပေး*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၄ ရက်။

[၁၄၉] *အင်န်ဒီဒီ ပြည်တွင်းသတင်း*၊၂၆–၃–၂၀၀၇။

[၁၅၀] *ပြည်ပရန်ကာကွယ်ရန် တနိုင်ငံလုံး အတိုင်းအတာနဲ့ နအဖစစ်ဗိုလ်ချုပ်တွေက သင်တန်းပေး*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၄ ရက်။

[၁၅၁] *ပြည်ပရန်ကာကွယ်ရန် ဝန်ထမ်းများအား စစ်သင်တန်းပေး*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်။

[၁၅၂] *Police deliver military training to civilians*. Democractic Voice of Burma. 30 October 2007.

[၁၅၃] *Mon State PDC Ordered Chaungzon USDA to Form USDA Battalion in Town*. Burma News International. 15 October 2004.

၁၅၄ *အင်န်ဒီဒီ ပြည်တွင်းသတင်း၊ ၂၁–၃–၂၀၀၇။*

၁၅၅ *Recruiting Civilians in Village Communities to Attend Short-Term Basic Military Training.* Independent Mon News Agency. 18 June 2003.

၁၅၆ *SPDC trains over 200 Chin people*. Khonumthung News. 12 September 2006.

၁၅၇ *ရွာသားများ စစ်သင်တန်းတက်ရန် အာဏာပိုင်များက အမိန့်ထုတ်၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် မေလ ၇ ရက်။

၁၅၈ *ပြည်ပရန်ကာကွယ်ရန် တနိုင်ငံလုံးအတိုင်းအတာနှင့် နအဖစစ်ဗိုလ်ချုပ်တွေက သင်တန်းပေး၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၄ ရက်။

၁၅၉ *ဖြူးမြို့နယ်လုံးကျွတ် ပြည်သူ့စစ်သင်တန်းပေး၊* မဇ္ဈိမသတင်း၊ ၂၀၀၅ ခုနှစ် မတ်လ ၁၃ ရက်။

၁၆၀ *ရခိုင်ပြည်နယ်၌ အရံတပ်ဖွဲ့အား ပြည်သူ့စစ်နှင့် မီးသတ်များဖြင့် ဖွဲ့စည်းမည်ဟုဆို၊* နိရဉ္စရာ သတင်း၊ ၂၀၀၆ ခုနှစ် ဩဂုတ် လ ၁၂ ရက်။

၁၆၁ *ရခိုင်ကမ်းလွန်တွင်း နအဖက စစ်စခန်းများတိုးချဲ့၊* Mizzima News၊ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၈ ရက်။

၁၆၂ *Burmese Army forms people's militias in border area*. Narinjara News. 14 February 2007.

၁၆၃ *Two Militia Trainings Held in Maungdaw inquire*. Narinjara News. 30 October 2007.

၁၆၄ *The Game Plan of the Nazi Generals in Burma*. Weekly Inside News Commentary No. 227. NDD. 9 December 2005.

၁၆၅ *ကြံ့ဖွံ့အဖွဲ့ထောက်လှမ်းရေးတာဝန်ပါ ထမ်းဆောင်၊* ခေတ်ပြိုင်ဂျာနယ်၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်။

၁၆၆ *Crime Against Humanity: Dirty Politics on Hands of Burmese Junta*. Banya Hongsar. 18 June 2003. Monland.

၁၆၇ *USDA: Act Locally and Lie Globally. Banya Hongsar*. KAO WAO News No. 30. November 1-13, 2002.

၁၆၈ *Moles on Moles: Burma USDA Warns Members against News Leak*. Democratic Voice of Burma. 29 June 2005.

၁၆၉ *ပြည်ပမီဒီယာတွေကို နအဖက အီးနည်းနဲ့ တိုက်မည်၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၆ ခုနှစ် မေလ ၄ ရက်။

၁၇၀ *မြန်မာ့အလင်းသတင်းစာ၊* ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်။

၁၇၁ *Burma USDA members to be given military intelligence courses*. Democratic Voice of Burma. 13 September 2006.

၁၇၂ *အင်န်ဒီဒီ အင်တာဗျူး၊* ၂၀၀၆ ခုနှစ် မေလ။

၁၇၃ *USDA: Act Locally and Lie Globally. Banya Hongsar*. KAO WAO News No. 30. November 1-13, 2002.

၁၇၄ *Confidential News of the USDA*. Inside Source. NDD. 15 January 2005.

[၁၇၅] *ကျောင်းသားခေါင်းဆောင်များကို တရားစွဲရန် အနဖက အချက်အလက်ရှာဖွေ၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၉ ရက်။

[၁၇၆] *အင်န်ဒီဒီ အင်တာဗျူး၊* ၂၀၀၆ ခုနှစ် မေလ။

[၁၇၇] *Inside Source*. NDD. 1 May 2006.

[၁၇၈] *ကိုသက်နိုင်ဦးအမှုအား မြို့တော်သတင်းစာမှာ လိမ်လည်၍ဖော်ပြ၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၆ ခုနှစ် မတ်လ ၂၃ ရက်။

[၁၇၉] *ပြည်တွင်းသတင်းသုံးသပ်ချက်–အမှတ်စဉ် (၂၉၂)၊* အင်န်ဒီဒီ၊ ၂၀၀၇ ခုနှစ် ဧပြီလ ၂၈ ရက်။

*အာဏာပိုင်များ၏ ဝိုင်းဝန်းရိုက်နှက်ခြင်းခံရသူတဦးအပါအဝင် ရွာသား ၆ ဦး တရားစွဲဆိုခြင်းခံရ၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊၂၀၀၇ ခုနှစ် ဧပြီလ ၂၇ ရက်။

[၁၈၀] *မြန်မာ့အလင်းသတင်းစာ၊* ၂၀၀၇ ခုနှစ် ဧပြီလ ၂၃ ရက်။

[၁၈၁] *မြောက်ဥက္ကလာပ ရယကရုံး၌ ဖမ်းဆီးခံထားရစဉ် လူတဦး သေဆုံးမှုဖြစ်၊* ဧရာဝတီအင်တာနက်မဂ္ဂဇင်း၊ ၂၀၀၇ ခုနှစ် မတ်လ ၁၉ ရက်။

[၁၈၂] *အရပ်သားတစ်ဦး သေဆုံးမှု၌ သက်သေထွက်ဆိုမည့်သူကို ကြံ့ဖွံ့များက လိုက်လံဖမ်းဆီး၊* ဒီမိုကရက်တစ်မြန်မာအသံ၊ ၂၀၀၇ ခုနှစ် မတ်လ ၂၁ ရက်။

[၁၈၃] *ကြည့်မြင်တိုင်စခန်းမှူး လက်ရဲဇက်ရဲ နှိပ်စက်ညှင်းပန်း၊* ဒီမိုကရက်တစ်မြန်မာအသံ၊ ၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက်။

[၁၈၄] *နအဖ ကျွေးမွေးထားတဲ့ စွမ်းအားရှင်များ လူထုကို လက်ရဲဇက်ရဲအနိုင်ကျင့်၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဧပြီလ ၆ ရက်။

[၁၈၅] *Rangoon Sanchaung NLD Youth Attacked by Junta Thugs*. Democratic Voice of Burma. 21 August 2005.

[၁၈၆] *Burmese Local Authority on Trial in Rangoon Hlain Thaya*. Democratic Voice of Burma. 30 August 2005.)

[၁၈၇] *သံလက်သီးဖြင့် အထိုးခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အမှုကိုဆက်လက်စစ်ဆေး၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်။

[၁၈၈] *ပြည်မြို့တွင် တက္ကသိုလ်ကျောင်းသားတစ်ဦး ကြံ့ဖွံ့အဖွဲ့တချို့၏ ရိုက်နှက်ခံရ၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၁ ရက်။

[၁၈၉] *Prome University Students Beaten Up By Free-Range Thugs*. Democratic Voice of Burma. 15 March 2004.

[၁၉၀] *Burma Arakan Muslin Student Killed by 'Unknown' Thugs*. Democratic Voice of Burma. 4 September 2005.

[၁၉၀] *Car Victim Told to Drop Charge Against Burma Junta Official*. Democratic Voice of Burma. 17 July 2004.

[၁၉၂] *ကြံ့ဖွံ့အဖွဲ့၏ဝိုင်းဝန်းရိုက်နှက်မှုကြောင့် မန္တလေးမှ လူငယ်တဦး ဆေးရုံရောက်၊* ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဧပြီလ ၁၂ ရက်။

[၁၉၃] *"New" Strategies Dreamt Up by the Burma Junta to Destroy the NLD*. Democratic Voice of Burma. 22 June 2005.

[၁၉၄] *Human Rights Year Book 2001-2002: Burma*. NCGUB.

[၁၉၅] *USDA Sets Village on Fire and Kidnap 32 Muslim Students in Burma*. Muslim Information Center of Burma. News Story 097. February 4, 2003.

[၁၉၆] *Hindu Temple Burnt Down in Central Burma by Junta Thugs*. Democratic Voice of Burma. 2 July 2005.

[၁၉၇] *မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပီညဲရိုး၏ အစီရင်ခံစာ*၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်။

[၁၉၈] *မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပီညဲရိုး၏ အစီရင်ခံစာ*၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်။

[၁၉၉] *မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၏ ကြေငြာချက်*၊ ၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက် (၉-၉-၂၀၀၇) တနင်္ဂနွေနေ့၊ စာအမှတ် (၁/၂၀၀၇)။

[၂၀၀] *မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၏ ကြေငြာချက်*၊ ၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက် (၉-၉-၂၀၀၇) တနင်္ဂနွေနေ့၊ စာအမှတ် (၁/ ၂၀၀၇)။

[၂၀၁] *သပိတ်ဖြိုခွင်းရန် စစ်တပ်လုံးဝမသုံးရေး၊ စွမ်းအားရှင် ကြံ့ဖွတ်များသာသုံးရေး*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက်။

[၂၀၂] *အင်န်ဒီဒီ ပြည်တွင်းသတင်း*။

[၂၀၃] *Irrawaddy*. 24.8.2007.

[၂၀၄] *နအဖသတင်းစာရှင်းလင်းပွဲ (၂/၂၀၀၇)*၊ မြန်မာ့အလင်းသတင်းစာ၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၄ ရက်။

[၂၀၅] *မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာပီညဲရိုး၏အစီရင်ခံစာ*၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်။)

[၂၀၆] *နအဖသတင်းစာရှင်းလင်းပွဲ (၂/၂၀၀၇)*၊ မြန်မာ့အလင်း၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၄ ရက်။

[၂၀၇] *ငွေကြာယံဆရာတော် ကျောင်းတိုက်ကို ပြန်လည်ရောက်ရှိ သတင်းသုံးနေ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်။

[၂၀၈] *ဂျီတီအိုင်တွင် ဖမ်းဆီးထားသည့် သံဃာတော်များကို ရိုက်နှက်ခဲ့သည့် စွမ်းအားရှင်စာရင်း*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၇ ရက်။

[၂၀၉] *The Story About Poe Suu.* Burma Update By PDC/NCUB. 29 November 2007.

[၂၁၀] *အောင်မြေပါလ ဘုန်းကြီးကျောင်းကို ကြံ့ဖွတ်နှင့် မယက စီးနင်း ဘုန်းတော်ကြီးတစ်ပါးကို ဖမ်းဆီး*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၆ ရက်။

[၂၁၁] *မဂ္ဂင်ကျောင်းတိုက်ပိတ်ရခြင်းအကြောင်း ရဲချုပ်ပြောကြားချက်မမှန်*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်။

[၂၁၂] *ကြံ့ဖွံ့နှင့်စွမ်းအားရှင်အဖွဲ့များ ပြည်သူနှင့်ပူးပေါင်းရန် ကျောင်းသားများတိုက်တွန်း*၊ ခေတ်ပြိုင်ဂျာနယ်၊ ၂၀၀၇ ခုနှစ် ဩဂုတ် ၂၇ ရက်။

[၂၁၃] *ကြံ့ဖွံ့နှင့်စွမ်း အားရှင်အဖွဲ့များ ပြည်သူနှင့်ပူးပေါင်းရန် ကျောင်းသားများတိုက်တွန်း*၊ ခေတ်ပြိုင်ဂျာနယ်၊ ၂၀၀၇ ခုနှစ် ဩဂုတ် ၂၇ ရက်။

[၂၁၄] *နအဖက ကြံ့ဖွံ့ကို သူကောင်းပြုနေပြီ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၆ ရက်။

[၂၁၅] *ဆန္ဒပြပြည်သူများကို အကြမ်းဖက်ခဲ့တဲ့ စွမ်းအားရှင်များကို ရန်ကုန်စည်ပင်မှာ အလုပ်ခန့်နေ*၊ ဒီမိုကရက်တစ်မြန်မာအသံ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၉ ရက်။

[၂၁၆] *ဆန္ဒပြသံဃာတော်များကို ရိုက်နှက်ရာတွင် ပါဝင်ခဲ့သည် ကြံ့ခိုင်ရေးများကို သူရဲကောင်းဆုပေးအပ်*၊ ဒီမိုကရက်တစ်မြန်မာအသံ၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၂၀ ရက်။

[၂၁၇] *သံဃာတော်များကို စော်ကားသူများအား လူမှုထူးချွန်ဆုပေး*၊ ခေတ်ပြိုင်ဂျာနယ်၊ ၂၀၀၈ ခုနှစ်။

[၂၁၈] *ဒီမိုကရေစီရေး ဆက်လက်ကြိုးပမ်းမည်ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများပြော*၊ ရေဝတီ၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်။

[၂၁၉] *အောင်လံ၌ ဒေါ်စုမွေးနေ့ကျင်းပသော အဖွဲ့ချုပ်ဝင်များကို ကြံ့ဖွံ့က လေးခွနှင့်ပစ်*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဇွန်လ ၁၉ ရက်။

[၂၂၀] *ဘုရားပေါ်တက်သူများကို တားဆီးရန် ကြံ့ဖွံ့က အန္တိပ်သမများကို ဆင့်ခေါ်*၊ ခေတ်ပြိုင်ဂျာနယ်၊ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၂ ရက်။

[၂၂၁] *အင်္ဂါနေ့ဝတ်ပြုဆုတောင်းသူများကို ကြံ့ဖွံ့အဖွဲ့ဝင် ၃၀၀ ကျော်က နှောက်ယှက်*၊ ရေဝတီသတင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်။

*ရွှေတိဂုံဘုရားတက် ဆုတောင်းသူများ အကြမ်းဖက်ရိုက်နှက်ခံရ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်။

[၂၂၂] *ဒေါ်စုလွတ်မြောက်ရေး ဆုတောင်းသူများကို တန်ပြန်စုတောင်းသည့် လူတစုက နှောက်ယှက်*၊ ခေတ်ပြိုင်ဂျာနယ်၊ ၂၀၀၇ ခုနှစ် မေလ ၂၅ ရက်။

[၂၂၃] *ဝတ်ပြုဆုတောင်းသူများ နှောက်ယှက်ခံရ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၇ ခုနှစ် မေလ ၂၈ ရက်။

[၂၂၄] *Burma Human Rights Yearbook*. Human Rights Documentation Unit. NCGUB. 1996.

[၂၂၅] *The Second Premilinary Report of the Ad hoc Commission on Depayin Massacre(Burma)*. The Ad hoc commission on Depayin Massacre (Burma). May 2003. p.20.

[၂၂၆] *ဒီပဲယင်းလုပ်ကြံမှု အရေးယူဆောင် ရွက်ရေးကော်မရှင်၊ ဒုတိယအကြိမ် ပဏာမအစီရင်ခံစာ*၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ၊ စာ ၁၃–၁၄။

[၂၂၇] *မင်းလှမြို့နယ် အင်န်အယ်လ်ဒီအဖွဲ့ချုပ် ပုံမှန်အစည်းအဝေး လုပ်ပိုင်ခွင့်ပိတ်၊ ဒေါ်အောင်ဆန်းစုကြည် ကြိုဆိုသူဝန်ထမ်း အလုပ်ဖြုတ်ခံရ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ် မေလ ၇ ရက်။

[၂၂၈] *ဦးအေးသာအောင်၏ ရခိုင်ခရီးစဉ်မှာ ထောက်ခံသူတွေကို ရာထူးမှ ထုတ်ပစ်*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၇ ရက်။

[၂၂၉] *ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ကလေးမြို့ကနေ ဆက်လက်ထွက်ခွာလာခဲ့ရာ ဂန့်ဂေါမြို့သို့ ပြန်လည်ရောက်ရှိ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ် ဧပြီလ ၁၀ ရက်။

[၂၃၀] *ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ချင်းပြည်နယ်ပါတီစည်းရုံးရေးခရီး စတင်ထွက်ခွာ၊ ရန်ကုန် ဗိုလ်ချုပ်ကြီးများ၏လက်အောက်ခံ ဒေသဆိုင်ရာအာဏာပိုင်များ၏ နှောက်ယှက်ခြင်းခံရ*၊ လွတ်လပ် သောအာရှအသံ၊ ၂၀၀၃ ခုနှစ် ဧပြီလ ၃ ရက်။

[၂၃၁] ဒီပဲယင်းလုပ်ကြံမှု အရေးယူဆောင်ရွက်ရေးကော်မရှင်၊ ဒုတိယကြိမ်ပဏာမအစီရင်ခံစာ၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ၊ စာ ၂၂-၂၇။

[၂၃၂] *မုံရွာတွင် နှောက်ယှက်ရန် စောင့်နေတဲ့ ကြံ့ဖွံ့လူငယ်အားလုံးက ဒေါ်အောင်ဆန်းစုကြည်ကို လက်အုပ်ချီကန်တော့*၊ RFA ၊၂၀၀၃ ခုနှစ် မေလ ၂၈ ရက်။

[၂၃၃] ဒီပဲယင်းလုပ်ကြံမှု အရေးယူ ဆောင်ရွက်ရေးကော်မရှင်၊ ဒုတိယအကြိမ် ပဏာမအစီရင်ခံစာ၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ၊ စာ ၂၂-၂၇။

[၂၃၄] *ကချင်ပြည်နယ်ခရီးစဉ်မှာ နှောက်ယှက်တဲ့ အင်အား ၃၀၀ ရှိ ကြံ့ဖွံ့အဖွဲ့ဝင်တွေဟာ တဖွဲ့တည်း ဖြစ်*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ် မေလ ၂၁ ရက်။

[၂၃၅] ဒီပဲယင်းလုပ်ကြံမှု အရေးယူဆောင်ရွက်ရေးကော်မရှင်၊ ဒုတိယအကြိမ် ပဏာမအစီရင်ခံစာ၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ၊ စာ ၂၂-၂၇။

[၂၃၆] *မတ္တရာအဖွဲ့ချုပ်ဝင်များကို ဝိုင်းဝန်းရိုက်နှက်ရန် ကြံ့ဖွံ့အဖွဲ့ဝင်များကြံစည်*၊ ဒီမိုကရက်တစ်မြန်မာ့ အသံ၊ ၂၀၀၇ ခုနှစ် ဧပြီလ ၃၀ ရက်။

[၂၃၇] *အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးလွင်၏ ပြောဆိုချက်များနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၀၂ ဒီဇင်ဘာ(၃၁) ရက်နေ့ သတင်းစာရှင်းလင်းပွဲများအရ*။

[၂၃၈] *ဒေါ်စုခရီးစဉ် မော်တော်ယဉ်အကူအညီပေးခဲ့သူ လိုင်စင်အပိတ်ခံရ*၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်။

[၂၃၉] *The Second Preliminary Report of the Ad hoc Commission on Depayin Massacre (Burma)*. The Ad hoc Commission on Depayin Massacre (Burma). May 2003. p.144.

[၂၄၀] ဒီပဲယင်းလုပ်ကြံမှု အရေးယူဆောင်ရွက်ရေးကော်မရှင်၊ ဒုတိယအကြိမ် ပဏာမအစီရင်ခံစာ၊ ၂၀၀၃ ခုနှစ် မေလ။

[၂၄၁] *Voice of Burma*. Issue No. 607 MAY 27, 2007.

[၂၄၂] *The Second Preliminary Report of the Ad hoc Commission on Depayin Massacre (Burma)*. The Ad hoc Commission on Depayin Massacre (Burma). May 2003. p.197.

[၂၄၃] *The Game Plan of the Nazi Generals in Burma.* Weekly Inside News Commentary No. 227. NDD. 9 December 2005.

[၂၄၄] *USDA is Ready to Be a Legal Political party*. Independent Mon News Agency. 6 October 2003.

[၂၄၅] *Crime Aganist Humanity: Dirty Politics on the Hands of Burmese Junta*. Banya Hongsar. 18 June 2003. Monland.

[၂၄၆] *The USDA Factor: The Thuggish Civilian WIng of the Military Junta Must Not Be Overlooked During Burma's Political Transition*. Min Zin. The Irrawaddy Vol.11, No.6. July 2003.

[၂၄၇] *The Game Plan of the Nazi Generals in Burma.* Weekly Inside News Commentary No. 227. NDD. 9 December 2005.

[၂၄၈] *The USDA Factor: The Thuggish Civilian WIng of the Military Junta Must Not Be Overlooked During Burma's Political Transition*. Min Zin. The Irrawaddy Vol.11, No.6. July 2003.

[၂၄၉] *Mobilization of the Masses: How Much of a Threat is the USDA?* L. Hancock. Burma Issues. 2003.

[၂၅၀] *Letter to Japan Foreign Minister Koumura.* Human Rights Watch. 15 January 2008.

[၂၅၁] *USDA Members Attend Cuban Solidarity Meeting*. Mizzima News. 25 January 2006.

[၂၅၂] UN Officials Concerned by USDA Briefing. Clive Parker. The Irrawaddy. 10 October 2005.

[၂၅၃] NLD Expresses Dismay over ASEAN Envoy's Burma Visit. Democratic Voice of Burma. 25 March 2006.

[၂၅၄] ညောင်နှစ်ပင်ညီလာခံကို ဖေဖော်ဝါရီ ၁၇ ရက်မှာ ပြန်စမယ်လို့ နအဖကြေငြာ၊ ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်။

[၂၅၅] *Interim Report Card: July 2004-February 2005*. Altsean Burma. March 2005.

[၂၅၆] S*PDC Picked USDA Members to Represent Arakan State at the National Convention*. Narinjara News. 11 February 2003.

[၂၅၇] *USDA Members Attend the National Convention*. Democratic Voice of Burma. 10 May 2004.

[၂၅၈] *Money for National Convention Delegates Families*. Democratic Voice of Burma. 17 June 2004.

[၂၅၉] *Compulsory Collections for Convention Families*. Democratic Voice of Burma. 4 June 2004.

[၂၆၀] *The Game Plan of the Nazi Generals in Burma.* Weekly Inside News Commentary No. 227. NDD. 9 December 2005.

------------------------------------------